မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၈ ခုနှစ်၊ နယုန်လပြည့်ကျော် ၈ ရက် | ၂၀၂၆ ခုနှစ်၊ ဇွန် ၇ ရက်၊ တနင်္ဂနွေနေ့ | အတွဲ (၆၅)၊ အမှတ်(၂၄၅)

မိမိအဖို့ အကျိုးများနိုင်

သူတစ်ပါး၏ အပြစ်အနာအဆာကို မကြည့်ပါနှင့်။ မိမိအဖို့ အရေးကြီးသည်ကား မိမိကောင်းမှုကိုလည်းကောင်း၊ မကောင်းမှုကို လည်းကောင်း လုပ်သည်၊ မလုပ်သည်ကိုသာ ကြည့်ရာ၏။ သူတစ်ပါးအပြစ်ကို ကြည့်ခြင်းထက် မိမိအပြစ်ကို ကြည့်ခြင်းကသာလျှင် မိမိအဖို့ အကျိုးများနိုင်သောကြောင့် ဖြစ်၏။

ပုပ္ပဝဂ်(၁၆၄၁-၅၀)

နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့

❖ “ကျောင်း” နှင့် “စာသင်ခန်း”သည် နောင်အနာဂတ်တွင်ပေါ်ထွန်းလာမည့် “အစောဆုံး လူ့အဖွဲ့အစည်း”၊ တစ်နည်းအားဖြင့် “လူ့အဖွဲ့အစည်း၏ အစပြုနေရာ” ပင်ဖြစ်သည်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တောင်ငူကေတုမတီ နန်းမြို့တော်နှင့် နန်းတော်ရာဟောင်း ဖော်ထုတ်ထိန်းသိမ်းခြင်းဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေးစဉ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တောင်ငူဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ သွားရောက်ကြည့်ရှုစစ်ဆေး၊ လိုအပ်သည်များ လမ်းညွှန်မှာကြား

နေပြည်တော် ဇွန် ၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ဇနီး ဒေါ်ကြူကြူလှ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့်ဇနီး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးခင်မောင်ရီ၊ ဦးမြထွန်းဦး၊ ဦးမင်းနောင်၊ ဦးမျိုးဇေသိမ်း၊ ဦးမျိုးသန့်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ လိုက်ပါ၍ တောင်ငူဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများအား သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ဦးစွာ နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် နေပြည်တော်၊ ပျဉ်းမနားဘူတာမှ RBE အထူးရထားတွဲဖြင့် လိုက်ပါစီးနင်း၍ နေပြည်တော်-တောင်ငူ မီးရထားလမ်းပိုင်း အဆင့်မြှင့်တင်ထားရှိမှု၊ မီးရထားလမ်းပိုင်းတစ်လျှောက် သန့်ရှင်းသာယာလှပရေးနှင့် စိမ်းလန်းစိုပြည်ရေးဆောင်ရွက်ထားရှိမှု၊ စိုက်ပျိုးရေးလုပ်ငန်းဆောင်ရွက်ထားရှိမှု၊ ဘူတာအဝင်၊ အထွက်နေရာများ စနစ်တကျရှိစေရေး ဆောင်ရွက်ထားရှိမှု တို့ကို ကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ်

စာမျက်နှာ ၃ ကော်လံ ၁ ◆



မတ္တရာမြို့၌ မြို့ပေါ်ရပ်ကွက်များ ရာနှုန်းပြည့် မီးလင်းပြီ

မတ္တရာ ဇွန် ၆

မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ်၌ လျှပ်စစ်ဓာတ်အား ပြန်လည်ရရှိရေးအတွက် မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း မတ္တရာမြို့နယ်လျှပ်စစ်မန်နေဂျာရုံးမှ တာဝန်ရှိသူများနှင့် ကျွမ်းကျင်ဝန်ထမ်းများက ဆောင်ရွက်ခဲ့ရာ ယခုအခါ မတ္တရာမြို့ပေါ် (၅)ရပ်ကွက်တွင် လျှပ်စစ်ဓာတ်အားရရှိပြီး ရာနှုန်းပြည့် မီးလင်းပြီဖြစ်သည်။

စာမျက်နှာ ၅ ကော်လံ ၅ ❍

ဌာနဆိုင်ရာ ရုံးလုပ်ငန်းသုံးပစ္စည်းများ၊ ဆေးနှင့်ဆေးပစ္စည်းများ တင်ဆောင်လာသည့် မော်တော်ယာဉ်များ ကချင်ပြည်နယ် ရွှေကူမြို့သို့ ရောက်ရှိ

နေပြည်တော် ဇွန် ၆

နိုင်ငံတော်အကြီးအကဲအနေဖြင့် ဒေသတွင်းတည်ငြိမ်အေးချမ်းရေးနှင့် လူမှုစီးပွားဘဝများ အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်လာစေရေး လုပ်ငန်းစဉ်များကို အစဉ်တစိုက် ကြိုးပမ်းဆောင်ရွက်ရန် လမ်းညွှန်ထားပြီးဖြစ်ရာ တပ်မတော်အနေဖြင့် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များကို အကောင်အထည်ဖော်ရန်အတွက် ဒေသတွင်းဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများဆောင်ရွက်ရန် လိုအပ်သည့် တည်ဆောက်ရေးလုပ်ငန်းသုံး ပစ္စည်းများ၊ ပညာရေးကဏ္ဍမြှင့်တင်ရန် ကျောင်းသုံးပြဋ္ဌာန်းစာအုပ်များနှင့် စာရေးကိရိယာများ၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအတွက် ဆေးနှင့်ဆေးပစ္စည်းများကို

စာမျက်နှာ ၅ ကော်လံ ၁ ❑



ယနေ့ ဖတ် ၀ ရာ

အပြောင်းအလဲနှင့်အတူ ထိရောက်မှုရှိ ချွေတာရာရောက်သည့် EV ဥပမာ

ဆောင်းပါး | စာ ၈

သတိပြုမှ ဘေးကင်းမည့် မိုးသက်လေပြင်းနှင့် မုန်တိုင်းအန္တရာယ်

ဆောင်းပါး | စာ ၁၀

ပညာရေးအပေါ် အကြမ်းဖက်မှု အမြန်ဆုံးပျက်စီး ပျောက်ကွယ်ရမည်

၂၀၂၁ ခုနှစ် နိုင်ငံရေး အပြောင်းအလဲတွင် ဆူပူဆန္ဒပြမှုများကို နောက်ကွယ်မှ ကြိုးကိုင်သူများက နိုင်ငံဝန်ထမ်းများ အလုပ်ခွင် မဝင်ရေး၊ ကျောင်းသူ ကျောင်းသားများ ကျောင်းမတက်ရေးတို့ကို ၎င်းတို့၏ ရည်မှန်းချက် အောင်မြင်ရေးအတွက် ဆူပူဆန္ဒပြသူများအား လိုင်းချပေးခဲ့ရာ ၎င်းအချက်နှစ်ချက်က မည်သည့်အစိုးရ တက်သည်ဖြစ်စေ နိုင်ငံ့တာဝန်ထမ်းဆောင်ကြရသည့် နိုင်ငံ့ဝန်ထမ်းများနှင့် ကျောင်းဆရာ ဆရာမများ၊ ကျောင်းသူ ကျောင်းသားများ၊ မိဘများအတွက် ကြီးမားသည့် အန္တရာယ်ဖြစ်လာသည်။ PDF အမည်ခံ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ ဖြစ်လာကြသည့်အခါ နိုင်ငံ့ဝန်ထမ်းများနှင့် ကျောင်းဆရာ ဆရာမများကို ရန်သူသဖွယ် သတ်မှတ်ပြီး ဖမ်းဆီးခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်း၊ ရက်စက်စွာ သတ်ဖြတ်ခြင်းတို့ကို ဆင်ခြင်ဉာဏ်ကင်းမဲ့စွာ ကျူးလွန်ခဲ့ကြသည်။

ကျောင်းနေအရွယ်ကလေးများ၏ ပညာသင်ယူမှုနှင့် သင်ကြားပေးမှုတို့ကို တားဆီးပိတ်ပင်ခြင်းသည် လူ့အခွင့်အရေး၊ ကလေးသူငယ် အခွင့်အရေးတို့ကို ချိုးဖောက်ခြင်းပင် ဖြစ်သည်။ ထို့အပြင် စစ်ရေးပစ်မှတ်မဟုတ်သည့် ပညာရေးကဏ္ဍကို ဦးတည်တိုက်ခိုက်ခြင်းသည်လည်း စစ်ရာဇဝတ်မှုကို ကျူးလွန်ခြင်းဖြစ်သည်။ ယခု ရက်ပိုင်းအတွင်း စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ဝက်လက်၊ ခင်ဦး စသည့် မြို့နယ်များနှင့် မကွေးတိုင်းဒေသကြီးရှိ ဂန့်ဂေါခရိုင် ကျောမြို့တို့တွင် PDF အမည်ခံ အကြမ်းဖက်သမားများက စာသင်ကျောင်းများ၊ ဆရာ ဆရာမများ၊ ကျောင်းသူ ကျောင်းသားများ၊ ကလေးများ ပညာသင်ကြားနိုင်ရေး ဆောင်ရွက်ပေးနေကြသည့် ဆရာတော်သံဃာတော်များ၊ ရပ်ဝိရပ်ဖများအပေါ် ရက်စက်ယုတ်မာစွာ အကြမ်းဖက်တိုက်ခိုက်သတ်ဖြတ်မှုများမှာ တော်လှန်ရေး အမည်ခံထားသည့် အကြမ်းဖက်အဖွဲ့များ၏ ရက်စဖွယ် သူရဲဘောကြောင်သော လုပ်ရပ်များပင်ဖြစ်သည်။

ပြီးခဲ့သည့် ဇွန် ၃ ရက် မွန်းလွဲပိုင်းက စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့ အမှတ်(၃)ရပ်ကွက် ရွှေအိုးကွင်းရပ်ရှိ အခြေခံပညာ အထက်တန်းကျောင်းအနီးသို့ PDF အကြမ်းဖက်သမားများက ဒရုန်းယာဉ် နှစ်စင်းဖြင့် ဗုံးသီးလေးလုံး ပစ်ချတိုက်ခိုက်ခဲ့ရာ စာသင် ကျောင်းအတွင်း ပညာသင်ကြားနေသည့် အသက် ၁၄ နှစ်အရွယ် အဋ္ဌမတန်း ကျောင်းသားတစ်ဦး ဒဏ်ရာရရှိခဲ့သည်။ ထို့အတူ ဇွန် ၆ ရက် နံနက်ပိုင်းတွင် မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင် ကျောမြို့ ရှိ အခြေခံပညာအထက်တန်းကျောင်း(ကျော)တွင် ကျောင်းပတ်ဝန်း ကျင် သာယာလှပရေး စုပေါင်းဆောင်ရွက်နေကြသည့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံပြည်သူများကို လက်နက်ငယ်များဖြင့် လာရောက်ပစ်ခတ်တိုက်ခိုက်ခဲ့ခြင်းကြောင့် Grade-11 ကျောင်းသားတစ်ဦး ညာဘက်ရင်ဘတ်မှ ကျောသို့ ကျည်ဖောက်ဝင် ဒဏ်ရာရရှိခဲ့သည်။

တက္ကသိုလ်၊ ကောလိပ်များ၊ အခြေခံပညာစာသင်ကျောင်းများ စသည့် ပညာရေးရပ်ဝန်းများမှာ စစ်ရေးနှင့်မသက်ဆိုင်သည့် နေရာများသာဖြစ်သည့်အလျောက် ကလေးများနှင့် လူငယ်များ အေးချမ်းစွာ ပညာသင်ယူနိုင်သည့် ငြိမ်းချမ်းသော နေရာများသာ ဖြစ်စေသင့်သည်။ ၂၀၂၃ ခုနှစ် နိုဝင်ဘာလအတွင်းက ကယားပြည်နယ် လွိုင်ကော်မြို့ လွိုင်ကော်တက္ကသိုလ်ကို KNPPနှင့် PDF အကြမ်းဖက် အဖွဲ့များက လက်နက်ကြီး လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ကာ ပညာရေးဆိုင်ရာ ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများကို အဓမ္မ ဖမ်းဆီးခေါ်ဆောင်ခြင်း၊ ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလအတွင်း စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ ကလေးတက္ကသိုလ်ရှိ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများကို PDF အမည်ခံ အကြမ်းဖက်သမားများက အဓမ္မဖမ်းဆီးခေါ်ဆောင်ခြင်းတို့အပါ အဝင် ပညာရေးကဏ္ဍအပေါ် အကြမ်းဖက်မှုများစွာကို ယခင်မှ ယခု အထိ ဒေသအနှံ့တွင်ကျူးလွန်နေကြဆဲဖြစ်သည်။

နိုင်ငံတကာသဘောတူစာချုပ်များဖြစ်သည့် ဂျီနီဗာသဘော တူညီချက်(Geneva Conventions) အရ ဥပဒေမဲ့ ရည်ရွယ်ချက်ရှိရှိ သတ်ဖြတ်ခြင်း၊ နှိပ်စက်ခြင်း၊ လူမဆန်စွာပြုမူခြင်း၊ ကိုယ်ခန္ဓာ သို့မဟုတ် ကျန်းမာရေးကို ပြင်းထန်စွာ ထိခိုက်စေရန် ရည်ရွယ် ပြုလုပ်ခြင်း၊ စစ်ရေးအရလိုအပ်ကြောင်း မခိုင်လုံဘဲ အဆောက်အအုံ၊ အိမ်ရာများ ဖျက်ဆီးခြင်း၊ ဓားစာခံမဖမ်းဆီးခြင်း၊ တရားဥပဒေမဲ့ ပြည်နှင်ခြင်း၊ ချုပ်နှောင်ခြင်းတို့သည် စစ်ရာဇဝတ်မှုများဖြစ်သကဲ့သို့ ၁၉၉၈ ခုနှစ်၊ ရောမဥပဒေ (Rome Statute of 1998) အရလည်း အရပ်သားပြည်သူ သို့မဟုတ် စစ်ပွဲတွင်တိုက်ရိုက် ပါဝင်ပတ်သက်ခြင်း မရှိသူကို ရည်ရွယ်ချက်ရှိရှိ ပစ်မှတ်ထားတိုက်ခိုက်ခြင်း၊ အရပ်သားများ သေဆုံးဒဏ်ရာရစိုင်းသည်ကို သိလျက်နှင့် ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်ခြင်း၊ ခုခံမှုကင်းမဲ့နေသည့် မြို့ရွာ၊ နေအိမ်၊ အဆောက်အအုံများ၊ ဆေးရုံ၊ ဘာသာရေး အဆောက်အအုံ၊ ပညာရေးအဆောက် အအုံများကို ပစ်မှတ်ထားတိုက်ခိုက်ခြင်းတို့မှာ စစ်ရာဇဝတ်မှု များပင်ဖြစ်သည်။

ပညာရေးကဏ္ဍအပေါ် အကြမ်းဖက်မှုများစွာ ကျူးလွန်ခဲ့ကြသည့် စစ်ရာဇဝတ်မှုကျူးလွန်သူ အကြမ်းဖက်သမားများ အလျင် အမြန် ပျက်စီးပျောက်ကွယ်ကြရမည်ဖြစ်သည့်အကြောင်း။ ။

၂၀၂၆ ခုနှစ် တရုတ်ရုပ်ရှင်ပြပွဲ ရက်သတ္တပတ်အစီအစဉ် ကျင်းပပြုလုပ်မည်

နေပြည်တော် ဇွန် ၆

မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့အကြား ပိုမိုချစ်ကြည်ရင်းနှီးစေရေး၊ ယဉ်ကျေးမှုဖလှယ်ရေးနှင့် ပြည်သူများအကြား ထိတွေ့ဖလှယ်မှု မြှင့်တင်နိုင်ရေးတို့ကို ရည်ရွယ်၍ “ ၂၀၂၆ ခုနှစ် တရုတ်ရုပ်ရှင်ပြပွဲ ရက်သတ္တပတ်အစီအစဉ်” ကို ဇွန် ၈ ရက်မှ ၁၁ ရက်အထိ နေပြည်တော် ဥတ္တရသီရိမြို့နယ် Ocean ဈေးဝယ်စင်တာရှိ JCGV ရုပ်ရှင်ရုံ ၌ ကျင်းပ ပြုလုပ်မည်ဖြစ်သည်။

အဆိုပါ ရုပ်ရှင်ပြပွဲတွင် မြန်မာဘာသာစာတမ်းထိုး တရုတ် ရုပ်ရှင်ဇာတ်ကား ၇ ကား ပြသသွားမည်ဖြစ်ရာ ပြည်သူများ အခမဲ့ လာရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။ သတင်းစဉ်



မုတ်သုံလေ အားကောင်းနေ

နေပြည်တော် ဇွန် ၆

ကပ္ပလီ ပင်လယ်ပြင်နှင့် ဘင်္ဂလား ပင်လယ်အော်တို့တွင် မုတ်သုံလေ အားကောင်း နေသည်။ ဘင်္ဂလား ပင်လယ်အော် အနောက်တောင်ပိုင်းတွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကပ္ပလီ ပင်လယ်ပြင်နှင့် ကျန် ဘင်္ဂလား ပင်လယ်အော်တို့တွင် တိမ်ထူထပ်နေသည်။ မိုး/ဓလေ

၆ - ၆ - ၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉ . ၂၅ ဂရမ် / ကုဗစင်တီမီတာနှင့် အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၁၅ ဂရမ်) ၏ ဈေးနှုန်းမှာ ၇၀၅၀၀၀ ကျပ် ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး သတ်မှတ်ရေးကော်မတီ

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၇ - ၆ - ၂၀၂၆

ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	မုံရွာ	ပုသိမ်	မြစ်ကြီးနား	စစ်တွေ	ဘားအံ	ဖော်လမြိုင်	လားရှိုး	တောင်ကြီး	လွိုင်ကော်	ဟားခါး
92 Ron	၄၅၄၅	၄၅၁၅	၄၄၆၀	၄၃၆၀	၄၃၂၀	၄၅၃၀	၄၅၇၅	၄၄၃၅	၄၅၇၅	၄၈၅၀	၄၄၆၀	၄၅၅၀	၄၅၅၅	၄၅၁၀	၄၅၁၅	၄၇၃၅
95 Ron	၄၃၈၅	၄၅၆၀	၄၅၀၅	၄၄၀၅	၄၅၆၀	၄၅၇၅	၄၆၁၅	၄၄၀၀	၄၆၁၅	၄၉၁၅	၄၅၀၀	၄၆၅၅	၄၆၀၀	၄၅၅၅	၄၅၆၀	၄၇၀၀
HSD (500 ppm)	၄၂၂၀	၄၃၀၀	၄၃၃၀	၄၂၈၅	၄၃၀၅	၄၃၀၅	၄၃၀၅	၄၃၀၅	-	၄၇၂၀	၄၃၂၅	၄၇၂၀	၄၄၂၀	၄၃၀၅	၄၃၀၅	၄၅၀၅
HSD (50 ppm)	၅၁၁၅	၅၂၉၀	၅၂၃၅	၅၁၃၀	၅၂၉၀	၅၁၀၅	၅၁၄၅	၅၁၂၀	၅၁၀၅	၅၆၁၅	၅၂၃၀	၅၁၀၅	၅၁၃၀	၅၂၀၀	၅၂၉၀	၅၅၁၀
HSD (10 ppm)	၅၁၁၅	၅၂၉၀	၅၂၃၅	၅၁၃၀	၅၂၉၀	၅၁၀၅	၅၁၄၅	၅၂၀၀		၅၆၁၅	၅၂၃၀	၅၁၀၅	၅၂၃၀	၅၂၀၀	၅၂၉၀	၅၅၁၀

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၄၁၁၉	၄၂၃၅
95 Ron	၄၁၆၀	၄၂၇၇
HSD (500 ppm)	၄၀၁၀	၄၁၂၀
HSD (50 ppm)	၄၈၆၇	၄၉၉၄
HSD (10 ppm)	၄၈၆၇	၄၉၉၄

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၄၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၆၈၀၅၈၉၈၈၈

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

မြန်မာ့အလင်း

စာတည်းမှူးချုပ် - ဟန်လင်းအောင်
စာတည်းမှူး - ခင်ရတနာ
စာတည်းများ - ကျော်ဇေယျာမြင့်၊ နေဇာဇာထွန်း
ဘာသာပြန်စာတည်း - ခြူးစန်နွေး၊ တင်လင်းအောင်၊ ဇော်ဝိုင်းအောင်၊ ဝေသူနွယ်
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - ဇော်မင်းသန်းနှင့် အဖွဲ့
အကြီးတန်း - ကျော်သူဝင်း၊ တင်မောင်လွင်၊ သတင်းထောက်များ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
ဓာတ်ပုံသတင်းထောက် - တင်စိုး
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - မိုမိုအေးနှင့် ခွန့်မွန်တို့အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့

နေပြည်တော်-ဒုတိယစာတည်းမှူးချုပ် ၀၆၇-၃၆၁၄၅၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၄၁၊ ဖက်စ် ၀၆၇-၃၆၁၄၄၁၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဒိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၀၄၊ စီမံ ၀၁-၅၄၄၃၀၅၊ ဌေးရင်း ၀၁-၅၄၄၃၀၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၀၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၄၁၊ ဖြန့်ချိရေး ၀၁-၅၄၄၃၀၇၊ Fax ၀၁-၈၆၀၄၅၆။

ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@gmail.com

MYANMAR Digital News Presented by NPE
www.mdn.gov.mm

◆ ရွှေဖုံးမှ

မီးရထားပို့ဆောင်ရေးလုပ်ငန်းဥပဒေနှင့်အညီ စနစ်တကျ ထိန်းသိမ်းဆောင်ရွက်သွားရန်လိုကြောင်း၊ အသုံးပြုခြင်းမရှိသည့် မီးရထားသံလမ်းများအား ပြန်လည်ထိန်းသိမ်းဆောင်ရွက်သွားရန်လိုကြောင်း၊ ရထားသွားလာရေးစနစ်တွင် လမ်းများသည် အဓိကကျသည့်အတွက် လမ်းများ ကောင်းမွန်အောင် အလေးထား ဆောင်ရွက်သွားရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ယင်းနောက် တောင်ငူဘူတာသို့ ရောက်ရှိကြရာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးကျော်ထက်နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

တောင်ငူမြို့ရှောင် ရထားလမ်းဖောက်လုပ်

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် တောင်ငူမြို့ရှောင်ရထားလမ်းနှင့် တောင်ငူဘူတာအသစ်ဆောက်လုပ်မည့်နေရာအား သွားရောက်ကြည့်ရှုစစ်ဆေးရာ ပို့ဆောင်ရေးဝန်ကြီးဌာန၊ ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦးနှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်သမ္မတက မြို့ရှောင်ရထားလမ်းဖောက်လုပ်ရာတွင် ရေထွက်ပေါက်များနှင့် ရထားလမ်းတာပေါင်များ စနစ်တကျဖြင့် ခိုင်ခိုင်ခံ့ခံ့ဖြစ်စေရေးဆောင်ရွက်ရန်၊ ဘူတာသစ်ဆောက်လုပ်ရာတွင်လည်း နောင်တစ်ချိန်တွင် ဖြစ်ပေါ်တိုးတက်လာနိုင်သည့် မီးရထားခရီးစဉ်များနှင့် ခရီးသွားဦးရေကို ကြိုတင်တွက်ဆ၍ တွက်ချက်တည်ဆောက်သွားရန်လိုပြီး မီးရထားစင်္ကြံများနှင့် မီးရထားယာဒင်များကိုလည်း စနစ်တကျ တည်ဆောက်သွားရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

တောင်ငူခရိုင်အားကစားကွင်း အဆင့်မြှင့်တင်နိုင်ရေးဆောင်ရွက်နေမှု

ဆက်လက်၍ တောင်ငူခရိုင် အားကစားကွင်းသို့ ရောက်ရှိကြရာ အားကစားရေးရာဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်တို့က တောင်ငူအားကစားကွင်းအား အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်သွားနိုင်မည့်အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်သမ္မတက အားကစားကွင်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် မြို့တွင်းနေထိုင်သည့်လူဦးရေ၊ လာရောက်ကြည့်ရှုမည့် ပွဲကြည့်သူဦးရေတို့အပေါ် မူတည်တွက်ချက်၍ ၎င်းနှင့်ကိုက်ညီမည့် အဆင့်မီသည့်ပွဲကြည့်စင်များဖြစ်စေရေး ဆောင်ရွက်သွားရန်လိုကြောင်း၊ ထို့ပြင် နောင်တွင် တိုးတက်ဖြစ်ပေါ်လာမည့် လူဦးရေနှင့် မြို့ပြဖွံ့ဖြိုးတိုးတက်မှုနှင့် ကိုက်ညီစွာဖြင့် တိုးချဲ့အဆင့်မြှင့်တင်နိုင်ရေးအတွက် လည်း ကြိုတင်ထည့်သွင်းစဉ်းစားဆောင်ရွက်သွားရန်လိုကြောင်းနှင့် အားကစားကွင်း အဆင့်မြှင့်တင်ဆောင်ရွက်သွားနိုင်ရေး အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ယင်းနောက် တောင်ငူမြို့အားကစားကွင်းနှင့် ပွဲကြည့်စင်အား ကြည့်ရှုစစ်ဆေးခဲ့ပြီး အဆင့်မြှင့်တင်ဆောင်ရွက်သွားမည့် အခြေအနေများနှင့်ပတ်သက်၍ တာဝန်ရှိသူများကို လမ်းညွှန်မှာကြားသည်။

ကေတုမတီမြို့ဟောင်းနှင့်ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ ပြန်လည်ဖော်ထုတ်ထိန်းသိမ်းရေး

ထို့နောက် ကေတုမတီမြို့ဟောင်း ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များနှင့် မြို့ရိုး၊ ကျုံးနှင့် နန်းတော်ရာ ပြန်လည်ဖော်ထုတ်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။ ဦးစွာ နိုင်ငံတော်သမ္မတသည် တောင်ငူကေတုမတီ နန်းမြို့တော်နှင့် နန်းတော်ရာဟောင်း ဖော်ထုတ်ထိန်းသိမ်းခြင်း ဆောင်ရွက်နေမှု၊ အနောက်ဘက်မြို့ရိုးစင်တံခါးအနီး မြို့ရိုးဖော်ထုတ်ထိန်းသိမ်းခြင်း ဆောင်ရွက်နေမှု၊ မြောက်ဘက်ကျုံးနေရာတွင် ကျုံးမြို့ရိုးနှင့် ခွကျုံးများ တူးဖော်ထားရှိမှု၊ ရေကျုံးနံရံပြုပြင်ထိန်းသိမ်းခြင်းနှင့် ကျောက်စီထားရှိမှု၊ ကျုံးရိုးလျှောက်လမ်းများ လက်ရန်းတပ်ဆင်ခြင်း၊ ကွန်ကရစ်ဘလောက်တုံးခင်းခြင်း၊ မြေယာရှာဖွေလုပ်ဆောင်ခြင်းများ ဆောင်ရွက်ထားရှိမှုတို့ကို နေရာတစ်ခုချင်းစီအလိုက် လိုက်လံကြည့်ရှုစစ်ဆေးရာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ထိုသို့ ကြည့်ရှုစစ်ဆေးစဉ် တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်သမ္မတက မိမိတို့၏ သမိုင်းကြောင်းအရ အထင်ကရရှိခဲ့သည့် ဘုရင့်နန်းတော်များ၊ နန်းမြို့ရိုးများနှင့် ကျုံးများသည် တန်ဖိုးမဖြတ်နိုင်သည့် ရှေးဟောင်းအမွေအနှစ်များဖြစ်သည့်အတွက် တတ်စွမ်းသမျှ ဖော်ထုတ်ထိန်းသိမ်းစောင့်ရှောက်သွားနိုင်ရန်လိုကြောင်း၊ နိုင်ငံတော်၏ သမိုင်းကြောင်းဆိုင်ရာ အထောက်အထားများကို ဖော်ထုတ်ကာကွယ် ထိန်းသိမ်းစောင့်ရှောက်ခြင်းသည် နိုင်ငံ၏တနိုဖိုးပင်ဖြစ်ကြောင်း၊ ကေတုမတီနန်းတော်ရာမြို့ရိုးနှင့်ကျုံးတို့သည် ဒဏ္ဍာရီမဟုတ်ဘဲ အမှန်တကယ်ရှိခဲ့သည့် သမိုင်းကြောင်းအစဉ်အလာကြီးများခဲ့သည့် ရှေးဟောင်းအမွေအနှစ်တစ်ခုဖြစ်သည့်အတွက် စနစ်တကျသုတေသနပြုလုပ်၍ ဖော်ထုတ်ထိန်းသိမ်းခြင်းများ ဆောင်ရွက်သွားရန် လိုကြောင်း၊ ရှေးဟောင်းအမွေအနှစ်နေရာများကို ဥပဒေနှင့်အညီ ကာကွယ်ထိန်းသိမ်းဆောင်ရွက်သွားရန်လိုကြောင်း၊ ကျုံးကူးတံတားများနှင့် ဆက်စပ်လျက်ရှိသည့် လမ်းများပြန်လည်ဖော်ထုတ်တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း ရှေးမူမပျက် မူလပုံစံများအတိုင်းဖြစ်ရန်နှင့် ရေရှည်တည်တံ့ခိုင်မြဲရှိရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားပြီး ကေတုမတီနန်းမြို့ရိုးတစ်လျှောက် မော်တော်ယာဉ်များဖြင့် ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ဆက်လက်၍ တောင်ငူမြို့နယ် နှစ်ဆောင်မြို့ကျေးရွာအနီး၌ စိုက်ပျိုးရေးမွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနမှ နွေစပါးစိုက္ခကာရိတ်သိမ်းခြင်းဆောင်ရွက်နေမှု၊ သီးနှံပင်များအတွက် အလွယ်တကူသုံးစွဲနိုင်သည့် တန်ဖိုးနည်းသဘာဝပိုးသတ်ဆေးနှင့် အာဟာရဖျော်ရည်များ ထည့်သွင်း၍ မြေပြုပြင်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုနှင့် စပါးခွံမီးသွေးထုတ်လုပ်မှု သရုပ်ပြသခြင်း ဆောင်ရွက်နေမှုတို့ကို သွားရောက်ကြည့်ရှုပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် လာရောက်လေ့လာကြသည့် တောင်သူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံကာ စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို မေးမြန်း အားပေးစကားပြောကြားပြီး မျိုးစပါးများရရှိရေး၊ ပန်းတိုင်အထွက်နှုန်းများ ရရှိစေရေး၊ သီးထပ်စွမ်းအားများ ကောင်းမွန်မှုရှိစေရေးတို့နှင့် ပတ်သက်၍ ဆွေးနွေးအကြံပြု ပြောကြားသည်။

တောင်ငူခရိုင်ဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးမှာကြား

ထို့နောက် နိုင်ငံတော်သမ္မတသည် ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင်အတွင်းရှိ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား နယ်မြေခံလေတပ် ဧည့်ခန်းမဆောင်၌ တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားသည်။

ဦးစွာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်က တိုင်းဒေသကြီးအတွင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ မိုးစပါးစိုက်ပျိုးရေးဆောင်ရွက်လျက်ရှိမှု၊ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှာကြားချက်များအပေါ် လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှု၊ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများ အဆင့်မြှင့်တင်ဆောင်ရွက်နိုင်ရေးအတွက် ကေကွက်များအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှု၊ တောင်ငူခရိုင်အတွင်း နှစ်အလိုက် မိုးရွာသွန်းမှုအခြေအနေများ၊ စိုက်ပျိုးမြေများအား စနစ်တကျအသုံးချဆောင်ရွက်လျက်ရှိမှု၊ သီးထပ်စွမ်းအားနှင့် သီးနှံစိုက်စွမ်းအားတိုးတက်စေရေး စိုက်ပျိုးလျက်ရှိမှု၊ တစ်ဧကပန်းတိုင်အထွက်နှုန်း ရရှိအောင်စိုက်ပျိုးဆောင်ရွက်နိုင်မှု၊ မိုးသီးနှံများ စိုက်ပျိုးလျက်ရှိမှု၊ ရေကြီးရေလျှံမှုများ မဖြစ်ပေါ်စေရေး ကြိုတင်ဆောင်ရွက်လျက်ရှိမှု၊ တိုင်းဒေသကြီးအတွင်း ဒေသဝန်းစာဖူလုံမှု၊ ရေဆင်းပေါ်ဆန်းစပါး စိုက်ပျိုးရန် လျာထားဆောင်ရွက်လျက်ရှိမှု၊ ဆီထွက်သီးနှံများ ပိုမိုစိုက်ပျိုးနိုင်မှုနှင့် ဆီဖူလုံမှုများတိုးတက်လာမှု၊ ပဲစိုက်ပျိုးထုတ်လုပ်မှုများ တိုးတက်လာမှုရိုက်စတာကော်ဖီများ စိုက်ပျိုးနိုင်ရေး ဆောင်ရွက်လျက်ရှိမှု၊ ဟင်းသီးဟင်းရွက်များနှင့် တစ်အုပ်တစ်မစိုက်ခင်းများ စတင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှု၊ သဘာဝဗေဒြာများ ထုတ်လုပ်လျက်ရှိမှု၊ Drum Seeder များ ထုတ်ပေးထားရှိမှု၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ ဒေသကြက်မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ ဒေသအလိုက်အသားယူလုံမှု၊ MSME လုပ်ငန်းများမှ ထွက်ရှိသည့် ထုတ်ကုန်များအား ပြည်ပသို့တင်ပို့နိုင်မှု၊ ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးဆောင်ရွက်လျက်ရှိမှု၊ ကျန်းမာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်လျက်ရှိမှု၊ ကျေးလက်လူမှု စီးပွားဘဝတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ ၂၀၂၆-၂၀၂၇ ခုနှစ်အတွင်း မိုးသီးနှံများစိုက်ပျိုးရန် လျာထားဆောင်ရွက်လျက်ရှိမှု၊ မိုးရာသီအတွင်း စပါးအမျိုးအစားများအလိုက် စိုက်ပျိုးလျက်ရှိမှု၊ မြေဆီလွှာဖွံ့ဖြိုးရေးလုပ်ငန်း ဖြစ်ထွန်းအောင် ဆောင်ရွက်လျက်ရှိမှု အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

စာမျက်နှာ ၄ သို့



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တောင်ငူမြို့ရှောင်ရထားလမ်းနှင့် တောင်ငူ ဘူတာအသစ်ဆောက်လုပ်မည့်နေရာအား ကြည့်ရှုစစ်ဆေးစဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းဆောင်ရွက်မည့် တောင်ငူအားကစားကွင်းအား ကြည့်ရှုစစ်ဆေးစဉ်။



ဒေသဖွံ့ဖြိုးရေး ဆွေးနွေး

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင်အတွင်းရှိ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာများ ဆွေးနွေး ပြောကြားစဉ်။

စာမျက်နှာ ၃ မှ

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်သမ္မတက စိုက်ပျိုးရေးလုပ်ငန်းများအတွက် စက်ယန္တရားများ အသုံးပြု၍ ဧကကွက်များဖော်ဆောင်၍ ဆောင်ရွက်မည်ဆိုပါက များစွာအထောက်အကူပြုမည်ဖြစ်သဖြင့် တောင်သူများအား စည်းရုံးဆောင်ရွက်သွားရန် လိုကြောင်း၊ ကော်ဖီစိုက်ပျိုးရာတွင် ကော်ဖီသည် တိုင်းပြည်အတွက် ထုတ်ကုန်အဖြစ် ရည်ရွယ်ဆောင်ရွက်နေခြင်းဖြစ်သဖြင့် ပိုမိုစိုက်ပျိုးထုတ်လုပ်နိုင်မည်ဆိုပါက များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း ဖြည့်စွက်မှာကြားသည်။

ဆက်လက်၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က တောင်ငူမြို့ မြို့သစ်ဖော်ဆောင်ရေးအတွက် Town Plan ရေးဆွဲဆောင်ရွက်ထားရှိမှု၊ မြို့သစ်စီမံကိန်းအတွင်း မီးရထားလမ်းအသစ် ဖောက်လုပ်ရေးဆောင်ရွက်ထားရှိမှု၊ အုပ်ချုပ်မှုဆိုင်ရာအစိုးရရုံး ဌာနများ၊ ဆေးရုံများ၊ စာသင်ကျောင်းများ၊ ဝန်ဆောင်မှုဆိုင်ရာနေရာများ၊ အပန်းဖြေရန်နေရာများ၊ စိမ်းလန်းနေရာများ ထည့်သွင်းဆောင်ရွက်ထားရှိမှုတို့နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြား

ယင်းနောက် နိုင်ငံတော်သမ္မတက တောင်ငူဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးပြောကြားရာတွင် မိမိအနေဖြင့် တောင်ငူခရိုင်ကို အထူးဖွံ့ဖြိုးရေးဇုန်အဖြစ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး နေပြည်တော်နှင့်ဆက်စပ်၍ ဒေသဖွံ့ဖြိုးရေးဆိုင်ရာများကို ဖော်ဆောင်ပေးလျက်ရှိကြောင်း၊ တောင်ငူဒေသကို ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ခြင်းအားဖြင့် ဒေသနှင့်ဆက်စပ်လျက်ရှိသည့် အခြားဒေသများမှ ပြည်သူများသည်လည်း မိမိတို့ဒေသအတွက် ကြိုးစားလိုစိတ်များ ဖြစ်ပေါ်လာမည်ဖြစ်ကြောင်း၊ တောင်ငူဒေသတွင် နေထိုင်သူများအနေဖြင့် မိမိတို့ဒေသအား ဖွံ့ဖြိုးတိုးတက်မှုရှိစေရေး မည်ကဲ့သို့ဆောင်ရွက်သွားမည်ကို စဉ်းစားဆောင်ရွက်သွားနိုင်ရန်ဖြစ်ကြောင်း၊ တောင်ငူဒေသတွင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို အဓိကဆောင်ရွက်နေကြခြင်းဖြစ်သော်လည်း ရေရှည်တွင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်း၊ MSME လုပ်ငန်းများကို အားပေးဆောင်ရွက်သွားနိုင်ရန်လိုကြောင်း၊ ဒေသအလိုက် ဒေသတွင်း စားရေးဖူလုံမှုအပြင် ပြင်ပသို့ရောင်းချနိုင်ရေးအတွက်လည်း ဆောင်ရွက်သွားနိုင်ရန်လိုကြောင်း၊ စိုက်ပျိုးရေးကို အခြေခံသည့် စက်မှုကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေး ဆောင်ရွက်သွားခြင်းဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်သွားနိုင်ရန် လိုကြောင်း။

တောင်ငူဒေသတွင် ဆန်ဖူလုံမှုရှိပြီးဖြစ်သည့်အတွက် ဆန်ထုတ်လုပ်ခြင်းမှရရှိလာသည့် ဖွဲ၊ ဆန်ကွဲများကို အသုံးပြု၍ တိရစ္ဆာန်အစာများထုတ်လုပ်ခြင်း၊ ဖွဲနုဆီထုတ်လုပ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်သွားနိုင်ကြောင်း၊ ဒေသ၏ အခြေခံအရင်းအမြစ်ကောင်းများကို အသုံးချ၍ ရေကြီးရေနက်ကွင်းများ၌လည်း ငါးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်နိုင်

❏ **တောင်ငူဒေသတွင် ဆန်ဖူလုံမှုရှိပြီးဖြစ်သည့်အတွက် ဆန်ထုတ်လုပ်ခြင်းမှ ရရှိလာသည့် ဖွဲ၊ ဆန်ကွဲများကို အသုံးပြု၍ တိရစ္ဆာန်အစာများထုတ်လုပ်ခြင်း၊ ဖွဲနုဆီထုတ်လုပ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်သွားနိုင်၊ ဒေသ၏ အခြေခံအရင်းအမြစ်ကောင်းများကို အသုံးချ၍ ရေကြီးရေနက်ကွင်းများ၌လည်း ငါးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်နိုင်**



စဉ် | အကြောင်းအရာ | ၂၀၂၀-၂၀၂၁ | ၂၀၂၁-၂၀၂၂ | ၂၀၂၂-၂၀၂၃ | ၂၀၂၃-၂၀၂၄ | ၂၀၂၄-၂၀၂၅ | ၂၀၂၅-၂၀၂၆

စဉ်	အကြောင်းအရာ	၂၀၂၀-၂၀၂၁	၂၀၂၁-၂၀၂၂	၂၀၂၂-၂၀၂၃	၂၀၂၃-၂၀၂၄	၂၀၂၄-၂၀၂၅	၂၀၂၅-၂၀၂၆
၁	စပါးစိုက်ဧကာ	၅၂၆၃၁၁	၅၃၀၅၆၅	၅၃၀၇၅၀	၅၄၀၁၃၃	၅၄၀၀၉၃	၅၄၀၆၁၁
၂	ရိတ်ဧကာ	၅၂၆၃၁၁	၅၃၀၅၆၅	၅၃၀၇၅၀	၅၄၀၁၃၃	၅၄၀၀၉၃	၅၄၀၆၁၁
၃	အထွက်နှုန်း	၈၁.၉၈	၈၂.၄၃	၈၂.၉၉	၈၅.၂၇	၈၆.၃၆	၈၆.၇၂
၄	စပါးအထွက်တင်းပေါင်း	၄၃၁၄၅၁၁၀	၄၃၇၆၄၂၆၅	၄၄၆၁၁၉၅၀	၄၅၀၆၅၂၀၀	၄၄၆၈၂၀၀၁	၄၅၂၉၂၄၄၉
	ဖူလုံမှု(ရာခိုင်နှုန်း)	၂၄၉.၆၄	၂၄၉.၃၆	၂၅၂.၁၉	၂၆၂.၁၇	၂၅၈.၃၈	၂၆၄.၀၆

ဖြစ်ကြောင်း၊ ထို့ကြောင့် ဒေသတွင်းစိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ယခုထက် ပိုမိုတိုးတက်လာအောင် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ထိုကဲ့သို့ ဆောင်ရွက်နိုင်ရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ပတ်သက်သည့် အသိပညာရှင်၊ အတတ်ပညာရှင် လူသားအရင်းအမြစ်ကောင်းများ လိုအပ်မည်ဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အခြေခံကိန်းဂဏာန်းအချက်အလက်များအပေါ်တွင်မူတည်၍ စီမံကိန်းများ၊ စီမံချက်များ ရေးဆွဲဆောင်ရွက်ရသည်ဖြစ်သဖြင့် ဒေသအလိုက် မှလည်း အခြေခံအချက်အလက်များကို မှန်မှန်ကန်ကန် ပြုစုတင်ပြကြရန်လိုကြောင်း၊ ထို့ပြင် မိမိတို့နိုင်ငံ၌ မြေကိုအကျိုးရှိရှိအသုံးပြုသွားရန်လိုပြီး မိမိတို့ဒေသအလိုက် ပိုင်ဆိုင်ထားရှိပြီးဖြစ်သည့် ရေခံမြေခံကောင်းများနှင့် အခြေခံကောင်းများကို ထိထိရောက်ရောက်နှင့် မှန်မှန်ကန်ကန် အသုံးချသွားကြရန်လိုကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်မည်ဆိုပါကလည်း *စာမျက်နှာ ၅ သို့*



ကေတုမတီမြို့ဟောင်း ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ ပြန်လည်တူးဖော်ထိန်းသိမ်းဆောင်ရွက်ထားမှုကို တွေ့ရစဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ကေတုမတီမြို့ဟောင်း ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များနှင့် မြို့ရိုး၊ ကျုံးနှင့် နန်းတော်ရာ ပြန်လည်ဖော်ထုတ်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။

“ နိုင်ငံ့စီးပွားတိုးတက်စေရေးအတွက် ဆောင်ရွက်ရာတွင် ပြည်သူလူထုအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်ပေးနိုင်ရန်နှင့် အမှန်တကယ် အလုပ်လုပ်ကိုင်နိုင်ရန်လို ”

စာမျက်နှာ ၄ မှ

စိုက်ကေတိုးချဲ့ခြင်းထက် ရှိပြီးဖြစ်သည့် စိုက်ကေများတွင် ပန်းတိုင်အထွက်နှုန်းများ ရရှိစေရေး၊ သီးထပ်စွမ်းအား ပြည့်မီမှုရှိစေရေး ဆောင်ရွက်သွားကြရန်လိုကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများအတွက် လိုအပ်သည့် စိုက်ပျိုးရေးနှင့် အောင်ရေများ ပြည့်ပြည့်ဝဝရရှိရေးအတွက်လည်း ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန်လိုကြောင်း၊ မိမိတို့နိုင်ငံတွင် မြစ်များ၊ ချောင်းများကို စနစ်တကျထိန်းသိမ်းရန် လိုအပ်ချက်များရှိခဲ့သဖြင့် ယခုအခါ မြစ်ချောင်းများ တိမ်ကောခြင်း၊ နုန်းပို့ချမှု များပြားလာခြင်းများ၊ ရေအရင်းအမြစ် လျော့နည်းလာခြင်းများ ဖြစ်ပေါ်လျက်ရှိကြောင်း၊ မြစ်ချောင်းများ ရေစီးဆင်းမှု ပြန်လည်ကောင်းမွန်ရေး ပြန်လည်ထိန်းသိမ်းသွားရန် လိုကြောင်း၊ သို့ဖြစ်၍ မိမိတို့တာဝန်ယူထားရသည့် ကဏ္ဍများအလိုက် အကောင်အထည်ဖော်ဆောင်ရွက်ရသည့် ကိစ္စရပ်မှန်သမျှကို ဒေသအတွက်၊ နိုင်ငံ့အတွက် ရေရှည်အကျိုးကို မြော်တွေး၍ ဆောင်ရွက်သွားကြရန်လိုကြောင်း။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနမှ တန်ဖိုးနည်းသဘာဝပိုးသတ်ဆေးနှင့် အာဟာရဖျော်ရည်များ ထည့်သွင်း၍ မြေပြုပြင်ခြင်းလုပ်ငန်းဆောင်ရွက်နေမှု ကြည့်ရှုစဉ်။

ထို့ပြင် အနာဂတ်ကာလတွင် ဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံတော်တစ်ရပ်ကို ပုံဖော်တည်ဆောက်ရာ၌ ပညာတတ်လူသားအရင်းအမြစ်များဖြင့်သာ တည်ဆောက်ကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်တွင် ပညာတတ်လူသားအရင်းအမြစ်များ လျော့နည်းလာခြင်းသည် နိုင်ငံ့အနာဂတ်အတွက် မည်ကဲ့သို့မျှ ကောင်းမွန်မှုမရှိသည်ကို သတိပြုကြရန်လိုကြောင်း၊ ထို့ကြောင့် အုပ်ချုပ်ရေးအဖွဲ့အစည်းများအနေဖြင့် မိမိတို့ဒေသအလိုက် ကျောင်းနေအရွယ်ကလေးများအားလုံး ပညာသင်ကြားနိုင်ရေး အလေးထားတိုက်တွန်းအားပေးဆောင်ရွက်သွားကြရန်လိုကြောင်း၊ ပညာရေးကောင်းမွန်မှုရှိမှသာလျှင် ကလေးငယ်များ၏ အနာဂတ်ဘဝလမ်းကို ကောင်းမွန်စွာဖြတ်သန်းနိုင်မည်ဖြစ်သည်ကို အသိပညာပေးဟောပြောခြင်းများဖြင့် စည်းရုံးဆောင်ရွက်သွားကြရန်လိုကြောင်း။

မိမိတို့အနေဖြင့် နိုင်ငံ့စီးပွားတိုးတက်စေရေးအတွက် ဆောင်ရွက်ရာတွင် ပြည်သူလူထုအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်ပေးနိုင်ရန်နှင့် အမှန်တကယ် အလုပ်လုပ်ကိုင်နိုင်ရန် လိုကြောင်း၊ အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး အလုပ်လုပ်နိုင်မှသာလျှင် ဝင်ငွေရရှိနိုင်မည်ဖြစ်ကာ လူတစ်ဦးချင်းစီအလိုက်မှစ၍ ဒေသအလိုက်၊ ခရိုင်အလိုက် စီးပွားဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပြီး ၎င်းမှတစ်ဆင့် နိုင်ငံ့စီးပွားသည်လည်း တိုးတက်လာနိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် အလုပ်လုပ်ကိုင်နိုင်စေရေးအတွက် လက်ရှိနိုင်ငံတကာ၌ဖြစ်ပေါ်ကြုံတွေ့ရလျက်ရှိသည့် စက်သုံးဆီအခက်အခဲများအပါအဝင် အခြားအခြေခံလိုအပ်ချက်များကိုလည်း တတ်နိုင်သရွေ့ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ သို့ဖြစ်၍ အလုပ်လုပ်ကိုင်နိုင်ရေး ဖြည့်ဆည်းပေးမှုများကို အကျိုးရှိရှိနှင့် စနစ်တကျအသုံးချနိုင်ရန်လိုကြောင်း၊ အမှန်တကယ်လိုအပ်သည်မှာ အလုပ်လုပ်ကြရန်နှင့် မိမိအတွက်၊ ဒေသအတွက်၊ နိုင်ငံတော်အတွက် အလုပ်လုပ်ကိုင်လိုစိတ်များ ရှိကြရန်ပင်ဖြစ်ကြောင်း၊ မိမိတို့ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဖြစ်ပေါ်ကြုံတွေ့လာနိုင်သည့် အခက်အခဲ၊ အကျပ်အတည်းမှန်သမျှကိုလည်း ဖြေရှင်းနိုင်ရေး စဉ်ဆက်မပြတ်လေ့လာသွားကြရန်လိုကြောင်း။

မိမိအနေဖြင့် တောင်ငူ၊ နေပြည်တော်၊ ရမည်းသင်း၊ မိတ္ထီလာဒေသတို့ကို အထူးဖွံ့ဖြိုးရေးဒေသများအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်ရန် ရည်မှန်းချက်ထား၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုဒေသများမှတစ်ဆင့် အခြားမြို့များကိုလည်း ဆင့်ကဲအထူးဖွံ့ဖြိုးတိုးတက်သောဒေသများအဖြစ်ဖြစ်ပေါ်လာစေရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ တောင်ငူ၊ နေပြည်တော်၊ ရမည်းသင်း၊ မိတ္ထီလာဒေသတို့အနေဖြင့် စနစ်မှန်ကာပြ အထူးဖွံ့ဖြိုးရေးဒေသများအဖြစ်ဖြစ်ပေါ်လာစေရေး ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ နိုင်ငံတော်၏ အထက်ပိုင်း၊ အောက်ပိုင်း၊ အရှေ့ပိုင်း၊ အနောက်ပိုင်း စသည့်ဒေသများသို့ လက်လှမ်းမီချိတ်ဆက်နိုင်သည့် အလယ်ဗဟိုချက်နှင့် မြေလတ်ဒေသများလည်းဖြစ်သည့်အတွက်လည်း အောင်မြင်နိုင်မည့် ရေခဲမြေခဲနှင့် အခြေခံကောင်းများကို ပိုင်ဆိုင်ထားရှိပြီးဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဝန်ကြီးချုပ်များ၊ တာဝန်ရှိသူများအနေဖြင့်လည်း မိမိတို့ကွပ်ကဲမှုလက်လှမ်းမီရာ ဒေသများအလိုက် ဖွံ့ဖြိုးတိုးတက်မှု ပိုမိုအားကောင်းလာစေရေး စနစ်တကျစီမံဆောင်ရွက်သွားကြရန်လိုကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံတော်၏ တာဝန်များကို ထမ်းရွက်နေရသည့် ကာလအတွင်း မှတ်ကျောက်တင်ခံနိုင်သည့် အစိုးရတစ်ရပ်ဖြစ်စေရေး၊ နိုင်ငံတော်နှင့်နိုင်ငံသားတို့၏ အကျိုးကို ဖော်ဆောင်ပေးနိုင်သည့် အစိုးရတစ်ရပ်ဖြစ်စေရေး ကြိုးစားဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ကေတုမတီမြို့သစ် ကျွန်းကုန်းကျေးရွာရှိ ရွှေဝါကြက်မွေးမြူရေးခြံ၌ ဥစားကြက်များ မွေးမြူထားရှိမှု ကြည့်ရှုစဉ်။

လိုအပ်သည်များအကြံပြုဆွေးနွေး

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် ကေတုမတီမြို့သစ်၊ ကျွန်းကုန်းကျေးရွာရှိ ရွှေဝါကြက်မွေးမြူရေးခြံသို့ရောက်ရှိရာ လုပ်ငန်းရှင် ဦးရဲဝင်းနှင့် တာဝန်ရှိသူများက ကြုံဆိုနှုတ်ဆက်ကြပြီး ကြက်ခြံအတွင်း ဥစားကြက်များ မွေးမြူထားရှိမှု၊ ဒေသတွင်းမှထွက်ရှိသည့် ကုန်ကြမ်းများကို အခြေခံ၍ ကြက်စာအဖြစ် ထုတ်လုပ်ကျွေးမွေး၍ မွေးမြူလျက်ရှိမှု၊ ကြက်ခြံတွင် အသုံးပြုလျက်ရှိသည့် Evaporated cooling system (အအေးပေးစနစ်) အတွက်လိုအပ်သော လျှပ်စစ်ဓာတ်အားများအား နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားများဖြင့် အသုံးပြုဆောင်ရွက်လျက်ရှိမှုနှင့် ဈေးကွက်ရရှိမှုအခြေအနေများအား ရှင်းလင်းတင်ပြကာ နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် Evaporated cooling system(အအေးပေးစနစ်)ဖြင့် ဥစားကြက်များ မွေးမြူထားရှိမှုကို လုပ်ရည်လည်ကြည့်ရှု၍ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် နိုင်ငံတော်သမ္မတက သိရှိလိုသည်များမေးမြန်းပြီး လိုအပ်သည်များကို အကြံပြုဆွေးနွေးသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် ကျွန်းကုန်းဘူတာမှ RBE အထူးရထားဖြင့် နေပြည်တော်သို့ ပြန်လည်ထွက်ခွာခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

❑ ရွှေဖုံးမှ

တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့ရှိ သွားလာရေးခက်ခဲသောဒေသများသို့ တပ်မတော်မှ လေယာဉ်များ၊ မော်တော်ယာဉ်များဖြင့် ပို့ဆောင်ပေးလျက်ရှိသည်။

ထိုသို့ ပို့ဆောင်ပေးလျက်ရှိရာ ကချင်ပြည်နယ် ရွှေကူမြို့သို့ ပို့ဆောင်ပေးမည့် ဌာနဆိုင်ရာရုံးများအတွက် လိုအပ်သည့် ရုံးသုံးပစ္စည်းများနှင့် ဒေသခံပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအတွက် လိုအပ်သည့် ဆေးနှင့်ဆေးပစ္စည်းများ တင်ဆောင်လာသော မော်တော်ယာဉ်များသည် ဇွန် ၄ ရက်တွင် မန္တလေးမြို့မှ ထွက်ခွာခဲ့ရာ မတ္တရာ - သပိတ်ကျင်း - တကောင်း-ကတ္တူ - ငါးအိုးမှတစ်ဆင့် ယနေ့ နေ့လယ်ပိုင်းတွင် ရွှေကူမြို့သို့ ရောက်ရှိခဲ့သဖြင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ ကြိုဆိုခဲ့ကြကြောင်း သိရသည်။

အဆိုပါ ထောက်ပံ့ပစ္စည်းများသည် ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအတွက် အထောက်အကူဖြစ်မည်ဖြစ်သဖြင့် ဒေသခံတိုင်းရင်းသားပြည်သူများက ဝမ်းမြောက်ကျေးဇူးတင်လျက်ရှိကြောင်းသိရှိရပြီး အဆိုပါ ထောက်ပံ့ပစ္စည်းများကို တာဝန်ရှိသူများမှတစ်ဆင့် ဆက်လက်ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သိရသည်။

တပ်မတော်အနေဖြင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံပြည်သူများနှင့် လက်တွဲပူးပေါင်း၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးပြီး အကြမ်းဖက်သမားများ ဖောက်ခွဲဖျက်ဆီးခဲ့သည့် လမ်း၊ တံတားများကို ပြန်လည်ပြုပြင်တည်ဆောက်၍ ဆက်သွယ်ရေးလမ်းကြောင်းများအား ပြန်လည်ဖွင့်လှစ်ပေးခဲ့ရာ ယခုအခါ ခရီးသွားမော်တော်ယာဉ်များ၊ ကုန်စည်ပို့ဆောင်ရေးမော်တော်ယာဉ်များ ပုံမှန်အတိုင်းသွားလာလျက်ရှိကြောင်း၊ ဒေသခံပြည်သူများအနေဖြင့်လည်း ၎င်းတို့၏ သွားလာနေထိုင်ရေးနှင့် ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းများကို အဆင်ပြေချောမွေ့စွာ ဆောင်ရွက်လျက်ရှိကြောင်းနှင့် နိုင်ငံတော်အစိုးရအနေဖြင့်လည်း ဒေသ၏ လိုအပ်ချက်အပေါ် မူတည်၍ ထပ်မံဖြည့်ဆည်းပေးနိုင်ရေးကို စဉ်ဆက်မပြတ် ဆက်လက် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

❍ ရွှေဖုံးမှ

ထိုသို့ဆောင်ရွက်ခဲ့ရာတွင် မတ္တရာမြို့ပေါ်ရှိ ထရန်စဖော်မာ ၃၁ လုံးတွင် ၁၁ လုံးမှာ ပျက်စီးသွားသဖြင့် 200 KVA ထရန်စဖော်မာ ကိုးလုံး၊ 315 KVA ထရန်စဖော်မာ နှစ်လုံးနှင့် လျှပ်စစ်ဓာတ်အား လိုင်းကြိုးများ အသစ်တပ်ဆင်ခြင်း လုပ်ငန်းများ ဆောင်ရွက်ကာ ယခုအခါ မြို့ပေါ်ရပ်ကွက် ငါးခုကို လျှပ်စစ်ဓာတ်အားများ ဖြန့်ဖြူးပေးနေပြီဖြစ်ပြီး တောင်ပြိုး လျှပ်စစ်ဓာတ်အားခွဲရုံမှ ကျေးရွာ ၄၆ ရွာသို့လည်း လျှပ်စစ်ဓာတ်အားပေးပို့လျက်ရှိကြောင်း သိရသည်။

ရွှေရာသား





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ တောင်ငူမြို့ အထွေထွေပြည်သူ့ဆေးရုံကြီး၌ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသည့် ပြည်သူများအား မေးမြန်းအားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ

တောင်ငူမြို့ရှိ ပြည်သူ့ဆေးရုံနှင့် တပ်မတော်ဆေးရုံတို့၌ တက်ရောက်ဆေးကုသမှု ခံယူလျက်ရှိသူများအား သွားရောက်ကြည့်ရှုအားပေး

နေပြည်တော် ဇွန် ၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ဇနီး ဒေါ်ကြူကြူလှ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် ဇနီး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးခင်မောင်ရိ၊ ဦးမြထွန်းဦး၊ ဦးမင်းနောင်၊ ဦးမျိုးဇော်သိမ်း၊ ဦးမျိုးသန့်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ခုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ လိုက်ပါ၍ တောင်ငူမြို့ရှိပြည်သူ့ဆေးရုံနှင့် တပ်မတော်ဆေးရုံတို့၌ တက်ရောက်ဆေးကုသမှုခံယူနေသူများအား သွားရောက်ကြည့်ရှုအားပေးသည်။

ဦးစွာ နိုင်ငံတော်သမ္မတနှင့်ဇနီး၊ အဖွဲ့ဝင်များသည် တောင်ငူမြို့ အထွေထွေပြည်သူ့ဆေးရုံကြီးသို့ ရောက်ရှိကြရာ ခေတ္တဆေးရုံအုပ်ကြီး ဒေါက်တာစောသူဇကြည်ဖေနှင့် ကျန်းမာရေးဝန်ထမ်းများက ကြိုဆိုနှုတ်ဆက်ကြပြီး မျက်စိလူနာဆောင်၊ နာ၊ နာခေါင်း၊ လည်ချောင်း လူနာဆောင်တို့၌ ဆေးရုံတက်ရောက်ကုသမှုခံယူလျက်ရှိသည့် ပြည်သူများအား တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ကျန်းမာရေးပြဿနာ ဆောင်ရွက်ပေးထားမှုတို့ကို လိုက်လံကြည့်ရှုမေးမြန်းအားပေးစကားပြောကြားကာ စားသောက်ဖွယ်ရာပစ္စည်းများ ပေးအပ်သည်။

ယင်းနောက် ဆေးရုံအတွင်းလှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ယခုဆေးရုံအား ခုတင်-၃၀၀ အဆင့်ဆေးရုံအဖြစ် အဆင့်မြှင့်တင်ပေးသွားမည်ဖြစ်ကြောင်း၊ အခြားအခြေခံလိုအပ်ချက်နှင့် အထောက်အကူပြုပစ္စည်းများကိုလည်း ဖြည့်ဆည်းပေးသွားမည်ဖြစ်ကြောင်း၊ ဆေးရုံပတ်ဝန်းကျင်အတွင်း သန့်ရှင်းသာယာလှပစေရေး စဉ်ဆက်မပြတ်ဆောင်ရွက်သွားရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များ လမ်းညွှန်မှာကြားသည်။


ထို့နောက် နိုင်ငံတော်သမ္မတနှင့်ဇနီး၊ အဖွဲ့ဝင်များသည် တောင်ငူမြို့ရှိ နယ်မြေခံ တပ်မတော်ဆေးရုံသို့ ရောက်ရှိကြရာ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် ဆေးရုံတွင် တက်ရောက်ကုသမှုခံယူလျက်ရှိသည့် နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးတာဝန်များထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာများရရှိခဲ့သော တပ်မတော်သားများအား တစ်ဦးချင်း လိုက်လံကြည့်ရှုအားပေးစကားပြောကြားပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်ကာ ချီးမြှင့်ငွေများနှင့် စားသောက်ဖွယ်ရာပစ္စည်းများ ပေးအပ်သည်။

အလားတူ နိုင်ငံတော်သမ္မတ၏ ဇနီးနှင့် အဖွဲ့ဝင်များသည်လည်း ဆေးရုံတွင် တက်ရောက်ကုသမှုခံယူလျက်ရှိသည့် တပ်မတော်သားမိသားစုဝင်များ၏ ကျန်းမာရေးအခြေအနေများကို တစ်ဦးချင်း လိုက်လံကြည့်ရှုမေးမြန်းအားပေးစကား ပြောကြားကာ စားသောက်ဖွယ်ရာပစ္စည်းများ ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်သမ္မတက ဆေးရုံအတွက် လိုအပ်ချက်များကိုမေးမြန်းကာ လိုအပ်သည်များ လမ်းညွှန်မှာကြားဖြည့်ဆည်းပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တောင်ငူမြို့ နယ်မြေခံတပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသည့် နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးတာဝန်များ ထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာများရရှိခဲ့သော တပ်မတော်သားများအား မေးမြန်းအားပေးစကားပြောကြားစဉ်။

နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ ညစ်ညမ်းမှုနှုန်းစပ်လျဉ်း၍ သတင်းထုတ်ပြန်ချက်

၁။ နယ်စပ်ဖြတ်ကျော်မီးခိုးမြူငွေ့ ဖြစ်ပေါ်နိုင်သည့် အခြေအနေများနှင့် စပ်လျဉ်း၍ စင်ကာပူနိုင်ငံအခြေစိုက် အာဆီယံမိုးလေဝသ စောင့်ကြည့်လေ့လာရေးဗဟိုဌာန (ASEAN Specialized Meteorological Center – ASMC) မှ ထုတ်ပြန်ချက်များအရ–

(က) ၂၀၂၆ ခုနှစ်၊ မေလ ၇ ရက်နေ့မှစတင်၍ မဲခေါင်ဒေသခွဲအတွက် သတိပေးချက်အဆင့် (၂)မှ အဆင့် (၁) သို့ လျော့ချသတ်မှတ်ခဲ့ကြောင်း၊

(ခ) လွန်ခဲ့သောရက်များအတွင်း မဲခေါင်ဒေသခွဲတွင် စိုစွတ်သော ရာသီဥတုဖြစ်ပေါ်ခဲ့ပြီး Fire Hotspot နှင့် မီးခိုးမြူငွေ့ ဖြစ်ပေါ်မှု လျော့နည်းခဲ့ကြောင်း၊

(ဂ) လာမည့်လများတွင် မုတ်သုံကြားကာလအခြေအနေမှ အနောက်တောင်မုတ်သုံအခြေအနေသို့ ကူးပြောင်းမည် ဖြစ်ပါ သောကြောင့် မဲခေါင်ဒေသခွဲ၏ နေရာအနှံ့အပြားတွင် မိုးရွာသွန်းမှုများ ဖြစ်ပေါ်မည်ဟု ခန့်မှန်းရကြောင်း၊

(ဃ) ASMC ၏ စောင့်ကြည့်လေ့လာမှု၊ ဆန်းစစ်မှုနှင့် ခန့်မှန်းချက်များအရ ၂၀၂၆ ခုနှစ်၊ မေလ ၁၄ ရက်နေ့မှစတင်၍ မဲခေါင်ဒေသခွဲအတွက် သတိပေးချက်အဆင့် (၁)မှ အဆင့်(၀) (ခြောက်သွေ့ရာသီကာလ ကုန်ဆုံးခြင်း)သို့ ရောက်ရှိကြောင်း။

၂။ ASMC ၏ သတင်းအချက်အလက်များအရ မြန်မာနိုင်ငံတွင် ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလမှ မေလ ၁၆ ရက်နေ့အထိ Fire Hotspot ဖြစ်ပေါ်မှု သည် ၂၀၂၅ ခုနှစ်ထက် (၁) % ပိုမိုဖြစ်ပေါ်ခဲ့ပြီး ၂၀၂၄ ခုနှစ်ထက် (၁၁) % လျော့နည်းစွာ ဖြစ်ပေါ်ခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။

မြန်မာ-ထိုင်း နယ်နိမိတ်ဖြတ်ကျော် မီးခိုးမြူငွေ့ လေထုညစ်ညမ်းမှုတားဆီးကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဖြေရှင်းဆောင်ရွက်ရေးကော်မတီ

(၁၀)ကြိမ်မြောက် အာရှ-ပစိဖိတ်ဒေသ ငှက်ဖျားရောဂါကင်းစင်ပပျောက်ရေးဆိုင်ရာ ခေါင်းဆောင်များအစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ တက်ရောက်

နေပြည်တော် ဇွန် ၆

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံအစိုးရ၏ ဖိတ်ကြားချက်အရ လာအိုနိုင်ငံ ဗီယင်ကျန်းမြို့၌ ဇွန် ၅ ရက်က လာအိုနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနနှင့် Asia Pacific Leaders Malaria Alliance (APLMA) တို့ပူးပေါင်းကျင်းပသည့် (၁၀) ကြိမ်မြောက် ငှက်ဖျားရောဂါ ပပျောက်ရေးဆိုင်ရာ အာရှ-ပစိဖိတ် ဒေသခေါင်းဆောင်များ အစည်းအဝေးသို့ တက်ရောက်သည်။



ဖွင့်ပွဲအခမ်းအနားတွင် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် H.E. Mr. Sonexay Siphandone က အဖွင့်အမှာစကားပြောကြားပြီး လာအိုနိုင်ငံ ကျန်းမာရေးဝန်ကြီး H.E. Madam Baykham Khattiya နှင့် ပြည်ထောင်စုဝန်ကြီး (**အပေါ်ယာဝံ့**)တို့က ၂၀၃၀ ပြည့်နှစ် ငှက်ဖျားရောဂါ ကင်းစင်ပပျောက်ရေးဆိုင်ရာ လုပ်ငန်းများနှင့် ပတ်သက်၍ရရှိထားသည့် အောင်မြင်မှုများ၊ တွေ့ကြုံလာရသည့် စိန်ခေါ်မှု အသစ်များ၊ မဟာမဲခေါင်ဒေသ ခွဲနိုင်ငံများအချင်းချင်း၊ အထူးသဖြင့် နယ်နိမိတ်ထိစပ်လျက်ရှိသည့် အိမ်နီးချင်းနိုင်ငံများအချင်းချင်း ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးမြှင့်နိုင်ရေးကိစ္စရပ်များနှင့်ပတ်သက်၍ အကြံပြုချက်များနှင့် ဆောင်ရွက်သင့်သည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍ အမှာစကား ပြောကြားကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် GMS Malaria Elimination in 2030: Celebrating Progress and Acknowledging the Need for a Differentiated Approach ခေါင်းစဉ်ဖြင့် ကျင်းပသည့် High-level Round-table Discussion သို့ မဟာမဲခေါင်ဒေသခွဲနိုင်ငံများမှ ကျန်းမာရေးဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် အဆင့်မြင့်ကျန်းမာရေးအရာရှိကြီးများ၊ APLMA မှ တာဝန်ရှိသူများ၊ ငှက်ဖျားရောဂါကာကွယ်တိုက်ဖျက်ရေးနှင့် ငှက်ဖျားရောဂါ ပပျောက်ရေးဆိုင်ရာ ကျွမ်းကျင်ပညာရှင်များနှင့် အတူတက်ရောက်၍ မြန်မာနိုင်ငံ၏ ၂၀၃၀ ပြည့်နှစ် ငှက်ဖျားရောဂါပပျောက်ရေးဆိုင်ရာ လုပ်ငန်းများ နှင့်ပတ်သက်၍ ရှေ့ဆက်လက်ဆောင်ရွက်သင့်သည့် ကိစ္စရပ်များအား ရှင်းလင်းဆွေးနွေးပြောကြားသည်။

ယင်းနောက် မဟာမဲခေါင်ဒေသခွဲနိုင်ငံများမှ ကျန်းမာရေးဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် အဆင့်မြင့်ကိုယ်စားလှယ်များက ၂၀၁၈ ခုနှစ်က နေပြည်တော်တွင် လက်မှတ်ရေးထိုးထုတ်ပြန်ခဲ့သည့် Joint Call to action to Malaria Elimination in the Greater Mekong Subregion နှင့်ပတ်သက်၍ ထပ်လောင်းအတည်ပြုချိန်းဆော်ချက်အား လက်မှတ်ရေးထိုးကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် လာအိုနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးအောင်ကိုတို့သည် အစည်းအဝေးကျင်းပသည့် ဗီယင်ကျန်းမြို့ Holiday Inn & Suites Vientiane အစည်းအဝေးခန်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသား ကျန်းမာရေးကော်မရှင် ဒုတိယဝန်ကြီး Dr. Yong Zhang နှင့်အဖွဲ့အား လက်ခံတွေ့ဆုံ၍ မြန်မာ-တရုတ် နှစ်နိုင်ငံနယ်စပ်ဒေသ ငှက်ဖျားရောဂါ ကာကွယ်တိုက်ဖျက်ရေးနှင့် ကူးစက်တတ်သောရောဂါများ ကာကွယ်တားဆီးရေးလုပ်ငန်းများ ပိုမိုပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် လာအိုနိုင်ငံ ကျန်းမာရေးဝန်ကြီး H.E. Madam Baykham Khattiya ဦးဆောင်သော ကျန်းမာရေးကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံ၍ မြန်မာ-လာအို နှစ်နိုင်ငံ ကျန်းမာရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုဖြင့်တင်ရေးအတွက် နှစ်နိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနများအကြား MoU လက်မှတ် ရေးထိုးနိုင်ရေး၊ နှစ်နိုင်ငံ ဆေးဝါးနှင့် ကာကွယ်ဆေးထုတ်လုပ်ရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ရေး၊ ကျန်းမာရေးကဏ္ဍ နှင့်ပတ်သက်၍ နှစ်နိုင်ငံ ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်ရေးတို့ကို အဖြေရှင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း အမှတ်(၈)အထည်စက်ရုံခွဲ(ရမည်းသင်း) ကြည့်ရှုစစ်ဆေးပြီး ရမည်းသင်းမြို့နယ်ရှိ ဌာနဆိုင်ရာဝန်ထမ်းများနှင့်တွေ့ဆုံ

နေပြည်တော် ဇွန် ၆

စက်မှုနှင့် အသေးစား၊ အလတ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းနှင့် ဒုတိယဝန်ကြီး ဒေါက်တာ အောင်ဇေယျတို့သည် ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့ရှိ အမှတ်(၈)အထည်စက်ရုံခွဲ(ရမည်းသင်း)သို့ ရောက်ရှိစစ်ဆေးပြီး ဝန်ထမ်းများနှင့် တွေ့ဆုံ၍ အမှာစကား ပြောကြားသည်။

မွန်းလွဲပိုင်းတွင် ရမည်းသင်းခရိုင် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနရုံး၌ ရမည်းသင်းမြို့နယ်ရှိ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ ဌာနဆိုင်ရာ ဝန်ထမ်းများအနေဖြင့် ဒေသဖွံ့ဖြိုးရေး၊ MSME များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ညီညွတ်စွာဖြင့် ပိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားသည်။

ယင်းနောက် ပျော်ဘွယ်မြို့ရှိ အမှတ်(၈) အထည်စက်ရုံ(ပျော်ဘွယ်) သို့ရောက်ရှိစစ်ဆေးပြီး ဝန်ထမ်းများနှင့်တွေ့ဆုံ၍ စက်ရုံမှ ထုတ်လုပ်သည့် ချည်မျှင်များသည် ဈေးကွက်ရှိပြီးဖြစ်၍ ကုန်ထုတ်လုပ်မှု လုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နိုင်ရေး စီမံဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ထုတ်ကုန်ပစ္စည်းများ၏ အရည်အသွေးကောင်းမွန်ရေးကို အထူးအလေးထားကြပ်မတ်ဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးကံမြင့်သန်း စိုက်ပျိုးရေးနှင့် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းဆောင်ရွက်

နေပြည်တော် ဇွန် ၆

နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဦးကံမြင့်သန်းသည် နေပြည်တော်ကောင်စီဝင်များနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် ဓမ္မာသီရိမြို့နယ်၊ လယ်ဝေးမြို့နယ်နှင့် ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ဦးစွာ လယ်ဝေးမြို့နယ် ကြောင်ရေကျေးရွာခန်းမ၌ ဒေသခံ တောင်သူများနှင့် တွေ့ဆုံအမှာစကားပြောကြားပြီး တောင်သူများထံ ယူရီးယားဓာတ်မြေဩဇာနှင့် စိုက်ပျိုးရေးမှိုမျိုးများ ပေးအပ်ကာ တောင်သူများ၏ တင်ပြချက်များအပေါ် သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ဆောင်ရွက်ပေးသည်။

ထို့နောက် လယ်ဝေးမြို့နယ် ရွှေပြည်အေးကျေးရွာ အုပ်စု ငှက်ပျောတောကျေးရွာရှိ "ပိုင်ပိုင်" ဝါးတူစက်ရုံ၏ လုပ်ငန်းများ လည်ပတ်ဆောင်ရွက်နေမှုနှင့် ပုဗ္ဗသီရိမြို့နယ် ဘဲကုန်းကျေးရွာ တောင်သူ ဦးပြည့်စုံ၏ စိုက်ပျိုးမြေ လေးဧကတွင် Power Harrow ဖြင့် ဘီးကတ်သုံး မျိုးစေ့ချက်ရိယာ (Seeder) ဖြင့် မိုးစပါးစိုက်ပျိုးနေမှုတို့ကို လှည့်လည်ကြည့်ရှုအားပေးပြီး လုပ်ငန်းအမျိုးအစား အလိုက် လိုက်နာဆောင်ရွက်ရန် လိုအပ်သည့် အချက်များကို မှာကြားခဲ့ကြောင်း သိရသည်။

သျှင်ဦးမောင်
(ဒဂ္ဂိဏ)





မတ္တရာမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်များနှင့် UID ကတ်များ ကွင်းဆင်းဆောင်ရွက်ပေး

မတ္တရာ ဇွန် ၆

မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်များနှင့် UIDကတ်များကို ယမန်နေ့က ကန်ဖြူကျေးရွာ အလက(ခွဲ)တွင် ကွင်းဆင်းဆောင်ရွက်ရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မန္တလေးတိုင်းဒေသကြီး ဦးစီးမှူး ဦးစိုးလွင်နှင့် အဖွဲ့ဝင်များက ကြည့်ရှုအားပေးပြီး ကျောင်းသား ကျောင်းသူ ၈၈ ဦးအား နိုင်ငံသားစိစစ်ရေးကတ်များနှင့် UID ကတ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

(ရွှေရာသား)

နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် ဇွန် ၆

ဇွန် ၈ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

မိုး/၈လ

အပြောင်းအလဲနှင့်အတူ ထိရောက်မှုရှိ ချွေတာရာရောက်သည့် EV ဥပမာ

လောကကြီး၌ မပြောင်းလဲသော အရာဟူ၍ မရှိနိုင်ပါ။ ဘာမှ မဖြတ်တတ်သည့် သဘောတရားတစ်ခုမို့ ပြောင်းလဲနေရမည်သာ။ အချိန်နှင့်အမျှ ပြောင်းနေရမည်၊ အခြေအနေအရ ပြောင်းလဲရမည်၊ သဘာဝနိယာမအရလည်း ပြောင်းနိုင်သည်။ အပြောင်းအလဲဟူသည် ပုံစံပြောင်းသွားတာမျိုး၊ အခြေအနေတွေ ပြောင်းတာမျိုးဖြစ်နိုင်သည်။ အတွေးအခေါ်၊ အလေ့အထ၊ မူဝါဒ၊ ဈေးကွက်များ ပြောင်းလဲနိုင်သည်။ အရေးကြီးသည်မှာ ပြောင်းလဲမှုမှန်သမျှ တိုးတက်မှုဆီ ဦးတည်နေရန်သာ။ တစ်ခုခုကို ပြောင်းလဲခြင်းက အဆိုးဘက်မဟုတ်၊ အကောင်းဘက်သာဖြစ်ရမည်။ ပို၍ ဆိုးသွားဖို့မဟုတ်၊ ပို၍ကောင်းသွားဖို့ဖြစ်ရမည်ဟု ဆိုလိုခြင်းဖြစ်သည်။

ကုန်ကျစရိတ်ကြောင့် ရေပန်းစားလက်ခံသူများလာသည်

မိမိတို့ဝန်းကျင်မှာ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အပြောင်းအလဲအချို့ ရှိခဲ့သည်။ အပြောင်းအလဲကို လိုချင်ကြသော်လည်း ပြောင်းလဲမှာကို ကြောက်သူတွေလည်း ရှိသည်။ အမှန်တကယ် မပြောင်းနိုင်လို့ ဖြစ်ချင်ဖြစ်စေ၊ မယုံကြည်လို့လည်း ဖြစ်နိုင်သည်။ ကိုယ် ကျိုးစီးပွားထိခိုက်မှာစိုး၍လည်း ဖြစ်နိုင်သည်။ ထိုပြောင်းလဲမှုများစွာထဲမှာ လျှပ်စစ်ကား (Electric Vehicle – EV) အပြောင်းအလဲတစ်ခုဆီ ကြည့်ကြစို့ရဲ့။

အပြောင်းအလဲတစ်ခု အောင်မြင်မှု ရှိ မရှိ မှတ်ကျောက်တင်ခံနိုင်ရမည်ဟု ဆိုသည့်အတွက် မြန်မာနိုင်ငံတွင် EV များ ရေပန်းစားလာမှုပြောင်းလဲသုံးစွဲမှုပမာဏများလာသည်ကို ကြည့်၍ လူထု၏ လက်ခံနိုင်မှုသည် အတိုင်းအတာတစ်ခုအထိ တိုးတက်လာသည်ဟု ဆိုနိုင်သည်။ EV အပြောင်းအလဲဆိုသည်က မြန်မာနိုင်ငံတစ်ခုတည်းမဟုတ်၊ ကမ္ဘာပေါ်မှာပါ ပြောင်းလဲသုံးစွဲမှုများလာနေသည်ကို သတိပြုရမည်။ ရိုးရိုးလောင်စာသုံး ကားနေရာတွင် လျှပ်စစ်စွမ်းအင်သုံးကားများ နေရာယူလာသည်မှာ အချိန်အတော်ကြာခဲ့ပါပြီ။ အခြေအနေချင်း မတူသော်လည်း မြန်မာနိုင်ငံ၏ လက်ရှိအနေအထား အရ EV ဘက် ပြောင်းလဲသုံးစွဲရန် အချိန်တန်လာပြီဖြစ်သည်။

ကျွန်တော်တို့ ပြည်သူများ ရေနံလောင်စာကို ဈေးကြီးကြီးနှင့် သုံးစွဲရမှုဒဏ်ကို သည်းခံနိုင်စွမ်းအားမှာ အကန့်အသတ်နှင့်သာ ဖြစ်သင့်သည်။ လောင်စာဆီနှုန်းထားနှင့် လျှပ်စစ်မီတာနှုန်းထား ဈေးနှုန်း ကွာခြားချက်က ယခုလိုအချိန်မှာ လွန်စွာသိသာပါသည်။ လျှပ်စစ်ကားပြောင်းလဲသုံးစွဲမှုက နေ့စဉ် မောင်းနှင်နေရသည့် လောင်စာဆီကုန်ကျစရိတ်ကို များစွာလျှော့ချပေးနိုင်သည်ကို လက်ခံသူများလာသည်။ ထို့ကြောင့် လောင်စာဆီနေရာတွင် လျှပ်စစ်ဘက်ထရီကို ပြောင်းလဲသုံးစွဲဖို့ အဖြန်စဉ်းစားသင့်ပြီဟု ဆိုချင်သည်။ ကမ္ဘာ့စွမ်းအင်စစ်ပွဲနှင့် စွမ်းအင်အပြောင်းအလဲက စက်သုံးဆီသုံးစွဲမှုချွေတာရေးအတွက် တွန်းအားပေးသည့် တပ်လှန့်ခေါင်းလောင်းသံအလား နှိုးကြားနေရမည်။ စက်သုံးဆီကုန်ကျစရိတ်နှင့် အင်ဂျင်ပိုင်ကုန်ကျစရိတ်အတွက် သက်သာဖို့ နည်းလမ်းကို ရှာဖွေလိုလျှင် EV Mindset အတိုင်း လိုက်ပါ စီးမျောရုံသာရှိသည်။

ပြုပြင်ထိန်းသိမ်းစရိတ် သက်သာသည်မှာ

ကုန်ကျစရိတ်အပြင် လောင်စာဆီသုံးကားများကို နေ့စဉ်အချိန်ပေး၍ ထိန်းသိမ်းပြုပြင်နေရမှုများအပေါ်မှာကော စိတ်ပျက်ညည်းတွားနေရမှုများကို အဖြေရှာသင့်ပါပြီ။ မိမိလက်ရှိပိုင်ဆိုင်ထားသော ကားတစ်စီး၏ ရှုပ်ထွေးသော အင်ဂျင်အစိတ်အပိုင်းများအတွက် အလုပ်ရှုပ်၊ အချိန်ကုန်နေရမှုကို EV က သက်သာအောင် လုပ်ပေးနိုင်ပြီလား။ အင်ဂျင် အစား ဘက်ထရီ၏ လျှပ်စစ်စွမ်းအင်နှင့် လည်ပတ်သော လျှပ်စစ်မော်တာအမျိုးအစား EV တွင် ပါဝင်သည်ကို သိကြပါသည်။

EV တွင် သုံးစွဲသော ဘက်ထရီသည် Lithium-ion ဘက်ထရီဖြစ်၍ စွမ်းအင်ကို များစွာသိုလှောင်ထားနိုင်ပါသည်။ လျှပ်စစ်မော်တာ၏ အရွေ့စွမ်းအင်က အင်ဂျင်၏ စွမ်းအင်ထက်များစွာ သာလွန်ပြီး မော်တာ၏ လှည့်အား၊ လိမ်အားကလည်း ကား၏ အရှိန်မြှင့်တင်ရာတွင် အကူအညီဖြစ်စေသည်ဟု ဆိုသည်။ အင်ဂျင်ပိုင်မလိုသည့်အတွက် အင်ဂျင်ပိုင် အဖိုးအခအပြင် အင်ဂျင်ပိုင်ကို နေ့စဉ်စစ်ဆေးနေရန်လည်း မလိုအပ်တော့ပါ။ အင်ဂျင်အုံ မပါသည့် အတွက် ပစ္စည်းအပိုလည်း ထည့်လိုရသည့် အကျယ်အဝန်းကို ရရှိသေးသည်။ ဂီယာအုံမပါသည့်အတွက် ဂီယာဘောက်နှင့် ပလပ်များအတွက် ပြုပြင် ထိန်းသိမ်းစရာလည်း မလို၊ ပြုပြင်စရိတ်ခ သက်သာသည့်အတွက် များစွာခေါင်းစားစရာလည်း မလိုအပ်တော့။ အင်ဂျင်မပါသဖြင့် အင်ဂျင်တုန်ခါမှုမရှိ၊ အသံဆူညံမှုမရှိ၊ ဓာတ်ဆီ၊ ဒီဇယ်ကားများထက် သက်သောင့်သက်သာရှိနိုင်သည်မှာ အားသာချက် တစ်ခုဖြစ်သည်။

နည်းပညာပိုင်းအားသာချက်နှင့်အတူ သဘာဝပတ်ဝန်းကျင်အတွက်ပါ စဉ်းစားရန်

လောင်စာဆီသုံးကား အိတ်ဇောမှ ထွက်သည့် ကာဗွန်ဒိုင်အောက်ဆိုက်လို အဆိပ်ငွေ့မျိုးက လူ့ကျန်းမာရေးနှင့် သဘာဝပတ်ဝန်းကျင်ကို ဆိုးဆိုးရွားရွား ထိခိုက်စေသည်မှာ အားနည်းချက်တစ်ခုဖြစ်နေသည်။ အင်ဂျင်ကားနှင့် မီးခိုးမထွက်၊ အိတ်ဇောမပါသည့် ဘက်ထရီကားများ၏ အားသာ၊ အားနည်းချက်ကို စဉ်းစားရာတွင် အရေးအကြီးဆုံးက ကျန်းမာရေးနှင့် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်ရမည့် တာဝန်နှင့်ယှဉ်၍ စဉ်းစားရန် တာဝန်ရှိခြင်းပင် ဖြစ်သည်။ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်ပြီး မိမိပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေဖြစ်မည့် EV မျိုးကို ပြောင်းလဲသုံးစွဲခြင်းဖြင့် သင့်ကျန်းမာရေးကို စောင့်ရှောက်ရာရောက်သလို သဘာဝပတ်ဝန်းကျင်အားလည်း ကယ်တင်ရာ ရောက်သည်ကို အားသာချက်တစ်ခုအနေဖြင့် မြင်သင့်ပါသည်။

ထို့အပြင် ခေတ်နှင့်အညီ တိုးတက်လာသော နည်းပညာမြင့် EV များ၏ အရည်အသွေးများကိုလည်း ကြိုတင်လေ့လာထားသင့်ပါသည်။ စွမ်းအားမြင့်ဘက်ထရီများတွင် ဘက်ထရီသက်တမ်းရှည် ကြာအောင် အားသွင်းနိုင်မှုအခြေအနေ၊ ပူလွန်း/အေးလွန်းမရှိအောင် အပူချိန်ထိန်းချုပ်နိုင်စွမ်းအား၊ ဗို့အား ထိန်းချုပ်နိုင်မှုစနစ်များတွင် ပိုမိုတိုးတက်လာမည့် အလားအလာများ တွေ့နေရသည်။ အချို့ကားများတွင် EV ဘက်ထရီနှင့် အိမ်သုံး/ ဓာတ်အား လိုင်း အပြန်အလှန်မှုဝေဖြန့်ဝေမှုများ ရှိလာနိုင်ပြီဟု ဆိုသည်။ AI နည်းပညာနှင့်အတူ ခရီးအတွက် အားသွင်းစခန်း Charging Station များက မြို့ကြီးများတွင်သာ ရှိနေနိုင်သေးသည်။ ထို့ကြောင့် နယ်ဝေးခရီးသွားများအတွက် အခက်အခဲရှိနိုင်သည်။ ထို့ပြင် အားသွင်းကြာချိန်ကလည်း စကားပြောသည်။ ဓာတ်ဆီ / ဒီဇယ်ထည့်ဖို့ အချိန်မကြာသော်လည်း လျှပ်စစ် Charging အတွက်တော့ Fast charging၊ အိမ်သုံးမီတာအပေါ် မူတည်၍၌ မိနစ် ၃၀ မှသည် ၈ နာရီခန့်အထိ အချိန်ပေးရလိမ့်မည်။ ကိုယ်ပိုင်အားသွင်းကိရိယာဆောင်၍ ညအိပ်ချိန်မှာ သွင်းထားပြီး ဖြေရှင်းနိုင်သည်။

ဘက်ထရီအပြည့် သွင်းထားသော်လည်း ခွင့်ပြုထားသည့် ကီလိုမီတာ ကန့်သတ်ချက်ကြောင့် ခရီးဝေးသွားလျှင် အားကုန်သွားမလား စိုးရိမ်ရသည်။ လျှပ်စစ်မီးအခက်အခဲက ပြောစရာတစ်ခုဖြစ်နေသလို အားသွင်းခန့်နှုန်းထားမှာလည်း အပြောင်းအလဲများ ရှိနိုင်သည်။ ထိုအချက်များကား မူဝါဒပိုင်း ဆိုင်ရာနှင့် ရေရှည်အစီအမံများဖြင့် ဖြေရှင်းနိုင်ပါမည်။ ထို့ပြင် EV ကားသမားများမှာ သူတို့ကား ဘက်ထရီသက်တမ်းကုန်၍ အသစ်လဲရမည့် ကုန်ကျစရိတ်အပေါ် စိုးရိမ်ရပြန်သည်။

သို့သော် ဘက်ထရီသက်တမ်းဆိုသည်က အလေ့အကျင့်ကောင်းများရှိလျှင် အဆင်ပြေပါသည်။ ၈ နှစ်၊ ၁၀ နှစ်ခန့်ကြာနိုင်သည့် ဘက်ထရီသက်တမ်းနှင့် ရှည်လျားသော ယင်းကာလအတွင်း သက်သာရာရခဲ့သည့် ကုန်ကျစရိတ်များကို ကြိုတင်တွက်ချက်စုဆောင်းထားရှိသင့်ပါသည်။ ထို့ပြင် ဆောင်ရန်၊ ရှောင်ရန်များကို လိုက်နာနိုင်ရန်လည်း လိုပါသည်။ ဘယ်လိုအခြေအနေမှာ အလွန်အကျွံ အားမသွင်း သင့်ပါသလဲ၊ အောက်ဆုံးသုည အထိ အားသွင်းသင့်ပါသလား၊ အမြဲနီးပါးသွင်း DC ထက် ရိုးရိုးအားသွင်း အိမ်သုံး AC ဖြင့် အားသွင်းခြင်းက ပို၍ အဆင်ပြေနိုင်ပါသည်။ ကားကို မသုံးဘဲ ကြာရှည်ရပ်မထားသင့်၊ နေပူပြင်းပြင်းအောက်မှာ ကြာရှည်ရပ်မထားသင့် ဆိုသော သတိပေးစကားမျိုး မကြာမကြာ ကြားဖူးကြပါလိမ့်မည်။ မောင်းနှင်နေစဉ်ဘရိတ်နင်းသည့် အခါ ရွေ့လျားစွမ်းအင်အဖြစ်မှ လျှပ်စစ်စွမ်းအင်ပြန်ရအောင် လျှပ်စစ်မော်တာက လုပ်ပေးနေကြောင်း

“ လောင်စာဆီသုံးကား အိတ်ဇောမှထွက်သည့် ကာဗွန်ဒိုင်အောက်ဆိုက်လို အဆိပ်ငွေ့မျိုးက လူ့ကျန်းမာရေးနှင့် သဘာဝပတ်ဝန်းကျင်ကို ဆိုးဆိုးရွားရွား ထိခိုက်စေသည်မှာ အားနည်းချက်တစ်ခုဖြစ်နေသည်။ အင်ဂျင်ကားနှင့် မီးခိုးမထွက်၊ အိတ်ဇောမပါသည့် ဘက်ထရီကားများ၏ အားသာ၊ အားနည်းချက်ကို စဉ်းစားရာတွင် အရေးအကြီးဆုံးက ကျန်းမာရေးနှင့် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်ရမည့် တာဝန်နှင့်ယှဉ်၍ စဉ်းစားရန် တာဝန်ရှိခြင်းပင် ဖြစ်သည်။ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်ပြီး မိမိပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေဖြစ်မည့် EV မျိုးကို ပြောင်းလဲသုံးစွဲခြင်းဖြင့် သင့်ကျန်းမာရေးကို စောင့်ရှောက်ရာရောက်သလို သဘာဝပတ်ဝန်းကျင်အားလည်း ကယ်တင်ရာ ရောက်သည်ကို အားသာချက်တစ်ခုအနေဖြင့် မြင်သင့်ပါသည်။ ”

မိုးမြင့်

သိထားရပါမည်။ ကောင်းတာတွေအပေါ်မှာ သတိထားပြီး ထပ်ဆင့်ဆင်ခြင်စရာတွေကို မပေါ့ဆမိရန် ဂရုစိုက်ခြင်းဖြင့် EV ၏ အားသာချက်များကို ပိုမိုပေါ်လွင်အောင် ပညာပေးရပါမည်။

ဘယ်လိုစိန်ခေါ်မှုမျိုး ဖြစ်ဖြစ်ပါ။ လက်တွေ့ EV ယာဉ်မောင်းသူများ၏ အပြောအရ EV သုံးရာတွင် ကြာရှည်သုံးလေ ပို၍တန်လေဟု ဆိုသည်။ ကုန်ကျစရိတ်အပိုင်းမှာ သိသိသာသာ ကွာခြားသွား၍ ဖြစ်သည်။ တစ်ကီလိုမှု ကားရွေ့တိုင်းမှာ ကုန်ကျစရိတ် ဘယ်လောက်သက်သာနေပါသလဲ၊ ရှင်းရှင်းလေးတွက်ကြည့်ပြီး လျှပ်စစ်မီတာအားသွင်းခနှင့် စက်သုံးဆီဈေးကိုပဲ နှိုင်းယှဉ်ကြည့်လိုက်ပါ။

ယနေ့ စက်သုံးဆီဈေးက တစ်လီတာ ၄၄၈၅၀-၅၀၀၀ ကျပ်အရောင်းအဝယ်ရှိနေသည်။ အားသွင်းခက အိမ်သုံးမီတာဆိုလျှင် ၁ ယူနစ် ကျပ် ၁၂၅- ၁၅၀၊ Station မှာဆိုလျှင် ၁ ယူနစ် ကျပ် ၇၀၀-၇၅၀ သတ်မှတ်ချက်များနှင့် တွက်ချက်ကြည့်နိုင်သည်။ အင်ဂျင်ကား ကီလိုမီတာ ၁၀၀ မောင်းလျှင် ကုန်ကျသည့် စက်သုံးဆီပမာဏနှင့် EV ကို ကီလိုမီတာ ၁၀၀ မောင်းလျှင် မီတာခကုန်ကျစရိတ် နှိုင်းယှဉ်သည့်အခါ အင်ဂျင်ကားဆီဖိုးထက် အိမ်သုံးမီတာသုံး EV ကားက ၁၅ ဆ၊ Station charging သုံး EV က သုံးဆခန့် ကုန်ကျစရိတ်မှာ ပိုမိုသက်သာသည်ဟု အမှန်တကယ် လက်တွေ့အသုံးပြုသူများ ကိုယ်တိုင် ပြောပြချက်များအရ သိရသည်။ ထို့ပြင် အင်ဂျင်ဝိုင်ဖိုး၊ ပလပ်လဲရမည့်ဝန်တာ၀၊ ဖီလ်တာ (Filter) ဖိုးများတွင်လည်း သက်သာသွားသည်ဟု ဆိုသည်။ ပြုပြင်ထိန်းသိမ်းမှု ကုန်ကျစရိတ်တွင်လည်း များစွာသက်သာသွားသည်။

ထို့ပြင် EV မောင်းနှင်သူတစ်ဦးတွင် ပိုမိုကောင်းမွန်သည့် စိတ်ခံစားမှုမျိုးများ ရှိနိုင်ပါသည်။ မည်သို့ ရရှိနိုင်ပါသလဲ။ ကိုယ်တိုင်မောင်းဖူးလျှင်တောင် လက်တွေ့မောင်းသူများ၏ စိတ်ခံစားချက်မျိုး မိမိကိုယ်တိုင် ခံစားဖူးပါသည်။ လျှပ်စစ်မော်တာ၏ သာလွန်ချက်ဖြင့် အရှိန်မြှင့်မောင်းနှင်နိုင်စွမ်းက လိုရာခရီးကို ပိုပြီးမြန်မြန်ဆန်ဆန် ရောက်သွားစေသလား ခံစားရသည်။ ကားမောင်းသည့်အခါ တိတ်တိတ်ဆိတ်ဆိတ်၊ စိတ်ဖိစီးမှုနည်းနည်းဖြင့် ပို၍ ခရီးရောက်ချင်ကြမည်ဟုလည်း ထင်ပါသည်။

သဘာဝပတ်ဝန်းကျင်အတွက် တာဝန်သိသူ တစ်ဦးသဖွယ် ဖွံ့ဖြိုးမှုကဏ္ဍတွင် ကိုယ်တိုင်ပါဝင်နေရသူ၏ မြင့်မြင့်မားမား ခံစားချက်မျိုးကို ဘာနှင့်မျှ လဲနိုင်မည်မထင်ပါ။ ထို့ပြင် ယခုလို စက်သုံးဆီ ဈေးနှုန်းများ မြင့်တက်နေသည့်အခြေအနေမှာ ကုန်ကျစရိတ်နှင့် ထိရောက်မှုကို စွမ်းဆောင်ရည်ရှိရှိဖြင့် ချွေတာတတ်သူတစ်ဦးအဖြစ် မိမိကိုယ်မိမိ ပုံဖော်နိုင်ပါလိမ့်မည်။ ယနေ့ခေတ်က အရာရာ နည်းပညာခေတ်ကြီးဖြစ်နေသည်။ ယခုလို နည်းပညာခေတ်တွင် ကိုယ်တိုင်လည်း နည်းပညာနောက်စီးမျောလိုက်ပါနိုင်သူ ဖြစ်နေပြီလား၊ ကောင်းမွန်သောခံစားမှု ရှိနိုင်ပါသည်။

အချုပ်အားဖြင့် ကျွန်တော်တို့အားလုံး၌ ရှိနှင့်သည့် အရင်းအမြစ်အားလုံးက အကန့်အသတ်နှင့် သာ ဖြစ်ပါသည်။ ဘာပဲလုပ်လုပ် စီမံခန့်ခွဲရာတွင် မိမိသုံးစွဲလိုက်သည့် ကုန်ကျစရိတ်ကို ထိထိရောက်ရောက်ရှိအောင်၊ ထိရောက်မှုအရှိဆုံး အမျိုးအစား/နည်းလမ်းကို ရွေးချယ်နိုင်မည့် Cost-effectiveness ရှိရန်နှင့် ကုန်ကျစရိတ်ကို အနည်းဆုံးနှင့် ချွေတာနိုင်စွမ်းရှိသည့် Cost-efficiency ရှိရန်သည် အရေးကြီးလှပါသည်။ သို့မှသာ သုံးစွဲလိုက်ရသည့် အရင်းအနှီးနည်းနည်းဖြင့် အကျိုးကျေးဇူးများရာ၊ အရည်အသွေးပြည့်မီရာ Cost-benefit သို့ ဆိုက်ရောက်နိုင်ပါမည်။ ။



ကယားပြည်နယ်၌ လူထုဖြန့်ပျိုးပင်ပေါင်း ၅၀၀၀၀ ပျိုးထောင်ထားရှိ

လွိုင်ကော် ဇွန် ၆

ကယားပြည်နယ်၌ ၂၀၂၆ ခုနှစ် ပထမအကြိမ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတော်ကို ယနေ့နံနက်ပိုင်းတွင် လွိုင်ကော်တက္ကသိုလ်ကျောင်းဝင်းအတွင်း၌ ကျင်းပရာ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအုံမော်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ဒေသကွပ်ကဲရေးမှူး၊ ပြည်နယ်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နာယက၊ ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကား ပြောကြား၍ တက်ရောက်လာသူများထံ ပျိုးပင်များ ဖြန့်ဝေပေးဖြိုး အဖွဲ့ဝင်များနှင့်အတူ သတ်မှတ်နေရာများ၌ အထိမ်းအမှတ်ပျိုးပင်များကို စိုက်ပျိုးပေးကာ ပျိုးပင်များ စုပေါင်းစိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

ယနေ့အခမ်းအနားတွင် ကျွန်းနှင့် ကံ့ကော်အပါအဝင် သစ်မျိုး ၁၅ မျိုး၊ အပင်ပေါင်း ၂၀၀၀ ကို စိုက်ပျိုးသွားမည်ဖြစ်ပြီး ယခုနှစ်အတွက် ပျိုးပင်ပေါင်း ၅၀၀၀၀ ပျိုးထောင်ထားရှိကာ ဌာနဆိုင်ရာများ၊ တပ်ရင်းတပ်ဖွဲ့များနှင့် ပြည်သူလူထုသို့ ဖြန့်ဝေသွားမည်ဖြစ်သည်။

အခမ်းအနားအပြီးတွင် နောင်ယား (က)ရပ်ကွက် ရှိပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနမှ စိုက်ပျိုးထားသည့် စံပြစိုက်ခင်း၊ စိုက်ပျိုးရေးခြံအတွင်း စားဖိုဆောင်သီးနှံများ၊ နှစ်ရှည်သီးနှံများ စိုက်ပျိုးထားရှိမှုနှင့် အောင်မြင်ဖြစ်ထွန်းနေမှုကို လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

ပြည်နယ်(ပြန်/ဆက်)

နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း (စစ်တွေ)ရှိ ကျောင်းသား ကျောင်းသူများအား တွေ့ဆုံအားပေး

စစ်တွေ ဇွန် ၆

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးနိုင်ဦးသည် ယနေ့ နံနက်ပိုင်းတွင် နယ်စပ်ဒေသတိုင်းရင်းသား လူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း (စစ်တွေ) ရှိ ကျောင်းသား ကျောင်းသူများအား သွားရောက်တွေ့ဆုံ အားပေးစကားပြောကြားပြီး သင်တန်းကျောင်းရှိ ကျောင်းသား ကျောင်းသူ အိပ်ဆောင်များနှင့် စားရိပ်သာတို့ကို ကြည့်ရှုစစ်ဆေးသည်။**(အောက်ပုံ)**

ထို့နောက် ရွာကြီးခြောက်ရပ်ကွက် ယာယီ အားကစားကွင်း၊ မြို့သူကြီးရပ်ကွက် ယာယီ အားကစားကွင်းနှင့် အိုလံပစ်အားကစားကာယပညာနှင့် အလေးမအသင်းရုံတို့ကို လည်းကောင်း၊ ပြည်နယ်လမ်းဦးစီးဌာနရှိ သိုလှောင်ရုံများကို လည်းကောင်း၊ မင်းဂံရပ်ကွက်အတွင်း ရေစီးရေလာကောင်းမွန်ရေးအတွက်ရေဖြောင်းများတူးဖော်နေမှုကိုလည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

တင်ထွန်း

(ပြန်/ဆက်)



ကျင်ပြည်နယ်ဝန်ကြီးချုပ် ၂၀၂၆ ခုနှစ် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်

မြစ်ကြီးနား ဇွန် ၆

မြစ်ကြီးနားမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၂၆ ခုနှစ် မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းတွင် မြစ်ကြီးနားမြို့ ခူဝါဓော်ရစ်လမ်းမ၌ ကျင်းပရာ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်နှင့် ဇနီး၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ ပင်စင်စားနှင့် ဒေသခံပြည်သူများ ပါဝင်သည့် စုစုပေါင်းအိမ်ထောင်စု ၁၉၃၂ စုအတွက် ဆန် ၂၄ ပြည် ပါ၁၀၂၅ အိတ်ကို လည်းကောင်း၊ သတ်မှတ်နေရာများ၌ သပြေဘူတ၊ ဗာဒံ၊ ငုတ်၊ စင်ကာပူချယ်ရီ၊ ကံ့ကော်၊ ငုစပ်ချယ်ရီ၊ ပိတောက်နှင့် Fox Tail စသည့် ပျိုးပင် စုစုပေါင်း ၂၂၆၃ ပင်ကို တပျော်တပါး စုပေါင်းစိုက်ပျိုးကြသည်။

ထို့နောက် မနောရွှေပြည်ခန်းမ၌ ဗန်းမော်ခရိုင်အတွင်းရှိ ဗန်းမော်၊ မိုးမောက်၊ မံစိမြို့နယ်များမှ ဘာသာရေးအသင်းတော်များ၊ ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ ပင်စင်စားနှင့် ဒေသခံပြည်သူများ ပါဝင်သည့် စုစုပေါင်းအိမ်ထောင်စု ၁၉၃၂ စုအတွက် ဆန် ၂၄ ပြည် ပါ၁၀၂၅ အိတ်ကို လည်းကောင်း၊ KBC အသင်းတော် ဖွံ့ဖြိုးရေးခြံဝင်းအတွင်းမှ ဦးတင်မြင့်ပိုင် ကျွန်းတော ခြံဝင်းအတွင်း ပြောင်းရွှေ့ နေထိုင်ကြသည့် မိသားစု ပြောင်းရွှေ့နေထိုင်မှုအတွက် ငွေကျပ်သိန်း ၁၀၀ ကို လည်းကောင်း ထောက်ပံ့ပေးအပ်သည်။

ဆက်လက်၍ မြစ်ကြီးနားမြို့ စီတာပူမနောကွင်းရှိ မဂ္ဂယိခန်းမ၌ ကျင်းပလျက်ရှိသော မုတ်သုံဦး MSME ပြပွဲ/ပြိုင်ပွဲနှင့် ဈေးရောင်းပွဲတော်ကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)



မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ဝင်းသန်း ပိန္နဲကုန်းစံပြကျေးရွာ၌ မွေးမြူရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှု ကြည့်ရှုအားပေး

မော်လမြိုင် ဇွန် ၆

မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ဝင်းသန်းသည် ပြည်နယ် ဝန်ကြီးများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် ကျိုက်မရောမြို့နယ် ပိန္နဲကုန်းစံပြကျေးရွာရှိ ဦးသက်ပိုင်စိုး၏ ကြက်မွေးမြူရေး ခြံ၌ ဥစားကြက်အကောင်ရေ ၇၅၀၀၊ အသားစားကြက်အကောင်ရေ ၆၀၀၀ မွေးမြူအောင်မြင်ဖြစ်ထွန်းနေမှုနှင့် ငါးမွေးမြူရေး ကန်အတွင်း ငါးမြစ်ချင်း အကောင်ရေ ၁၅၀၀၀၊ ငါးတန် အကောင်ရေ ၁၅၀၀၀ နှင့် ရေချို ငါးမုတ် အကောင်ရေ ၁၅၀၀၀ မွေးမြူအောင်မြင်ဖြစ်ထွန်းနေမှု တို့ကို လှည့်လည်ကြည့်ရှုသည်။

ထိုသို့ကြည့်ရှုစဉ် ပြည်နယ် ဝန်ကြီးချုပ်က မွေးမြူရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် ခေတ်မီနည်းစနစ်များ အသုံးပြု မွေးမြူသည့် နည်းလမ်းများကို ဆောင်ရွက်ကြရန်၊ မွေးမြူရေး ခြံသန့်ရှင်းရေးနှင့် ရောဂါကူးစက် မှုဖြစ်ပွားစေရေး ကြိုတင်ဆောင် ရွက်ထားရှိရန်၊ မွန်ပြည်နယ် အတွင်း ရေချိုငါး၊ ပုစွန်မွေးမြူရေး လုပ်ငန်းများ တိုးချဲ့လုပ်ဆောင်ရန်၊ ငါးစားသုံးမှု ဖွုံလုံပိုလွှဲမှုရှိစေရေး နှင့် အလုပ်အကိုင်အခွင့်အလမ်း များ ပိုမိုရရှိလာစေရေး တိုးချဲ့ ဆောင်ရွက်ကြရန် ဆွေးနွေး မှာကြားကာ လိုအပ်သည်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)



နိုင်ငံတစ်ဝန်း စိမ်းလန်းဖို့၊ သစ်ပင်စိုက်ပျိုး ထိန်းသိမ်းစို့။



မိုင်းယောင်းမြို့နယ်၌ ကျွဲ၊ နွား လည်ချောင်းကွဲရောဂါ ကာကွယ်ဆေးများ ကွင်းဆင်းထိုးနှံ

မိုင်းယောင်း ဇွန် ၆

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်း မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါက်တာတင့်တင့်လွင်နှင့် ဝန်ထမ်းများက ယမန်နေ့က ဟောင်ကြန့်ကျေးရွာအုပ်စု ဟောင်ကြန့်ကျေးရွာရှိ တောင်သူများ၏ နွား ၁၂၆ ကောင်အား လည်ချောင်းကွဲရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးခဲ့ကြောင်း သိရသည်။ **နန်းစီဖောင်း(ပြန်/ဆက်)**

နှစ် ၂၀ တစ်ဝိုက် အချိန်ကိုက် တို့စိုက်ခဲ့လျှင် အကောင်းဆုံးပင်၊ အခုချိန်စိုက် နောက်မကျ ဒုတိယအကြိမ် အကောင်းဆုံးပ။

သတိပြုမှ ဘေးကင်းမည့် မိုးသက်လေပြင်းနှင့် မုန်တိုင်းအန္တရာယ်

မြန်မာနိုင်ငံတွင် နွေအကူး၊ မိုးအကြိုကာလ(ဧပြီလမှ ဇွန်လဆန်း)နှင့် မိုးနှောင်းကာလ(အောက်တိုဘာလမှ နိဝင်ဘာလ) များသည် ဘင်္ဂလားပင်လယ်အော်အတွင်း မုန်တိုင်းများအဖြစ်များသည့် ရာသီများဖြစ်ကြသည်။ မုန်တိုင်းနှင့်အတူ ပါလာတတ်သည့် မိုးသက်လေပြင်း၊ မိုးကြိုးပစ်ခြင်း၊ မိုးသီးကြွေခြင်းနှင့် လျှပ်တစ်ပြက်ရေကြီးခြင်းတို့သည် အချိန်တိုအတွင်း ပျက်စီးဆုံးရှုံးမှု ကြီးမားစွာ ဖြစ်ပေါ်စေနိုင်သည်။

ချစ်သက်လယ်(ပြန်/ဆက်)

သဘာဝဘေးအန္တရာယ်ကို တားဆီး၍မရသော်လည်း “မှန်ကန်သော ဗဟုသုတနှင့် ကြိုတင်ပြင်ဆင်မှု” ရှိပါက ဆုံးရှုံးနိုင်ခြေကို အနည်းဆုံးအထိ လျှော့ချနိုင်မည်



သဘာဝဘေးအန္တရာယ်ကို တားဆီးနိုင်မရသော်လည်း “မုန်တိုင်းသတိပေးချက်” ရှိပါက ဆုံးရှုံးမှုကို သိသိသာသာ လျော့ချနိုင်ပါသည်။ ဓာတ်ပုံဖိုင်

သဘာဝဘေးအန္တရာယ်ကို တားဆီး၍မရသော်လည်း “မုန်ကန်သော ဗဟုသုတနှင့် ကြိုတင်ပြင်ဆင်မှု” ရှိပါက ဆုံးရှုံးနိုင်ခြေကို အနည်းဆုံးအထိ လျှော့ချနိုင်မည်ဖြစ်သည်။

လေပြင်းဓတိုက်ခတ်မှု (ကြိုတင်ပြင်ဆင်ခြင်းအဆင့်)

ဘေးမသီရန်မခဓ ကြိုတင်စီမံခြင်းက မိသားစုကို ကာကွယ်ရန် အကောင်းဆုံးနည်းလမ်းဖြစ်သည်။

(က) **အိမ်တည်ဆောက်ပုံ ခိုင်ခံ့အောင် အဆင့်မြှင့်ပါ။** မိမိတို့နေအိမ်၏ အမိုးအကာများ၊ တိုင်များနှင့် မင်းတုပ်များကို စစ်ဆေးပါ။ အမိုးသွပ်ပြားများ လွင့်မထွက်စေရန် သံရိုက်ခြင်း သို့မဟုတ် သဲအိတ်များဖြင့် ဖိထားခြင်း၊ ခေါင်မိုးကို ကြိုးဖြင့် ကျောက်ချချည်နှောင်ခြင်းများ ပြုလုပ်ပါ။

(ခ) **ပတ်ဝန်းကျင်အန္တရာယ်များ ဖယ်ရှားပါ။** အိမ်ပေါ်သို့ ပိကျနိုင်သော သစ်ကိုင်းခြောက်များ၊ ဆွေးမြည့်နေသော သစ်ပင်များကို ကြိုတင်ခုတ်ထွင်ပါ။ လေပြင်းတိုက်ပါက လွင့်စဉ်ပြီး အန္တရာယ်ပြုနိုင်သည့် အိမ်ပတ်ပတ်လည်မှ ပစ္စည်းများကို သိမ်းဆည်းပါ။

(ဂ) **“အရေးပေါ်အိတ်” (Go-Bag) ပြင်ဆင်ပါ။** ရေစိုခံအိတ်တစ်ခုအတွင်း အနည်းဆုံး သုံးရက်စာ ရိက္ခာခြောက်နှင့် သောက်ရေသန့်၊ လက်နှိပ်ဓာတ်မီး၊ ဖယောင်းတိုင်၊ မီးခြစ်နှင့် Power Bank၊ ရေးဦးသူနာပြုဆေးအိတ်နှင့် မိမိတို့သောက်နေကျ အရေးကြီးဆေးဝါးများ၊ ရေဒီယို(မုန်တိုင်းတိုက်ချိန်တွင် ဗုန်းလိုင်းနှင့် အင်တာနက်ပြတ်တောက်ပါက မိုးလေဝသသတင်းနားထောင်ရန် တစ်ခုတည်းသော လမ်းကြောင်းဖြစ်သည်)၊ မှတ်ပုံတင်၊ အိမ်ထောင်စုစာရင်း၊ ဘဏ်စာအုပ် စသည့် အရေးကြီးစာရွက်စာတမ်းများကို ပလတ်စတစ်အိတ်ဖြင့် ထုပ်ပိုး၍ ထည့်ထားပါ။

(ဃ) **မိသားစုအရေးပေါ်စီမံချက် ဆွဲထားပါ။** ဆက်သွယ်ရေးပြတ်တောက်သွားပါက အချင်းချင်း မည်သည့်နေရာတွင် ပြန်ဆုံကြမည်ဆိုသည့် အရေးပေါ်ဆုံရပ်ကို ကြိုတင်သတ်မှတ်ထားပါ။

လေပြင်းတိုက်ခတ်နေစဉ် (ဘေးကင်းစွာ ခိုလှုံခြင်းအဆင့်)

မုန်တိုင်းစတင်ကျရောက်ချိန်တွင် အထိတ်တလန့်မဖြစ်ဘဲ မှန်ကန်စွာ တုံ့ပြန်ရန် လိုအပ်သည်။

(၁) **အိမ်တွင်း သို့မဟုတ် အဆောက်အအုံအတွင်း ရောက်ရှိနေပါက-**

(က) **အပြင်သို့ လုံးဝမထွက်ပါနဲ့။** ခိုင်ခံ့သောအဆောက်အအုံအတွင်းဘဲသာ ဆက်နေပါ။ ယာယီတဲများ၊ သွပ်မိုး အမိုးအကာများအောက်တွင် မခိုလှုံပါနှင့်။

(ခ) **တံခါးများ ပိတ်ဆို့ပါ။** လေဖိအားကြောင့် အမိုးလွင့်မထွက်စေရန် လေဝင်ပေါက်၊ ပြတင်းပေါက်နှင့် တံခါးအားလုံးကို သေချာစွာပိတ်ပြီး မင်းတုပ်ထိုးပါ။

(ဂ) **မှန်များနှင့် ဝေးဝေးနေပါ။** လေပြင်းဒဏ်ကြောင့် မှန်ပြတင်းပေါက်များ ကွဲအက်ကာ စဉ်ထွက်တတ်သဖြင့် အိမ်၏ဗဟိုချက် (သို့မဟုတ်) မှန်မရှိသောအခန်း (ဥပမာ- ရေချိုးခန်း၊ လျှောက်လမ်း)တွင် ခိုလှုံပါ။

(ဃ) **လျှပ်စစ်အန္တရာယ် သတိပြုပါ။** မိုးကြိုးပစ်ခြင်းနှင့် ပိုင်ယာရှော့ခ်ဖြစ်ခြင်းတို့မှ ကာကွယ်ရန် တီဗွီ၊ ရေခဲသေတ္တာနှင့် အိမ်သုံးလျှပ်စစ်ပစ္စည်းများ၏ ပလပ်များကို ဖြုတ်ထားပါ။ လေပြင်းတိုက်နေစဉ် ဗုန်းအားသွင်းခြင်းနှင့် လိုင်းဗုန်းအသုံးပြုခြင်းကို ရှောင်ကြဉ်ပါ။

(၂) **အပြင်ဘက်လွှင့်ပြင်တွင် ရောက်ရှိနေပါက-**

(က) **အန္တရာယ်ရှိသော နေရာများကို ရှောင်ပါ။** လဲကျနိုင်သော ဓာတ်တိုင်များ၊ အမြင့် Target ဆိုင်းဘုတ်များ၊ သစ်ပင်ကြီးများနှင့် ရထားသံလမ်းအနီးတွင် မနေပါနှင့်။

(ခ) **မြေနိမ့်မှိုင်းတွင် ခိုလှုံပါ။** ခိုလှုံစရာ အဆောက်အအုံမရှိပါက ရေကြီးရေလျှံမှုမရှိနိုင်သော မြေနိမ့်မှိုင်းစိမ့်မြောင်းသို့မဟုတ် ကျင်းတစ်ခုခုအတွင်း ဝပ်နေပြီး ဦးခေါင်းကို လက်ဖြင့် အုပ်ထားပါ။

(ဂ) **ယာဉ်မောင်းနှင်မှုကို ရပ်တန့်ပါ။** ကားမောင်းနေပါက ဘေးကင်းသောနေရာတွင် ရပ်တန့်ပြီး အင်ဂျင်ပိတ်ကာ ကားထဲ၌သာနေပါ။ သစ်ပင်နှင့် ဓာတ်တိုင်အောက်တွင် ကားမရပ်မိပါစေနှင့်။

လေပြင်းတိုက်ခတ်ပြီးနောက် (ပြန်လည်ထူထောင်ရေးနှင့် ကယ်ဆယ်ရေးအဆင့်)

မုန်တိုင်းအန္တရာယ် ငြိမ်သက်သွားသော်လည်း နောက်ဆက်တွဲ အန္တရာယ်များရှိနေသေးသည်ကို သတိပြုရပါမည်။

(က) **ပြတ်ကျနေသော မီးကြိုးများကို လုံးဝမကိုင်ပါနှင့်။** လမ်းဘေးတွင် ပြတ်ကျနေသော ဝိုင်ယာကြိုးများ၌ လျှပ်စစ်ဓာတ်အား ကျန်ရှိနေတတ်သဖြင့် အသက်အန္တရာယ်ရှိပါသည်။ ချက်ချင်းရှောင်ရှားပြီး သက်ဆိုင်ရာသို့ အကြောင်းကြားပါ။

(ခ) **အဆောက်အအုံ ပျက်စီးမှုများကို သတိထားပါ။** တစ်ဝက်တစ်ပျက် ပြိုကျနေသောနံရံများ၊ မခိုင်ခံ့တော့သော အမိုးများအနှီးသို့ မသွားပါနှင့်။

(ဂ) **အားနည်းသူများကို ဦးစားပေးကူညီပါ။** မိမိပတ်ဝန်းကျင်ရှိ ကလေးငယ်များ၊ ကိုယ်ဝန်ဆောင်မိခင်များ၊ သက်ကြီးရွယ်အိုများနှင့် မသန်စွမ်းသူများကို ဦးစားပေး ရှာဖွေကယ်ဆယ်ပါ။ ဒဏ်ရာရရှိသူများရှိပါက နီးစပ်ရာ ကျန်းမာရေးဌာနသို့ အမြန်ဆုံးပို့ဆောင်ပါ။

(ဃ) **သောက်ရေနှင့် အစားအသောက် သန့်ရှင်းပါစေ။** မုန်တိုင်းအပြီးတွင် ရေအရင်းအမြစ်များ ညစ်ညမ်းတတ်သဖြင့် ဝမ်းပျက်ဝမ်းလျှောရောဂါ၊ မဖြစ်ပွားစေရန် ရေကို ကျိုချက်သောက်သုံးပါ။

အရေးကြီးဆုံး သိပ္ပံနည်းကျ အချက်ပြချက်တစ်ခု - “မုန်တိုင်းမျက်စိ”

မုန်တိုင်းတိုက်ခတ်နေစဉ်အတွင်း ရုတ်တရက် လေငြိမ်သွားပြီး မိုးတိတ်သွားတတ်သည်။ ယင်းသည် မုန်တိုင်းပြီးဆုံးသွားခြင်း မဟုတ်ဘဲ မုန်တိုင်း၏ ဗဟိုချက် (Eye) ရောက်ရှိလာခြင်းသာဖြစ်သည်။ ခေတ္တမျှအကြာတွင် နောက်ထပ်တစ်ကျော့ ပြင်းထန်သော လေပြင်းများ ဆန့်ကျင်ဘက်အရပ်မှ ပြန်လည်တိုက်ခတ်လာမည်ဖြစ်ရာ လေငြိမ်သွားသည့်အချိန်၌ အပြင်သို့အလျင်စလိုထွက်ခြင်းမျိုး လုံးဝ မပြုလုပ်သင့်ပါ။


သတင်းအချက်အလက်များကို မျက်ခြည်မပြတ် နားထောင်ပြီး အချင်းချင်း မျှဝေသတိပေးကြပါရန် တိုက်တွန်းရေးသားလိုက်ရပါသည်။

“ကြိုတင်ပြင်ဆင်ခြင်းက ကြောက်ရွံ့ခြင်းကို လျှော့ချပေးနိုင်ပြီး အသက်ပေါင်းများစွာကို ကယ်တင်နိုင်ပါသည်။”

ရန်ကုန်မြို့တွင်း အထင်ကရနေရာများ လမ်းညွှန်စာအုပ်ဖြန့်ချိ

နေပြည်တော် ဇွန် ၆

ဘယ်အရပ် ဘယ်ဒေသကပဲ ရန်ကုန်မြို့ကိုလာလာ ရန်ကုန်ရောက်ရင် ဘယ်နေရာဘယ်ဒေသကိုသွားလာ လည်ပတ်သင့်သလဲ၊ မိမိသွားလာ လည်ပတ်သင့်သည့် နေရာက ဘယ်နေရာမှာရှိသလဲ သိနိုင်ကြောင်းကိုပါ တစုတစည်းတည်း ဖော်ပြပေးထားသော သတင်းစာဆရာ၊ စာရေးဆရာသာဉာဏ် (ရန်ကင်း) ရေးသားပြုစုထားသည့် “ရန်ကုန်မြို့တွင်းက အထင်ကရနေရာများ လမ်းညွှန်စာအုပ်” ထွက်ရှိပါပြီ။



ဤစာအုပ်သည် ခရီးသွားလမ်းညွှန်စာအုပ် သက်သက်သာမဟုတ်ဘဲ မိမိသွားရောက်သော နေရာဒေသများမှ သမိုင်းကြောင်းခြင်းရာများပါ စုစည်းဖော်ပြပေးထားသည့်အတွက် ခရီးလည်းသွား၊ ဗဟုသုတလည်းရ ဆိုသလို အရွယ်သုံးပါးသာမက မိမိ၏ အနာဂတ် မျိုးဆက်သစ်များအထိ ပါ အသုံးဝင် တန်ဖိုးထားရမည့် စာအုပ်တစ်အုပ်ဖြစ်ခြင်းကြောင့် လူတိုင်း အိမ်တိုင်းဝယ်ယူသိမ်းဆည်း ဖတ်ရှုသင့်သည့် စာအုပ်ဖြစ်ပါသည်။

ထို့ကြောင့် အနယ်နယ်အရပ် ရပ်မှသာမက ပြည်ပမှ ရန်ကုန်မြို့သို့ လာရောက်ကြမည့် ခရီးသွားများအနေဖြင့် ရန်ကုန်မြို့တွင်းမှ အထင်ကရ သွားလာလည်ပတ်သင့်သောနေရာ ၂၅ ခုကို YBS လမ်းကြောင်း၊ Taxi လမ်းကြောင်းများနှင့် ဖော်ပြထားသည့်အပြင် ရန်ကုန်မြို့၏ သမိုင်းဝင်ရှေးဟောင်း အမွေအနှစ် အဆောက်အအုံ လမ်းညွှန်များ၊ ရန်ကုန်မြို့မှ နေ့ချင်းပြန်နှင့် ညအိပ်ညနေ (Day Trip) သွားရောက်လည်ပတ်အပန်းဖြေ အနားယူသင့်သည့် နေရာများ၊ ရန်ကုန်ဖြစ်အတွင်း ညနေရှုခင်းကြည့် သင်္ဘောခရီးစဉ်၊ ရေလေ်စားသောက်ဆိုင်နှင့် ဟိုတယ်များ၊ အငှားယာဉ် Taxi နှင့် YBS ယာဉ်လမ်းကြောင်း လမ်းညွှန်များ စသည်တို့ကို လမ်းညွှန်ဖော်ပြပေးထားသည်။

စာအုပ်ကို ဝယ်ယူလိုပါက စိတ်ကူးချိုချို စာအုပ်တိုက် (ရုံးချုပ်) ရန်ကုန်မြို့ တာမွေမြို့နယ် နတ်ချောင်းရပ်ကွက် သိရိမင်္ဂလာရာမကျောင်းလမ်း အမှတ်(၇/၈) ဖုန်း ၀၉-၂၆၈၆-၉၀၀၀၃၊ ရန်ကုန်မြို့နှင့် နယ် စာအုပ်ဆိုင်များတွင် တစ်အုပ်လျှင် ငွေကျပ် ၁၈၀၀ ဖြင့် ဝယ်ယူရရှိနိုင်သည်။

သတင်းစဉ်



ပန်းတောင်းမြို့နယ်၌ နွေနှမ်းစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း

ပန်းတောင်း ဇွန် ၆

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ် ငါးဆယ်ပေးအုပ်စု၌ တောင်သူခြောက်ဦး စိုက်ပျိုးထားသော နွေနှမ်း (မကွေးနှမ်းနက်-၂/၁၄) စိုက်ခင်း ၁၅ ဧကသည် စိုက်ပျိုးပြီး ၄၅ ရက်သားရောက်ရှိနေပြီး အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်းနှင့် မင်းရပ်ကိုင်းခုံတွင် စိုက်ပျိုးထားသော တောင်သူ ဦးမျိုးဇော်၏ နွေနှမ်းစိုက်ခင်း ငါးဧကသည် အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

လပြည့်လင်း(ပြန်/ဆက်)

မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ကျောင်းသန့်ရှင်းသာယာရေးဆောင်ရွက်နေမှု ကြည့်ရှုအားပေး

မကွေး ဇွန် ၆

မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်ကိုကိုသည် ယနေ့နံနက် ပိုင်းက ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းသာစွာ ပညာသင်ကြားနိုင်ရေးနှင့် ကျောင်း ပတ်ဝန်းကျင် သန့်ရှင်းသာယာလှပစေရေးအတွက် မကွေးမြို့အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်း၌ ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့များက စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုအားပေးသည်။



ကြည့်ရှုစဉ် ကျောင်းဥပဓိရုပ်ကောင်းမွန်ပြီး သန့်ရှင်းသပ်ရပ်သောပတ်ဝန်းကျင်၌ ကျောင်းသား ကျောင်းသူများ ပညာသင်ကြားခွင့် ရရှိရေးအတွက် အားလုံး ပိုင်းဝန်းကူညီဆောင်ရွက်ပေးကြရန်မှာကြားပြီး အချို့ရည်၊ မုန့်နှင့် သောက်ရေသန့်များ ဝေငှပေးခဲ့ကြောင်း သိရသည်။

မောင်ခိုင်မင်း(ပြန်/ဆက်)



မြန်မာနိုင်ငံလုံးဆိုင်ရာ သုတစုံလင်ဗုဒ္ဓဝင်ဖြေဆိုပူဇော်ပွဲ အလယ်တန်းအဆင့် ပထမဆုရှင် မအိမ့်ချစ်သူနှင့် ဆုရရှိသူများအား ဂုဏ်ပြုချီးမြှင့်ပွဲကျင်းပ

တောင်ကြီး ဇွန် ၆

မြန်မာနိုင်ငံလုံးဆိုင်ရာ သုတစုံလင်ဗုဒ္ဓဝင်ဖြေဆိုပူဇော်ပွဲ အလယ်တန်းအဆင့် ဗုဒ္ဓဝံသဝိသုကုမာရီဘွဲ့၊ ဗုဒ္ဓဝံသဗဟုသုတရတ္နဘွဲ့ရ ပထမဆုရှင် မအိမ့်ချစ်သူနှင့် ဆုရရှိသူများအား ဂုဏ်ပြုချီးမြှင့်ပွဲကို ယနေ့ညနေ ပိုင်းတွင် တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

ဦးစွာ သုတစုံလင်ဗုဒ္ဓဝင် ဒုတိယဥက္ကဋ္ဌဆရာတော် ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် ဝါယာလက်စာသင်တိုက်မှ ဒေါက်တာဘဒ္ဒန္တ သုဇနာ သုတစုံလင်ဗုဒ္ဓဝင်ဖြေဆိုပူဇော်ပွဲနှင့်စပ်လျဉ်း၍ မိန့်ကြားတော်မူသည်။

ထို့နောက် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုးက ဂုဏ်ပြုဝမ်းမြောက်စကား ပြောကြားကာ ကျင်းပရေးကော်မတီဥက္ကဋ္ဌက ဖြေဆိုပူဇော်ပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းတင်ပြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက သုတစုံလင်ဗုဒ္ဓဝင်ဖြေဆိုပူဇော်ပွဲတွင် ပြည်နယ်အဆင့်အောင်မြင်သူ ၄၃ ဦးကိုယ်စား ကျောင်းသူနှစ်ဦးနှင့် ဗုဒ္ဓဝံသဝိသာရဒဘွဲ့ရရှိသူများ၊ မူလတန်းအဆင့် စတုတ္ထဆုရှင် မောင်သူရိန်လင်း၊ ပထမဆုရှင် မအိမ့်ချစ်သူနှင့် ဗုဒ္ဓစာပေများကို သင်ကြားပြသပေးသော သီလရှင်ဆရာကြီး ဒေါ်ကေသရဉာဏီတို့ကို ဂုဏ်ပြုဆုများ၊ ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ချီးမြှင့်ကြသည်။

ယင်းနောက် ပထမဆုရှင် မအိမ့်ချစ်သူက ကျေးဇူးတင်စကား လျှောက်ထားခဲ့ကြောင်း သိရသည်။ **မောင်မောင်သန်း(တောင်ကြီး)**

ထားဝယ်မြို့၌ ၂၀၂၆ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ်အခမ်းအနား ကျင်းပ

ထားဝယ် ဇွန် ၆



၂၀၂၆ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို ယမန်နေ့နံနက် ပိုင်းက တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ မြို့တော်ခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဇော်နိုင်ဦး တက်ရောက် အမှာစကားပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ လွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ပတ်ဝန်းကျင်စီမံခန့်ခွဲမှု ကောင်းမွန်သောနေရာဒေသ(စံပြကျေးရွာ)ဆုနှင့် အခြေခံပညာအထက်တန်းအဆင့်၊ အလယ်တန်းအဆင့်၊ မူလတန်းအဆင့် သန့်ရှင်း၍ စိမ်းလန်းစိုပြည်သော ကျောင်းဆုရရှိသည့် ကျောင်းများ၊ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် အခြေခံပညာအထက်တန်းအဆင့်၊ အလယ်တန်းအဆင့်၊ စာစီစာကုံးပြိုင်ပွဲနှင့် သရုပ်ဖော်ပန်းချီပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများအား ဂုဏ်ပြုဆုများ ပေးအပ် ချီးမြှင့်ခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)



ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂၄)သို့ တက်ရောက်သင်ကြားလျက်ရှိသည့် နိုင်ငံသားကောင်းများအား သွားရောက်တွေ့ဆုံ

နေပြည်တော် ဇွန် ၆

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ နယ်မြေခံသင်တန်းကျောင်း၌ ဖွင့်လှစ်သင်ကြားလျက်ရှိသော ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ် (၂၄) သို့ တက်ရောက်လျက်ရှိသည့် နိုင်ငံသားကောင်းပြည်သူ့စစ်မှုထမ်းသင်တန်းသားများအား ယနေ့မွန်းလွဲပိုင်းတွင် အနောက်တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ် အောင်ကျော်ခိုင်နှင့် တာဝန်ရှိသူများက သွားရောက်တွေ့ဆုံအားပေးသည်။

ဦးစွာ တိုင်းမှူးနှင့် တာဝန်ရှိသူများက သင်တန်းသားများ၏ စားရိပ်သာ၊ အိပ်ဆောင်များ၊ သန့်စင်ခန်းများ၊ စာကြည့်တိုက်နှင့် ဆံသဆိုင်များအား ကြည့်ရှု စစ်ဆေး၍ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက သင်တန်းသားများနှင့် အတူ နေ့လယ်စာအတူတကွသုံးဆောင်ပြီး သင်တန်းသားများအား ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးစကားပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

❑ *ကျောဖုံးမှ*

သို့ဖြစ်ရာ နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အားသုံးစွဲနိုင်မှုတွင် ဆိုလာဓာတ်အားစနစ် သိသာစွာတိုးမြှင့်ပါဝင်လာစေရန် ရည်ရွယ်သည့် အလုပ်ရုံဆွေးနွေးပွဲတစ်ရပ်ကို လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှကြီးမှူး၍ ၂၀၂၆ ခုနှစ် ဧပြီလ ပထမအပတ်အတွင်း ကျယ်ပြန့်စွာကျင်းပနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲတွင် ဆိုလာနည်းပညာ၊ ဘက်ထရီနည်းပညာ၊ ဆိုလာဓာတ်အားပေးစနစ်တို့နှင့် ပတ်သက်သည့် ပညာရှင်များ၊ လုပ်ငန်းရှင်များ၊ သက်ဆိုင်ရာအဖွဲ့အစည်းအသီးသီးမှ တာဝန်ရှိ ပုဂ္ဂိုလ်များ၊ ကျောင်းသား ကျောင်းသူများ၊ စိတ်ပါဝင်စားသူများ တက်ရောက်ဆွေးနွေးအကြံပြုကြပါရန်နှင့် ဆွေးနွေးလိုသည့် ခေါင်းစဉ်များကို အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ ဆက်သွယ်ပေးပို့ကြပါရန် အသိပေး ဖိတ်ခေါ်အပ်ပါသည်-

ဆက်သွယ်ရန် - ဦးမျိုးသန့်ထွန်း၊ ညွှန်ကြားရေးမှူး
လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန
၀၉ ၄၃၀၁၀၆၆၉၀၊ ၀၆၇ ၃၄၁၀၄၇၁
dgdptsc2021@gmail.com
လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန

■ *ကျောဖုံးမှ*

ယနေ့တွင် ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ တရားမဝင် သုံးထပ်လူနေအဆောက်အအုံသုံးလုံးကို ထပ်မံ၍ စနစ်တကျဖြိုချဖျက်ဆီးခဲ့ကြောင်း သိရှိရသည်။

ရွှေကုက္ကိုလ်နယ်မြေအတွင်း၌ အွန်လိုင်းလိမ်လည်လောင်းကစားလုပ်ငန်းများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် အဆောက်အအုံ ၇၇ လုံးအနက် ယာဉ်၊ ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၅၇ လုံးနှင့် ဖောက်ခွဲ၍ ဖျက်ဆီးမည့် အဆောက်အအုံအလုံး ၂၀ ဟူ၍ အဆောက်အအုံ အမျိုးအစားအလိုက် ခွဲခြားသတ်မှတ်ပြီး စနစ်တကျဖြိုချဖျက်ဆီးလျက်ရှိကြောင်းသိရှိရသည်။

ယနေ့တွင် ယာဉ်၊ ယန္တရားဖြင့် ဖြိုချဖျက်ဆီးရန် သတ်မှတ်ထားသည့် အဆောက်အအုံ ၅၇ လုံးအနက် သုံးထပ်လူနေအဆောက်အအုံသုံးလုံးကို ယာဉ်၊ ယန္တရားများအသုံးပြု၍ စနစ်တကျ ထပ်မံဖြိုချဖျက်ဆီးခဲ့ရာ ယနေ့အထိ စုစုပေါင်း အဆောက်အအုံ ၃၉ လုံးအား



ကရင်ပြည်နယ် မြဝတီခရိုင် ရွှေကုက္ကိုလ်နယ်မြေ၌ အွန်လိုင်းလောင်းကစားလုပ်ငန်း လုပ်ကိုင်ခဲ့သော တရားမဝင်အဆောက်အအုံများအား မဖြိုဖျက်မီနှင့် ဖြိုဖျက်ပြီးစီးမှုကို တွေ့ရစဉ်။

စနစ်တကျ ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်းနှင့် ဖျက်ဆီးရန်ကျန်ရှိသည့် တရားမဝင်အဆောက်အအုံ ၃၈ လုံးကိုလည်း ဆက်လက်၍ စနစ်တကျဖျက်ဆီးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှု တိုက်ဖျက်ရေး လုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူ၍ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေးအတွက် ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ တက်ကြွစွာ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

အိမ်ပြင်ပ၌ ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ

သာစည်မြို့နယ်နှင့် တောင်ကြီးမြို့တို့၌ ငွေကျပ်သိန်း ၁၄၀၀ တန်ဖိုးနှင့် တာချီလိတ်မြို့နယ်၌ ငွေကျပ်သိန်း ၆၀ တန်ဖိုးရှိ စိတ်ကြွရှူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

နေပြည်တော် ဇွန် ၆

သာစည်မြို့နယ်နှင့် တောင်ကြီးမြို့တို့တွင် ငွေကျပ်သိန်း ၁၄၀၀ တန်ဖိုးနှင့် တာချီလိတ်မြို့နယ်တွင် ငွေကျပ်သိန်း ၆၀ တန်ဖိုးရှိ စိတ်ကြွရှူးသွပ်ဆေးပြားများ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန် ၄ ရက် ည ၉ နာရီခွဲတွင် သာစည်မြို့နယ် ကျွတ်ဆုံကျေးရွာအနီး၌ တောင်ကြီးမှ ရန်ကုန်သို့ မောင်းနှင်လာသည့် ခရီးသည်တင် မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးရာမွေရာ ယာဉ်ပေါ်တွင် လိုက်ပါလာသော ခရီးသည် မြောက်ဥက္ကလာပမြို့နယ် (၄)ရပ်ကွက်နေ သက်ကို ဝင်း (၃၆)နှစ်ထံမှ စိတ်ကြွရှူးသွပ်ဆေးပြား ၉၀၀၀၀ (တစ်ပြား ငွေကျပ် ၁၅၀ ဖြင့် ရောင်းချရန် ရည်ရွယ်ထားသည်ဟု ဝန်ခံ ထွက်ဆိုသဖြင့် ထိုသူကို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။



ဖြစ်မှုကျူးလွန်သူ သက်ကိုဝင်းကို သိမ်းဆည်းရမိ စိတ်ကြွရှူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

ကျောက်တံခါးမြို့နယ်၌ ဖြူးမြို့မှ အထူးကုဆရာဝန်ကြီးများ အခမဲ့ကွင်းဆင်းဆေးကုသ

ကျောက်တံခါး ဇွန် ၆

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ပြည်သူ့ဆေးရုံ၌ ဖြူးမြို့ခုတင်(၁၀၀) အထွေထွေရောဂါကုဆေးရုံကြီးမှ မြို့နယ်ဆေးရုံအုပ်ကြီး ဒေါက်တာအောင်ကျော်မိုး၊ အထူးကုဆရာဝန်ကြီးများနှင့် ကျန်းမာရေးဝန်ထမ်းများက ယနေ့နံနက် ၈ နာရီတွင် မြို့နယ်အတွင်းရှိ ဒေသခံပြည်သူများအား အခမဲ့ကွင်းဆင်းဆေးကုသပေးလျက်ရှိရာ အမျိုးသား ၈၇ ဦး၊ အမျိုးသမီး ၂၀၉ ဦး စုစုပေါင်း ၂၉၆ ဦးတို့အား သက်ဆိုင်ရာ ကဏ္ဍအလိုက် ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခဲ့ပြီး ဆေးကုသပေးနေမှုများအား မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်ဆရာဝန်ကြီးနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ပြီး လိုအပ်သည်များ ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မျိုးမင်း(ပြန်/ဆက်)



အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဇော်ထုတ်အရေးယူ

နေပြည်တော် ဇွန် ၆

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသည့် CRPH ၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၆ ခုနှစ် ဇွန် ၅ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက် စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "Daw Kyin Soe" Facebook အကောင့် ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် လိပ်ပြာကန်ရပ်ကွက် မှော်ကန် ၁ လမ်းနေ ကျင်စိုး(၆၈) နှစ်အား ည ၇ နာရီ မိနစ် ၅၀ တွင် ပဲခူးမြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ချမ်းမြသာစည်မြို့နယ်၌ ဝန်အားမျှကူနိုင်ရန် ထရန်စဖော်မာတစ်လုံး ထပ်မံတပ်ဆင်

ချမ်းမြသာစည် ဇွန် ၆

မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်၌ ယနေ့နံနက် ပိုင်းက ၆၁ x ၁၁၂ လမ်းထောင့်ရှိ ၁၁/ဝ.၄ကေဗွီ (၅၀၀)ကေဗွီအေ ထရန်စဖော်မာနှင့် ၆၁ x ၁၁၃ လမ်းထောင့်ရှိ ၁၁/ဝ.၄ ကေဗွီ (၃၁၅) ကေဗွီအေ ထရန်စဖော်မာနှစ်လုံးတို့ကို ဝန်အားမျှကူနိုင်ရန် အတွက် ၆၁ x ၁၁၂ လမ်းထောင့်တွင် ၁၁/ဝ.၄ ကေဗွီ (၃၁၅)ကေဗွီ အေ ထရန်စဖော်မာတစ်လုံး ထပ်မံတပ်ဆင်ရာ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးတင်ထွန်း၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးထင်ဇော်ဦးနှင့် အဖွဲ့ဝင်များ၊ ချမ်းမြသာစည်မြို့နယ် လျှပ်စစ်မန်နေဂျာရုံးမှ တာဝန်ရှိသူများနှင့် ပေါင်းစပ် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အလင်းသစ်(ပြန်/ဆက်)



❖ *ကျောပုံးမှ*

ပြုလုပ်ရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမြင့်ထွဋ်နှင့် တာဝန်ရှိသူများ၊ ပြည်နယ် အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲ(၅)မ်းအရှေ့) ဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်း အဖွဲ့ဝင်များ၊ ဌာနေပြည်သူ့စစ်တပ်ဖွဲ့ဝင်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ ပါဝင်တက်ရောက် ဂုဏ်ပြုကြိုဆိုကြသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးရှိ ဒေသခံတိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင် စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ် စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းရေးအတွက် ရှေ့တန်း စစ်မျက်နှာများတွင် စစ်ဆင်ရေး တာဝန်များကို အသက်ကိုပဓာန မထားဘဲ စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန် တပ်မတော်သားများအား တိုင်းမှူးနှင့် တက်ရောက်လာကြသူများက အောင်သပြေခက်များ၊ အောင်ပန်းကုံးများဖြင့် လည်းကောင်း၊ တိုင်းရင်းသားရိုးရာ အဝတ်၊ အဂ၊ အခုန်များဖြင့် လည်းကောင်း ဝမ်းမြောက်စွာ သောင်းသောင်းဖြဖြ ကြိုဆို ဂုဏ်ပြုကြသည်။ ထို့နောက် တိုင်းမှူးက အောင်ပွဲရရှေ့တန်းပြန် တပ်မတော်သားများအား ဂုဏ်ပြု အမှာစကားပြောကြားပြီး ဂုဏ်ပြု ချီးမြှင့်ငွေများ ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

❖ *ကျောပုံးမှ*

ထိုသို့အကြမ်းဖက်သမားများ၏ ပစ်ခတ်တိုက်ခိုက်မှုများကြောင့် စာသင်ကျောင်းအတွင်း လူမှုဝန်ထမ်းပြုလုပ်နေသည့် Grade-11 ကျောင်းသားတစ်ဦးတွင် ညာရင်ဘက်မှ ကျောဘက်သို့ ကျည်ဖောက်ဝင်ဒဏ်ရာ ရရှိခဲ့ကြောင်းနှင့် အဆိုပါလက်နက်ငယ်ကျည် ထိမှန်၍ ဒဏ်ရာရရှိသူအား လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေခံတပ်ရင်းဆေးခန်း၌ လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးပြီး ကျန်းမာရေးစောင့်ရှောက်မှုခံယူစေလျက်ရှိကြောင်း သိရှိရသည်။





PDF အမည်ခံ အကြမ်းဖက်သမားများ အနေဖြင့် ယခုကဲ့သို့ စစ်ရေးပစ်မှတ်နှင့် သက်ဆိုင်ခြင်းမရှိသည့်အပြင် နိုင်ငံတော်၏ လူစွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးရာ စာသင်ကျောင်းများအား တိုက်ခိုက်ဖျက်ဆီးပြီး ပညာရေးဝန်ထမ်းများနှင့် ဆရာ ဆရာမများ အပေါ် အကြမ်းဖက်လုပ်ရပ်များကို အသိတရား ကင်းမဲ့စွာ လုပ်ဆောင်ခဲ့ခြင်းအတွက် ဒေသခံ ပြည်သူများအနေဖြင့် ပြင်းပြင်းထန်ထန် ကန့်ကွက်ရှုတ်ချလျက်ရှိကြောင်းနှင့် အကြမ်းဖက်မှုကျူးလွန်သူများအား အမြန်ဆုံးဖမ်းဆီးဖော်ထုတ်နိုင်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြည်သူများနှင့် ပူးပေါင်း၍ စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

❍ *ကျောပုံးမှ*

မြန်မာအသင်းအတွက် ဦးဆောင်ဂိုးကို ပွဲချိန် ၁၂ မိနစ်တွင် စိုးမိုးကျော်ဇာ သွင်းယူခဲ့ပြီး ပွဲချိန် ၂၂ မိနစ်တွင် မောင်မောင်လွင်က ဒုတိယဂိုး၊ ပွဲချိန် ၃၄ မိနစ်တွင် ဝင်းနိုင်ထွန်းက ပထမပိုင်းပွဲကစားချိန် မပြီးဆုံးမီ တတိယဂိုး သွင်းယူခဲ့သည်။ ဒုတိယပိုင်းတွင် ဝင်းနိုင်ထွန်း၊ ဇော်ဝင်းသိန်းနှင့် ရှိုင်းဝဏ္ဏအောင်တို့က အနိုင်ဂိုးများ အသီးသီး ဆက်လက်သွင်းယူခဲ့ကြပြီး ပွဲကစားချိန် ၉၁ မိနစ်တွင် ဂူအမ်အသင်းက ပယ်နယ်တီမှတစ်ဆင့် ချေပဂိုးတစ်ဂိုး ပြန်လည်သွင်းယူခဲ့သည်။

အလားတူ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိသည့် သုံးနိုင်ငံဖိတ်ခေါ်ဖလား ဘောလုံးပြိုင်ပွဲကို ရန်ကုန်မြို့ရှိ သုဝဏ္ဏဘောလုံးအားကစားကွင်း၌ ဆက်လက်ကျင်းပခဲ့ရာ ထိုင်းအမျိုးသမီးအသင်းက ဥဇဘတ်ကစ္စတန်အမျိုးသမီးအသင်းကို တစ်ဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

မြန်မာ့အလင်း၊ ဓာတ်ပုံ– MFF

ဥပဒေဘောင်အတွင်းနေထိုင်ခြင်း ဘေးကင်းရန်ကာ စိတ်ချမ်းသာ

ကျိုက္ခမီ၌ ပင်လယ်ငါးဖမ်းရေလုပ်သားများအတွက် လုပ်ငန်းကျွမ်းကျင်မှုသင်တန်းဖွင့်လှစ်

သံဖြူဇရပ် ဇွန် ၆

မွန်ပြည်နယ် ကျိုက္ခမီမြို့၌ ပင်လယ်ငါးဖမ်းရေလုပ်သားများအတွက် အခြေခံလုပ်ငန်းကျွမ်းကျင်မှုသင်တန်း (၂/၂၀၂၆) ကို ယနေ့နံနက်ပိုင်းက မြို့လယ်ဓမ္မာရုံ၌ ကျင်းပရာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှူးဦးဟန်ဝင်းရွှေ၊ ဌာနဆိုင်ရာများ၊ လုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌ၊ ကမ်းနီး/ကမ်းဝေး ငါးလုပ်ငန်းရှင်များနှင့် ရေလုပ်သားသင်တန်းသား ၃၀ တို့တက်ရောက်ကြသည်။

သင်တန်းတွင် ကျန်းမာရေးအသိပညာပေးခြင်းနှင့် ကြိုတင်ကာကွယ်ခြင်း၊ ရှူးဦးသူနာ ပြုစုခြင်း၊ မျိုးသုဉ်းရှားပါး ရေနေနို့တိုက်သတ္တဝါများ ထိန်းသိမ်းခြင်းနှင့် ရေသယံဇာတထိန်းသိမ်းခြင်း၊ လူကုန်ကူးမှုတားဆီးကာကွယ်ခြင်း၊ လုပ်ငန်းခွင်



အတွင်း မီးဘေးကြိုတင်ကာကွယ်ခြင်း စသည်တို့ကို သင်ကြားပို့ချခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

သရက်မြို့နယ်၌ မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးပေး

သရက် ဇွန် ၆

မကွေးတိုင်းဒေသကြီး သရက်ခရိုင်ဘဏ်ခွဲ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများကို မေ ၁၂ ရက်က စတင်ထုတ်ချေးပေးခဲ့ရာပေါက်တောကျေးရွာအုပ်စုမှ တောင်သူ ၁၅၁ ဦး မိုးစပါး ၈က ၂၁၁ ဧကအတွက် ငွေကျပ် ၆၃၃ ဒသမ ၀၀ သိန်း၊ အခြားသီးနှံ ၈က ၃၄၉ ဧကအတွက် ငွေကျပ် ၈၇၂ ဒသမ ၅၀ သိန်း စုစုပေါင်း ၈က ၅၆၀ အတွက် ချေးငွေကျပ် ၁၅၀၅ ဒသမ ၅၀ သိန်းကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် သရက်ခရိုင် မန်နေဂျာနှင့် မြန်မာ့အာမခံလုပ်ငန်း ခရိုင်တာဝန်ခံတို့က တောင်သူတစ်ဦးချင်းစီသို့ ပေးအပ်ကြသည်။



သရက်မြို့နယ် အနေဖြင့် ကျေးရွာအုပ်စု ၂၈ အုပ်စု တောင်သူ ၂၉၆၄ ဦးအား ၂၀၂၆ မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေ ကျပ် ၃၃၅၇၆ ဒသမ ၀၀ သိန်း ထုတ်ချေးရန် လျာထားသတ်မှတ်ထားရှိပြီး ဇွန် ၅ ရက်အထိ ကျေးရွာအုပ်စု ၁၆ အုပ်စု၊ တောင်သူ ၁၁၀၄ ဦးအား ချေးငွေ ကျပ် ၁၁၉၂၅ ဒသမ ၀၀ သိန်း ထုတ်ချေးပြီးစီးကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

စဉ့်ကိုင်မြို့နယ်၌ သမဝါယမအသင်းသားများအား သွင်းအားစုများ ထောက်ပံ့

စဉ့်ကိုင် ဇွန် ၆

မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ် သမဝါယမဦးစီးဌာနမှ အသင်းသား တောင်သူများအား သွင်းအားစုများ ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားကို ယမန်နေ့က ချောင်းပတ်ကျေးရွာ ဓမ္မာရုံ၌ ကျင်းပရာ တိုင်းဒေသကြီး သမဝါယမဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးသောင်းဌေး၊ စဉ့်ကိုင်မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌတို့က အမှာစကားပြောကြားပြီး စံပြကျေးရွာမှ သမဝါယမအသင်းသား တောင်သူ ၂၅ ဦး၏ စိုက်ကေ ၈၀ အတွက် စိုက်ပျိုးကေ တစ်ကေလျှင် ငွေကျပ် ၂၈၈၀၀၀ နှုန်းဖြင့် ငွေကျပ် ၂၃ ဒသမ ၀၄ သန်းနှင့် ညီမျှသော သွင်းအားစုများကို လည်းကောင်း၊ ချောင်းပတ်ကျေးရွာမှ သမဝါယမအသင်းသား တောင်သူ ၁၅ ဦး၏ စိုက်ကေ ၇၀ အတွက် တစ်ကေလျှင် ငွေကျပ် ၂၈၈၀၀၀ နှုန်းဖြင့် ငွေကျပ် ၂၀ ဒသမ ၁၆ သန်းနှင့် ညီမျှသော သွင်းအားစု (ယူရီးယားဓာတ်မြေဩဇာနှင့် သဘာဝဓာတ်မြေဩဇာ) များကို လည်းကောင်း ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။



ကျော်စွာ (စဉ့်ကိုင်)

လက်ပံတန်း၌ မျက်စိကျန်းမာရေး ပဏာမစစ်ဆေးမှုလုပ်ငန်းများဆောင်ရွက်

လက်ပံတန်း ဇွန် ၆

ပဲခူးတိုင်းဒေသကြီး လက်ပံတန်း မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနက ကျောင်းကျန်းမာရေး စောင့်ရှောက်မှု ပဏာမမျက်စိကျန်းမာရေးစစ်ဆေးခြင်းကို ဇွန် ၅ ရက်က အထက(၃) ကျောင်း၌ ဆောင်ရွက်ရာ မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာတင်ဇော်ဝင်း ဦးဆောင်မှုဖြင့် ကျန်းမာရေးဝန်ထမ်းများက အထက(၃) မှ ကျောင်းသား ကျောင်းသူ ၉၀၀ ကျော်အား ပဏာမ မျက်စိကျန်းမာရေး စစ်ဆေးနေမှုကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက ကြည့်ရှုအားပေးပြီး ကျန်းမာရေးဖြည့်စွက် အာဟာရန္တားနို့များ တိုက်ကျွေးခဲ့သည်။



မြို့နယ်(ပြန်/ဆက်)

အမြင့်ဆုံး နေ့အပူချိန်များ (၆ - ၆ - ၂၀၂၆)

မြင်းခြံမြို့	၃၉	ဒသမ ၀	ဒီဂရီဆဲလ်စီးယပ်	မြင်းမူမြို့	၃၈	ဒသမ ၅	ဒီဂရီဆဲလ်စီးယပ်
ညောင်ဦးမြို့	၃၉	ဒသမ ၀	ဒီဂရီဆဲလ်စီးယပ်	စစ်ကိုင်းမြို့	၃၈	ဒသမ ၄	ဒီဂရီဆဲလ်စီးယပ်
တံတားဦးမြို့	၃၉	ဒသမ ၀	ဒီဂရီဆဲလ်စီးယပ်	မန္တလေးမြို့	၃၈	ဒသမ ၀	ဒီဂရီဆဲလ်စီးယပ်
မုံရွာမြို့	၃၈	ဒသမ ၇	ဒီဂရီဆဲလ်စီးယပ်	ကျောက်ဆည်မြို့	၃၈	ဒသမ ၀	ဒီဂရီဆဲလ်စီးယပ်
				ရွှေဘိုမြို့	၃၈	ဒသမ ၀	ဒီဂရီဆဲလ်စီးယပ်

ခရမ်းလွန်ရောင်ခြည် အန္တရာယ်ကာကွယ်ရေး အိုဇုန်းလွှာကို ထိန်းသိမ်းပေး

ပေါင်မြို့နယ် ကျွဲခြံရေထိန်းတံခါးကြီးခိုင်မှုရေဝင်ရောက်မှု ကြည့်ရှုစစ်ဆေး

ပေါင် ဇွန် ၆

မွန်ပြည်နယ် ပေါင်မြို့နယ်ရှိ တောင်သူလယ်သမားများနှင့် တွေ့ဆုံပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ပေါင်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနခွဲပြုလုပ်ရာ မွန်ပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးမင်းမြင့်မောင်လေးနှင့် တာဝန်ရှိသူများ၊ တောင်သူလယ်သမားများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးက တောင်သူလယ်သမားများ၏ စိုက်ပျိုးထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်မှ နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်းပြောကြားပြီး ပေါင်မြို့နယ် ကျွဲခြံရေထိန်းတံခါးကြီးခိုင်မှု၊ ရေဝင်ရောက်မှုအား ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

မွန်မလေး(ပြန်/ဆက်)



မော်ဘီမြို့နယ်၌ စက်ချုပ်နည်းပညာသင်တန်းဖွင့်

ရန်ကုန် ဇွန် ၆

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ မော်ဘီခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက အမျိုးသမီးများအတွက် စက်ချုပ်နည်းပညာသင်တန်းဖွင့်ပွဲအခမ်းအနားကို မော်ဘီမြို့နယ် ရှမ်းကုန်းကျေးရွာ သာသနာ့ရက္ခိတမဓ္မာရုံ၌ ယမန်နေ့က ကျင်းပရာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်က အမှာစကားပြောကြားပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဦးဝင်းစိုးက မိတ်ဆက်စကားပြောကြားသည်။

ယခုဖွင့်လှစ်သော စက်ချုပ်နည်းပညာသင်တန်းတွင် သင်တန်းသား၊ သင်တန်းသူ ၁၅ ဦးအား စက်ချုပ်နည်းအမျိုးမျိုးကို ကိုယ်ပိုင်လုပ်ငန်းထူထောင်နိုင်သည်အထိ ဇွန် ၅ ရက်မှ ဇူလိုင် ၂၇ ရက်အထိ တစ်လခွဲကြာ သင်ကြားပေးသွားမည်ဖြစ်ပြီး ထူးချွန်သင်တန်းသား ငါးဦးအား ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံးပစ္စည်းများ သုံးစွဲခွင့်ပေးမည်ဖြစ်ကြောင်း သိရသည်။

သက်လွင်စိုး(ပြန်/ဆက်)



ဝမ်းတွင်းမြို့နယ်၌ လျှပ်စစ်ဓာတ်အား ပြည့်ဝစွာသုံးစွဲနိုင်ရေး ကွင်းဆင်းကြည့်ရှုစစ်ဆေး

ဝမ်းတွင်း ဇွန် ၆

မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ်၌ လျှပ်စစ်ဓာတ်အား ပြည့်ဝစွာသုံးစွဲနိုင်ရေး ထရန်စဖော်မာနှင့် ဓာတ်အားလိုင်းများ တိုးချဲ့တည်ဆောက်ခြင်းလုပ်ငန်းကို ဇွန် ၄ ရက်က တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ဝမ်းတွင်းမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးရဲမြင့်သိန်း၊ မြို့နယ်လျှပ်စစ်မန်နေဂျာနှင့် တာဝန်ရှိသူများက မြို့နယ်အတွင်းရှိ ထီးလှိုင်(အရှေ့) ကျေးရွာ၌ ဒေသခံပြည်သူများ လျှပ်စစ်ဓာတ်အား ပြည့်ဝစွာသုံးစွဲနိုင်ရေး ၁၁ ကေဗွီ ဓာတ်အားလိုင်း ပေ ၄၈၀၊ ၁၁/၀.၄ ကေဗွီ (၂၀၀) ကေဗွီအေ ထရန်စဖော်မာတစ်လုံးနှင့် ၄၀၀ ဗို့အားလိုင်း ပေ ၁၀၀ အသစ်တိုးချဲ့တည်ဆောက်ခြင်းလုပ်ငန်းကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ဂျပန်ဖျက်သင်္ဘောများ လွှဲပြောင်းနိုင်ရေး ဂျပန်နှင့် အင်ဒိုနီးရှားတို့ ဆွေးနွေးမှုစတင်ရန် သဘောတူ

တိုကျို ဇွန် ၆

ဂျပန်နှင့် အင်ဒိုနီးရှား ကာကွယ်ရေးဝန်ကြီးများသည် ဂျပန်ရေကြောင်း ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့သုံး ဖျက်သင်္ဘောများကို အင်ဒိုနီးရှားနိုင်ငံသို့ လွှဲပြောင်းပေးအပ်နိုင်ရေး လုပ်ငန်းအဆင့် တွေ့ဆုံဆွေးနွေးမှုများ စတင်ရန် သဘောတူလိုက်ပြီဖြစ်သည်။

ဂျပန်ကာကွယ်ရေးဝန်ကြီး ကိုအိဇုမိရှင်းဂျိရိုက အင်ဒိုနီးရှားကာကွယ်ရေးဝန်ကြီး ရာဖရီရူမ်ဆူဒင်ကို ဇွန် ၅ ရက်က တိုကျိုမြို့တွင် လက်ခံတွေ့ဆုံခဲ့ပြီး ကာကွယ်ရေးပစ္စည်းများ လွှဲပြောင်းပေးနိုင်ရေး လုပ်ငန်းအဆင့် ဆွေးနွေးမှုများ တိုးတက်လာမှုကို ဝန်ကြီးများက အပြုသဘောရှုမြင်ခဲ့ကြသည်။

အင်ဒိုနီးရှားကာကွယ်ရေးဝန်ကြီး ရာဖရီက ဂျပန်ရေကြောင်း ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့သုံး အာဆာဂီရိ အမျိုးအစား ဖျက်သင်္ဘောများကို စိတ်ဝင်စားကြောင်း၊ စစ်လက်နက်ပစ္စည်းလွှဲပြောင်းပေးရေးအပါအဝင် ကာကွယ်ရေးပစ္စည်းများနှင့် နည်းပညာများပူးပေါင်းဆောင်ရွက်မှု အကောင်အထည်ပေါ်လာရန် မျှော်လင့်ကြောင်း ပြောသည်။

ထို့အပြင် ပညာပေးရေးနှင့် လေ့ကျင့်ပေးရေး အပိုင်းဖြဲပြင်ထိန်းသိမ်းရေးနှင့် ရေရှည်တည်တံ့အောင် လုပ်ဆောင်ရေးအပိုင်းအပြင် စစ်ဆင်ရေးများတွင် အသုံးချရေးအပိုင်းတို့ကို ဆွေးနွေးရန် အတွက်လည်း သဘောတူခဲ့ကြသည်။

အာဆာဂီရိအမျိုးအစား ဖျက်သင်္ဘောသည် ဂျပန်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့နှင့်အတူ လက်ရှိ တာဝန်ထမ်းဆောင်နေသည့် ရှေးအကျဆုံး ဖျက်သင်္ဘောအမျိုးအစားဖြစ်ကြောင်း သိရသည်။

အင်နန်အိတ်ချ်ကေ



တော်မီးလောင်မှုမှကာကွယ်ရန် အစွတန်ဘူလ်မြို့ရှိ သစ်တောများသို့ ဝင်ရောက်ခွင့် တူကီယဲအာဏာပိုင်များ တားမြစ်

အစွတန်ဘူလ် ဇွန် ၆

တူကီယဲအာဏာပိုင်များသည် ဇွန် ၈ ရက်မှ အောက်တိုဘာ ၁၅ ရက်အထိ အစွတန်ဘူလ်မြို့တစ်ဝန်းရှိ သစ်တောဖုံးလွှမ်းသည့်ဒေသများဆီသို့ ဝင်ရောက်ခွင့် တားမြစ်ကြောင်း အစွတန်ဘူလ်အုပ်ချုပ်ရေးမှူးရုံးက ဇွန် ၆ ရက်တွင် ကြေညာလိုက်သည်။

အဆိုပါ တားမြစ်ချက်တွင် တောတွင်း အသားကင်ခြင်း၊ ခရီးဆောင်မီးဖိုများ အပါအဝင် သစ်တောများအတွင်း မီးဖိုခြင်းများကိုလည်း ထည့်သွင်းတားမြစ်ထားသည်။

ပူပြင်းခြောက်သွေ့သည့် နွေကာလများ၌ တောမီးလောင်မှုအန္တရာယ်ကို လျှော့ချနိုင်ရေး ရည်ရွယ်၍ ယခုကဲ့သို့ ဆုံးဖြတ်ရခြင်းဖြစ်ကြောင်းသိရပြီး လူဦးရေ ၁၆ သန်းကျော် နေထိုင်သည့် အစွတန်ဘူလ်တွင် ပျော်ပွဲစား ထွက်ခြင်း၊ တောတွင်းစခန်းချခြင်း၊ ခြေလျင် ခရီးထွက်ခြင်းများကို အများပြည်သူတို့ ကြိုက်နှစ်သက်ကြကာ ယင်းအတွက် သစ်တော ဧရိယာ အများအပြားကိုလည်း ပိုင်ဆိုင်ထားသည်။



တူကီယဲနိုင်ငံသည် မကြာသေမီနှစ်များအတွင်း ပြင်းထန်သည့် တောမီးလောင်မှုများနှင့် ကြုံတွေ့ခဲ့ရသဖြင့် တင်းကျပ်သော ကာကွယ်ရေးအစီအမံများချမှတ်၍ ပြည်သူများအား အသိပေး နှိုးဆော်လျက်ရှိသည်။ ထို့အတူ အစ်ဇ်မီယာအပါအဝင် ပြည်နယ်အများအပြားတွင်လည်း အလားတူ တားမြစ်ချက်များကို စတင်ခဲ့ကြောင်း သိရသည်။

ဆင်ဟွာ

တစ်ရက်အတွင်း အာဖဂန်ဒုက္ခသည် ၃၅၀၀ ကျော် နေရပ်ပြန်

ကဘူးလ် ဇွန် ၆

အာဖဂန်နေရပ်စွန့်ခွာဒုက္ခသည် ၃၅၀၀ ကျော်မှာ ဇွန် ၅ ရက် တစ်ရက်တည်းတွင် မွေးရပ်မြေအာဖဂန်နှစ်နိုင်ငံသို့ ပြန်လည်ရောက်ရှိလာခဲ့ကြောင်း ဘက်ခ်ထာ သတင်းအေဂျင်စီက ဇွန် ၆ ရက်တွင် ထုတ်ပြန်ထားသည်။ မိသားစုပေါင်း ၆၈၂ စုမှ လူပေါင်း ၃၅၇၄ ဦးမှာ ဇွန် ၅ ရက်တွင် အာဖဂန်နစ္စတန်နိုင်ငံသို့ ပြန်လာခဲ့ကြောင်း နိုင်ငံပိုင် မီဒီယာကလည်း ဖော်ပြထားသည်။

ဘက်ခ်ထာသတင်းအေဂျင်စီ၏ ဖော်ပြချက်အရ အီရန်နိုင်ငံမှ ပြန်လာသည့် အာဖဂန်ဒုက္ခသည် ၁၂၆ ဦးနှင့် ပါကစ္စတန်နိုင်ငံမှ ပြန်လာသူ ၃၄၄၈ ဦးရှိကြောင်း သိရသည်။

အာဖဂန်နစ္စတန်ဒုက္ခသည် ငါးသန်းကျော်မှာ ၂၀၂၃ ခုနှစ် နှောင်းပိုင်းမှစတင်ကာ နိုင်ငံအတွင်းသို့ ပြန်လည်ဝင်ရောက်လာခဲ့ပြီး ယခုနှစ် ဇန်နဝါရီလမှစကာ လူပေါင်း ခုနစ်သိန်းကျော် ပြန်လည်ရောက်ရှိခဲ့ကြောင်း သိရသည်။

ဆင်ဟွာ

ကွန်ဂိုနိုင်ငံ၌ တိုက်ခိုက်မှုများကြောင့် ဒေသခံများ ထွက်ပြေးတိမ်းရှောင်နေရပြီး အီဘိုလာရောဂါကာကွယ်ရေး တုံ့ပြန်ဆောင်ရွက်မှုများကို ခြိမ်းခြောက်နေ

ကျိန်ဗာ ဇွန် ၆

ယခုသီတင်းပတ်အတွင်း ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ အရှေ့ပိုင်းတွင် အသက်သေဆုံးမှုများရှိသော တိုက်ခိုက်မှုများမြင့်တက်လာသောကြောင့် ဒေသခံပြည်သူများ အဆက်အသွယ်ပြတ်တောက်မှုများ ဖြစ်ပွားသည့်အပြင် အီဘိုလာရောဂါကာကွယ်ရေး တုံ့ပြန်ဆောင်ရွက်မှုများကိုပါ ခြိမ်းခြောက်လျက်ရှိကြောင်း ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ တာဝန်ရှိသူများက ဇွန် ၅ ရက်တွင် သတိပေးပြောကြားထားသည်။

လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးရုံး (OCHA) က ပိုမိုပြင်းထန်လာသော အကြမ်းဖက်မှုများကြောင့် အရပ်သားပြည်သူများ သေဆုံးနေကြရပြီး မြောက်ကီဗူးနှင့်တောင်ကီဗူ ပြည်နယ်အတွင်းရှိ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ထောက်ပံ့ကူညီမှုများကို ဆုံးရှုံးစွာထိခိုက်စေကြောင်း ပြောသည်။

မြောက်ကီဗူပြည်နယ်ရှိ ဒေသအာဏာပိုင်များက ဘီနီဒေသတွင် ဇွန် ၂ ရက် ညပိုင်းက ပစ်ခတ်တိုက်ခိုက်မှုများဖြစ်ပွားခဲ့ရာ အရပ်သား ၂၄ ဦးထက်မနည်းသေဆုံးပြီး ဘေးလွတ်ရာ ထွက်ပြေး တိမ်းရှောင်နေကြရသူများလည်း ရှိကြောင်း ပြောသည်။ ထို့အပြင် အိမ်နီးချင်း မာစီဇီဒေသတွင်လည်း ဇွန် ၃ ရက်က ပြင်းထန်သည့် ပဋိပက္ခများကြောင့် ဒေသခံပြည်သူများ အိုးအိမ်စွန့်ခွာ ထွက်ပြေးခဲ့ကြရကြောင်း၊ မေလအထိ နေရပ်စွန့်ခွာထွက်ပြေးနေရသည့် လူပေါင်း ၂၇၀၀၀၀ အရေးကို ပိုမိုဆိုးရွားသွားစေခဲ့ကြောင်း သိရသည်။

နိုင်ငံအရှေ့ပိုင်း ပြည်နယ်နှစ်ခုတွင် အကြမ်းဖက်မှုများ တစ်ကျော့ပြန်ဖြစ်ပွားမှုများက အီဘိုလာရောဂါနှိမ်နင်းရေး လုပ်ငန်းစဉ်အပြင် လူသားချင်းစာနာမှုဆိုင်ရာ ထောက်ပံ့ကူညီမှုများကိုပါ အနှောင့်အယှက် အဟန့်အတား ဖြစ်စေနိုင်သည့်အတွက် အလွန်စိုးရိမ်ကြောင်း၊ အခက်အခဲစိန်ခေါ်မှုများနှင့် ရင်ဆိုင်ကြုံတွေ့နေရသော်လည်း ကူညီပံ့ပိုးခွင့်ရသည့် နေရာတိုင်းတွင် အသက်ကယ်ဆယ်ရေး ထောက်ပံ့ကူညီမှုများကို ဆက်လက် လုပ်ဆောင်လျက်ရှိကြောင်း၊ ဧပြီလမှ စတင်ကာ လူသားချင်းစာနာမှု မိတ်ဖက်အဖွဲ့အစည်းများက ဘီနီဒေသတွင် လူပေါင်း ၈၀၀၀ ကျော်ကို ငွေသားအကူအညီများ ပံ့ပိုးကူညီပေးခဲ့ကြောင်း OCHA က ပြောသည်။

ဆင်ဟွာ

ကိုလံဘီယာအလယ်ပိုင်း ကျောက်မီးသွေးတွင်း၌ ပေါက်ကွဲမှုဖြစ်ပွားရာ ခုနစ်ဦးသေဆုံး

ဘိုဂိုတာ ဇွန် ၆

ကိုလံဘီယာနိုင်ငံ ကွန်ဒီနာမာကာ ဗဟိုဌာနရှိ ကျောက်မီးသွေးတွင်း တစ်ခုခု၌ ပေါက်ကွဲမှုဖြစ်ပွားသဖြင့် သတ္တုတွင်းလုပ်သား ခုနစ်ဦးသေဆုံးကြောင်း ဒေသတွင်း အာဏာပိုင်များက ဇွန် ၅ ရက်တွင် အတည်ပြုထားသည်။

ဗူတာအူဆာမြို့ရှိ သတ္တုတွင်းတစ်ခုခု၌ ဇွန် ၄ ရက် မွန်းလွဲပိုင်းက ပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်း ဖြစ်ကြောင်း ဒေသတွင်းမီဒီယာက ထုတ်ပြန်ထားသည်။

ပေါက်ကွဲမှုမှာ မြေအောက်တွင် ဓာတ်ငွေ့များ စုပုံလာခြင်းကြောင့် ပေါက်ကွဲမှုဖြစ်ပွားခြင်း ဖြစ်ကြောင်း ကနဦးသတင်းများအရ သိရသည်။

ပေါက်ကွဲမှု ဖြစ်ပွားပြီး နောက်မကြာမီ အခင်းဖြစ်ပွားရာနေရာသို့ ကယ်ဆယ်ရေးအဖွဲ့များ စေလွှတ်ခဲ့ကြောင်း သိရသည်။

ဆင်ဟွာ

ဩစတြေးလျကမ်းရိုးတန်း၌ ငါးမန်းကိုက်ခံရမှုကြောင့် အမျိုးသားတစ်ဦး သေဆုံး

ဆစ်ဒနီ ဇွန် ၆

အနောက်ဩစတြေးလျ(WA)၏ တောင်ဘက်ကမ်းရိုးတန်း၌ ဇွန် ၆ ရက် နံနက်ပိုင်းက ရေငုပ်နေစဉ် ငါးမန်းကိုက်ခံရမှုကြောင့် အမျိုးသားတစ်ဦး သေဆုံးခဲ့ကြောင်း သိရသည်။

အသက် ၃၅ နှစ်အရွယ် သေဆုံးသူအမျိုးသားမှာ အယ်ဘာနီမြို့ အနီးတွင် မိသားစုနှင့်အတူ ရေအောက်ငါးဖမ်းခဲ့ရာ ဇွန် ၆ ရက် ဒေသစံတော်ချိန် နံနက် ၁၁ နာရီ ၂၅ မိနစ်ဝန်းကျင်က ၄ ဒသမ ၅ မီတာ အရှည်ရှိ ငါးမန်းတစ်ကောင်က ကိုက်ခဲ့ကြောင်း အနောက်ဩစတြေးလျ ရဲတပ်ဖွဲ့က ပြောကြားသည်။

အဆိုပါဖြစ်စဉ်မှာ အယ်ဘာနီကမ်းရိုးတန်း၏ ၁၃ ကီလိုမီတာ အကွာရှိ ကျွန်းတစ်ခုအနီး၌ ဖြစ်ပွားခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။ အနောက်ဩစတြေးလျ အခြေခံကမ္ဘလုပ်ငန်းနှင့်ဒေသဖွံ့ဖြိုးတိုးတက်ရေးဌာနက ယင်းဒေသအတွင်း သတိရှိကြရန်နှင့် ငါးမန်းမြင်တွေ့ပါက အာဏာပိုင်များကိုသတင်းပို့ရန် ပြည်သူများကိုတိုက်တွန်းထားသည်။

ဆင်ဟွာ



မုံရွာမြို့၌ အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်း တက်ရောက်နိုင်ရေး ဟောပြော

မုံရွာ ဇွန် ၆



အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်း တက်ရောက်နိုင်ရေး ဟောပြောပွဲကို ယမန်နေ့က မုံရွာမြို့ရှိ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း သလွာဝတီခန်းမ၌ ပြုလုပ်ရာ စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးဒေါက်တာဆန်းဝင်းက အမှာစကားပြောကြားသည်။

ဆက်လက်ပြီး ဌာနဆိုင်ရာတာဝန်ရှိသူများက အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းတွင် သက်ဆိုင်ရာ ဘာသာရပ်များကို သင်ကြားတတ်မြောက်ပြီး ရရှိလာမည့် အလုပ်အကိုင် အခွင့်အလမ်းများနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းဆွေးနွေး ပြောကြားပြီး တက်ရောက်လာသည့် ကျောင်းသားမိဘများ၏ မေးမြန်းမှုများကို တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ဖြေကြားသည်။

ခရိုင်(ပြန်/ဆက်)



မော်လမြိုင်ကျွန်းမြို့နယ်၌ (၃၂) ကြိမ်မြောက် နိကာယ်(ဝိဒူတန်း) စာမေးပွဲကို ဇွန် ၅ ရက်မှ ၉ ရက်အထိ အမှတ် (၆) ရပ်ကွက် စိန်ပန်းပတ်လမ်းရှိ သမ္မာသမ္ဗုဒ္ဓမြို့ဦးစေတီတော်အတွင်းရှိ မြို့နယ်သံဃနာယကရုံး၌ ကျင်းပစဉ်။ ရဲကိုမောင်(ပြန်/ဆက်)

ပုလောမြို့နယ်၌ ဆင်းသုခ မျိုးစေ့၊ နှစ်ရှည်ပင်နှင့် ဥယျာဉ်ခြံ သီးနှံပျိုးပင်များ ပေးအပ်

ပုလော ဇွန် ၆



တနင်္သာရီတိုင်းဒေသကြီး ပုလောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက အကျိုးဆောင်တောင်သူများအား ဆင်းသုခမျိုးကောင်းမျိုးသန့် မျိုးစေ့များ၊ နှစ်ရှည်ပင်နှင့် ဥယျာဉ်ခြံ သီးနှံပျိုးပင်များ ပေးအပ်ပွဲကို ယမန်နေ့က မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံး၌ ကျင်းပရာ ပုလောမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးက အမှာစကား ပြောကြားသည်။

ထို့နောက် ပုလောမြို့နယ် စံပြကျေးရွာ မကျည်းကုန်းရှိ အကျိုးဆောင်တောင်သူ ၇၈ ဦးအား မိုးစပါး စိုက်ကော ၃၀၀ အတွက် ဆင်းသုခ မျိုးကောင်းမျိုးသန့် မျိုးစေ့တင်း ၃၀၀ နှင့် ဥယျာဉ်ခြံပျိုးပင် ၃၆၀၀ ကို ဂုဂျဈဈ ဧကတွင် စိုက်ပျိုးနိုင်ရန် တောင်သူများအား အခမဲ့ ပေးအပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



ကူမဲမြို့ လျှပ်စစ်မန်နေဂျာ ဦးသန်းထွန်းအောင်နှင့် ဝန်ထမ်းများက လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး၊ တရားမဝင် ခတ်အားသုံးစွဲမှု မရှိစေရေး၊ မီတာယူနစ်ဖတ်ချက် မှန်ကန်မှုရှိစေရေး စစ်ဆေးခြင်းနှင့် လက်ကမ်းစာစောင်ဖြန့်ဝေခြင်းကို ဇွန် ၅ ရက် နံနက်ပိုင်းက ကူမဲမြို့၌ ဆောင်ရွက်စဉ်။ ဝါဝါမြင့်(မြစ်သား)

မုဒုံမြို့၌ ကျန်းမာရေးအဆင့်မြှင့်ကျောင်းလုပ်ငန်းများ သင်တန်းဖွင့်

မုဒုံ ဇွန် ၆



မွန်ပြည်နယ် မုဒုံမြို့၌ ကျန်းမာရေးအဆင့်မြှင့် ကျောင်းလုပ်ငန်း သင်တန်းဖွင့်ပွဲကို ယမန်နေ့က ပြည်သူ့ဆေးရုံဝင်းအတွင်းရှိ သံဃာဆောင်၌ ပြုလုပ်ရာ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာကျော်မိုးနိုင်က အမှာစကားပြောကြားပြီး ဒုတိယမြို့နယ်ပညာရေးမှူးက ကျန်းမာရေးအဆင့်မြှင့် ကျောင်းလုပ်ငန်းများ ထူထောင်နိုင်ရန်နှင့် သင်တန်းဆိုင်ရာ အကြောင်းအရာများကို ရှင်းလင်း ပြောကြားသည်။

သင်တန်းတွင် နည်းပြဆရာဆရာမ လေးဦးက ကျောင်းအခြေပြု ကျန်းမာရေးအသိပညာမြှင့်တင်ခြင်းဆိုင်ရာ အကြောင်းအရာများကို သုံးရက်ကြာ သင်ကြားပို့ချမည် ဖြစ်ပြီး သင်တန်းသား ၁၅၀ တက်ရောက်လျက်ရှိကြောင်း သိရသည်။

ရာမည(ပြန်/ဆက်)



ဧမ္မာသိရိမြို့နယ်အတွင်းရှိ စေ့းများတွင် မီးဘေးလုံခြုံရေးနှင့် အရေးပေါ်မီးငြိမ်းသတ်ရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန်အတွက် သီးသန့်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေးသင်တန်းဆင်းပွဲကို ဇွန် ၅ ရက်က ဧမ္မာသိရိမြို့နယ် မီးသတ်ဦးစီးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပစဉ်။ မြို့နယ်(ပြန်/ဆက်)



ဘုတ်ပြင်းမြို့နယ်၌ ကျန်းမာရေးစောင့်ရှောက်မှုပေး

ဘုတ်ပြင်း ဇွန် ၆

ဘုတ်ပြင်းမြို့နယ် ဆရာဝန်ကြီး ဒေါက်တာထွန်းထွန်းကျော်နှင့် ကျန်းမာရေးဝန်ထမ်းများသည် အောက်လိပ်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ ယမန်နေ့က ကျေးရွာနေပြည်သူများနှင့် ကျောင်းသားကျောင်းသူများအား သွေးတိုးနှင့်ဆီးချိုရောဂါ၊ သွေးလွန်တုပ်ကွေးရောဂါ၊ ဝမ်းပျက်ဝမ်းလျှောရောဂါနှင့်သက်ဆိုင်သည့် ကျန်းမာရေးပညာပေးဟောပြောခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီး ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးသည်။

မြို့နယ်(ပြန်/ဆက်)



ပခုက္ကူမြို့၌ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အခမ်းအနားကျင်းပ

ပခုက္ကူ ဇွန် ၆

ပခုက္ကူမြို့၌ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် အခမ်းအနားကို ယမန်နေ့နံနက်က အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ ပခုက္ကူခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးမြင့်နိုင်က အမှာစကားပြောကြားပြီး ၂၀၂၆ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် ဗီဒီယိုကလစ် ပြသကာ စာစီစာကုံးပြိုင်ပွဲ ဆုရရှိသော ကျောင်းသား ကျောင်းသူများအား ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ဘာမီသာ(ပခုက္ကူ)

တနင်္သာရီမြို့နယ်၌ မိုးရာသီသစ်ပင်စိုက်ပျိုးရေး၊ ဇီဝမျိုးစုံမျိုးကွဲနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေး

တနင်္သာရီ ဇွန် ၆



တနင်္သာရီမြို့ အထက-တနင်္သာရီတွင် မိုးရာသီသစ်ပင်စိုက်ပျိုးရေး၊ ဇီဝမျိုးစုံမျိုးကွဲနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ယမန်နေ့က ကျင်းပရာ မြို့နယ်သစ်တောဦးစီးဌာနဦးစီးမှူး ဦးအောင်မျိုးဌေးက မိုးရာသီ သစ်ပင်စိုက်ပျိုးရေး၊ ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အကြောင်းအရာများကို အသိပညာပေးဟောပြောပြီး တောအုပ်ဦးဇေယျာမိုးက ရေချေတာသုံးစွဲရေးဆိုင်ရာ အသိပညာများကို ရှင်းလင်းဟောပြောသည်။

မြို့နယ်(ပြန်/ဆက်)

ဒဏ်ရာကြောင့် ကမ္ဘာ့ဖလားပြိုင်ပွဲနှင့် ဂျာမနီအသင်းတိုက်စစ်ကစားသမား ကားလ် လွဲချော်မည်

ဂျာမနီအသင်း တိုက်စစ်ကစားသမား လင်းနတ်ကားလ်သည် ဒဏ်ရာကြောင့် မကြာမီကျင်းပတော့မည့် ကမ္ဘာ့ဖလားပြိုင်ပွဲကို ပါဝင်ယှဉ်ပြိုင်ကစားနိုင်တော့မည် မဟုတ်ကြောင်း သတင်းများအရ သိရသည်။

အသက် ၁၈ နှစ်အရွယ် မြန်ရှုန်းမြင့်တိုက်စစ်ကစားသမားသည် ပူးတွဲအိမ်ရှင် အမေရိကန်အသင်းနှင့် ချစ်ကြည်ရေးခြေစမ်းပွဲ မကစားမီ နောက်ဆုံးလေ့ကျင့်ရေး အစီအစဉ်တွင် ယင်းဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။ ဒဏ်ရာကြောင့် ဆက်လက်ကစားနိုင်ခြင်း မရှိတော့သည့်အတွက် ကားလ်၏ နေရာကို လိုက်ပ်ဇစ်အသင်း ကွင်းလယ်ကစားသမား အာဆန် အူရာဒရာ အိုဂိုနှင့်အစားထိုးလိုက်ပြီ ဖြစ်သည်။

အောင်စော်



ဘုံပိုင်ခေါင်းမှ ရေစက်ကျမနေစေရန်
ကျပ်အောင်ပိတ်ပါ။
ဘုံပိုင်ခေါင်းကို မသုံးဘဲ
ဖွင့်ထားခြင်းမပြုပါနှင့်။

မြန်မာ့ဆန်စပါး၏ ရွှေခေတ်ကို ပြန်လည်ထူထောင်ကြပါစို့

သမိုင်းစာမျက်နှာတွေကို ပြန်လှန်ကြည့်ရင် "မြန်မာ" ဆိုတဲ့ နာမည်နဲ့အတူ ကမ္ဘာက လေးစားအသိအမှတ်ပြုခဲ့ရတဲ့ ဂုဏ်ပုဒ်တစ်ခု ရှိခဲ့ဖူးပါတယ်။ အဲဒါကတော့ တခြား မဟုတ်ပါဘူး။ ကမ္ဘာ့အစားအသောက်တွေကို ပြည့်စုံခမ်းနားစေခဲ့တဲ့ "ကမ္ဘာ့ဆန်အိုးကြီး"ဆိုတဲ့ ဂုဏ်ပုဒ်ပါပဲ။



စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် စစ်ကိုင်းမြို့နယ်အတွင်းမှ အောင်မြင်ဖြစ်ထွန်းနေသော စပါးစိုက်ခင်းများ။

ကျွန်တော်တို့ရဲ့ မိခင်လယ်ယာမြေက ထွက်ရှိတဲ့ ဆန်စပါးတွေဟာ ပြည်တွင်းကို ဖူလုံစေရုံတင်မကဘဲ နိုင်ငံတကာစျေးကွက်အထိ ရွှေရောင် တောက်ပခဲ့ဖူးပါတယ်။ ဒါပေမယ့် ဒါဟာ အတိတ်က ပုံပြင်တစ်ပုဒ်လိုပဲ အချိန်အတော်ကြာ မှေးမှိန်နေခဲ့တာ အားလုံးအသိပဲ ဖြစ်ပါတယ်။ သတင်းကောင်းတစ်ခုကတော့ အခုအချိန်မှာ အဲဒီမှေးမှိန်နေတဲ့ အိပ်မက်တွေကို ပြန်လည်အသက်သွင်းဖို့ မျှော်လင့်ချက်တံခါးတွေ ပြန်ပွင့်လာနေပြီ ဖြစ်ပါတယ်။

ကမ္ဘာ့စျေးကွက်ဆိုတာ အမြဲတမ်း ပြောင်းလဲနေပြီး အရည်အသွေးမြင့်မားမှုကိုသာ တောင်းဆိုနေတာ ဖြစ်ပါတယ်။ အိမ်နီးနားချင်းနိုင်ငံတွေက နည်းပညာတွေနဲ့ ရှေ့ကို တစ်ဟုန်ထိုး တက်လှမ်းနေချိန်မှာ ကျွန်တော်တို့ဟာ ရိုးရာစိုက်ပျိုးထုတ်လုပ်မှုအစဉ်အလာဟောင်းတွေကြားမှာ ရုန်းကန်နေရဆဲ ဖြစ်ပါတယ်။ တစ်ချိန်က ရွှေခေတ်ဂုဏ်ရှိနိုက်ကို ပြန်လည်ရယူဖို့ဆိုတာ အစိုးရ သို့မဟုတ် ပြင်ပအင်အားစုတစ်ခုခုရဲ့ ကူညီပံ့ပိုးမှုကိုပဲ ထိုင်စောင့်နေလို့ မရပါဘူး။ အဓိက သော့ချက်ကတော့ လယ်ကွင်းထဲက တောင်သူဦးကြီးတွေနဲ့ လယ်ယာစီးပွားလုပ်ငန်းရှင်တွေရဲ့ လက်တွေ့ကျကျ ကြိုးပမ်းအားထုတ်မှုနဲ့ အရည်အသွေးပိုင်းဆိုင်ရာ အဆင့်မြှင့်တင်မှုတွေပဲ ဖြစ်ပါတယ်။

ကမ္ဘာ့စျေးကွက်က တောင်းဆိုလာတဲ့ အခွင့်အရေးတွေကို ရဲရဲဝံ့ဝံ့ဆုပ်ကိုင်

ကျွန်တော်တို့ရဲ့ မြေဆီလွှာက ကောင်းမွန်ဆဲဖြစ်သလို တောင်သူတွေရဲ့ ကြိုးစားအားထုတ်မှုကလည်း လျော့မသွားပါဘူး။ လိုအပ်နေတာကတော့ ခေတ်မီတဲ့ မျိုးကောင်းမျိုးသန့်တွေ စိုက်ပျိုးဖို့၊ နိုင်ငံတကာစံနှုန်းမီ စိုက်ပျိုးထုတ်လုပ်မှုစနစ် (GAP)ကို ကူးပြောင်းဖို့နဲ့ ခေတ်မီဆန်စက်ကြီးတွေနဲ့ အရည်အသွေးမြင့် ဆန်ချောတွေ ထုတ်လုပ်နိုင်ဖို့ပဲ ဖြစ်ပါတယ်။ ကိုယ့်အားကိုယ်ကိုးပြီး ကျွန်တော်တို့ဘက်က အဆင့်သင့်ဖြစ်နေအောင် ပြင်ဆင်နိုင်မှသာ ကမ္ဘာ့စျေးကွက်က တောင်းဆိုလာတဲ့ အခွင့်အရေးတွေကို ရဲရဲဝံ့ဝံ့ ဆုပ်ကိုင်နိုင်မှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ ကမ္ဘာ့ဆန်စျေးကွက် သမိုင်းရဲ့ အထွတ်အထိပ်မှာ ရပ်တည်ခဲ့စဉ်က အခုလောက် ပြိုင်ဆိုင်မှု မပြင်းထန်သေးသလို စားသုံးသူတွေရဲ့ တောင်းဆိုချက်ကလည်း အရေအတွက် အပေါ်မှာပဲ အဓိက အခြေခံခဲ့တာ ဖြစ်ပါတယ်။ ဒါပေမယ့် ခေတ်ကာလတွေ ပြောင်းလဲလာတာနဲ့အမျှ ကမ္ဘာ့ဆန်စျေးကွက်ဟာ အရေအတွက်ထက် အရည်အသွေးကို သာ အဓိက ဦးစားပေး ရွေးချယ်လာကြပါတယ်။

အဲဒီလို ပြောင်းလဲလာတဲ့ လိုအပ်ချက်အရ တောင်သူဦးကြီးတွေရော လုပ်ငန်းရှင်တွေပါ အဓိက ရင်ဆိုင်နေရတဲ့ စိန်ခေါ်မှုကြီး သုံးရပ်ရှိနေပါတယ်။

ပထမဆုံးအချက်က **"မျိုးကောင်းမျိုးသန့် ရှားပါးမှုနဲ့ သွင်းအားစု ကုန်ကျစရိတ်မြင့်မားခြင်း"** ပါပဲ။ လယ်ကွင်းထဲမှာ သန့်စင်တဲ့ မျိုးစေ့တွေကို စနစ်တကျမသုံးစွဲနိုင်ဘဲ ရောနှောနေတဲ့ မျိုးဟောင်းတွေကိုသာ ဆက်စိုက်နေတာကြောင့် ထွက်ရှိလာတဲ့ စပါးဟာ အရည်အသွေး မညီမညာဖြစ်ရပါတယ်။

ဒါတင်မကသေးပါဘူး။ လက်ရှိ ကမ္ဘာ့နိုင်ငံရေး အခြေအနေတွေနဲ့ ပဋိပက္ခတွေကြောင့် ကမ္ဘာ့စျေးကွက်မှာ စိုက်ပျိုးရေးအတွက် မရှိမဖြစ်လိုအပ်တဲ့ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေးနဲ့ စက်သုံးဆီစျေးနှုန်းတွေက တရိပ်ရိပ်မြင့်တက်နေပါတယ်။ ဒီလိုကမ္ဘာ့ရေးရာ အခင်းအကျင်းတွေကြောင့် အနာဂတ်မှာ သွင်းအားစုစရိတ်တွေက အခုထက် ပိုပြီး ခက်ခဲလာနိုင်တဲ့ အလားအလာတွေ ရှိနေပါတယ်။

ဒီလို ပြင်ပကမ္ဘာ့ဖိအားတွေကြားထဲကနေ တောင်သူဦးကြီးတွေ စိုက်ပျိုးစရိတ် ဝန်ထုပ်ဝန်ပိုး လျော့ကျသွားဖို့နဲ့ ရေရှည်ကြံ့ကြံ့ခံနိုင်ဖို့အတွက် ကျွန်တော်တို့ဘက်က ပိုပြီးတော့ အမြေဩဇာအမြင်ရှိရှိ ပြင်ဆင်ကြရတော့မှာ ဖြစ်ပါတယ်။

ဒုတိယအချက်က **"ခေတ်နောက်ကျနေတဲ့ ကြိတ်ခွဲမှုစနစ်"**ဖြစ်ပါတယ်။ ကမ္ဘာ့စျေးကွက်မှာ ဝယ်လိုအားရှိတာက အဆန်ရှည်ပြီး ဆန်ကွဲမပါသလောက် နည်းပါးတဲ့ ဆန်ချောမျိုးဖြစ်ပါတယ်။ ဒါပေမယ့် ကျွန်တော်တို့ဆီက ဆန်စက်အများစုဟာ ခေတ်မီနည်းပညာအားနည်းတာကြောင့် ကြိတ်ခွဲတဲ့အခါ ဆန်ကွဲများပြားပြီး နိုင်ငံတကာစံနှုန်းမီအောင် မထုတ်လုပ်နိုင်တာကြောင့် စျေးကောင်းမရဘဲ ဖြစ်နေရပါတယ်။

နောက်ဆုံးအချက်ကတော့ **"Supply Chain ခေါ် ထုတ်လုပ်မှုကွင်းဆက် တည်ငြိမ်မှုမရှိခြင်း"** ပါပဲ။ တောင်သူက စိုက်ပျိုးထုတ်လုပ်လိုက်တဲ့ စပါးဟာ ကြားပွဲစားအဆင့်ဆင့်ကို ဖြတ်သန်းရတာကြောင့် တောင်သူလည်း ထိုက်တန်တဲ့အဖြတ်မရ၊ ကုန်သည်လုပ်ငန်းရှင်ဘက်ကလည်း အရည်အသွေး မှန်ကန်တဲ့ဆန်စပါးကို အချိန်မှန်မရနိုင်တဲ့ ပြဿနာတွေ ရှိနေပါတယ်။

ဘယ်လိုခြေလှမ်းမျိုးနဲ့ ရွှေဆက်ကြမလဲဆိုတာ အရေးကြီး

ဒီစိန်ခေါ်မှုတွေကို ကျွန်တော်တို့ ရင်ဆိုင်အဖြေ မရှာနိုင်သရွေ့ ရွှေခေတ်ကို ပြန်လှမ်းဖို့ အလှမ်းဝေးနေဦးမှာ ဖြစ်ပါတယ်။ ဒါကြောင့် ဒီအတားအဆီးတွေကို ကျော်လွှားပြီး လက်တွေ့ ဘယ်လိုခြေလှမ်းမျိုးနဲ့ ရွှေဆက်ကြမလဲဆိုတာက အရေးကြီးလာပြီဖြစ်ပါတယ်။

မြန်မာ့ဆန်စပါးကဏ္ဍရဲ့ အသက်သွေးကြောဟာ လယ်ကွင်းထဲက တောင်သူဦးကြီးတွေပဲဖြစ်ပြီး ရွှေခေတ်ကို ပြန်လည်ထူထောင်ဖို့အတွက် အရေးအကြီးဆုံးကတော့ အမြင်ဟောင်းတွေကို စွန့်လွှတ်၊ နိုင်ငံတကာအဆင့်အထိ မျှော်မှန်းနိုင်မယ့် စျေးကွက်စီးပွားရေးအမြင်နဲ့ ပုံစံပြောင်းလဲကြဖို့ ဖြစ်ပါတယ်။

ပထမဆုံး ပြောင်းလဲရမယ့်အချက်က **"မျိုးကောင်းမျိုးသန့်ကို အလေးထားခြင်း"** ပါပဲ။ မိမိတို့ စိုက်ပျိုးချင်တဲ့ စပါးထက် နိုင်ငံတကာစျေးကွက်က တောင်းဆိုနေတဲ့၊ စျေးကောင်းရနိုင်တဲ့ မျိုးသန့်တွေကို ရွေးချယ် စိုက်ပျိုးဖို့ လိုအပ်ပါတယ်။ အထူးသဖြင့် **မြန်မာ့ကိုယ်ပိုင်အမှတ်တံဆိပ် ပေါ်ဆန်းမွေးလိုမျိုး** ထူခြားတဲ့ ဆန်စပါးမျိုးတွေကို စိုက်ပျိုးကြရပါမယ်။ မျိုးသန့်ရင် အထွက်နှုန်းတင်မကဘဲ စျေးကွက်တန်ဖိုးပါ နှစ်ဆတက်လာမှာ ဖြစ်ပါတယ်။

ဒုတိယအချက်ကတော့ **"GAP စံနှုန်းအတိုင်း စနစ်တကျစိုက်ပျိုးခြင်း"** ဖြစ်ပါတယ်။ ယနေ့ ခေတ် ကမ္ဘာ့စားသုံးသူတွေဟာ အစားအသောက် ဘေးအန္တရာယ်ကင်းရှင်းရေးကို အလွန်အလေးထားကြပါတယ်။ ပိုးသတ်ဆေးနဲ့ ဓာတ်မြေဩဇာတွေကို အလွန်အကျွံသုံးစွဲပြီး စိုက်ပျိုးတဲ့ ဆန်မျိုးကို နိုင်ငံတကာစျေးကွက်က ဘယ်တော့မှ လက်ခံမှာ မဟုတ်ပါဘူး။ ဒါကြောင့် ဓာတုအကြွင်းအကျန် ကင်းစင်ပြီး သဘာဝပတ်ဝန်းကျင်ကို မထိခိုက်စေတဲ့ Good Agricultural Practices (GAP) စံနှုန်းတွေကို တောင်သူဦးကြီးတွေကိုယ်တိုင် စိတ်ဝင်တစားလေ့လာပြီး လက်တွေ့ကျင့်သုံးကြဖို့ တိုက်တွန်းချင်ပါတယ်။

တောင်သူဦးကြီးတွေက လယ်ကွင်းထဲမှာ အရည်အသွေးမြင့် စပါးတွေကို အပင်ပန်းခံ စိုက်ပျိုးထုတ်လုပ်ပေးလိုက်ပြီဆိုရင် အဲဒီစပါးတွေကို နိုင်ငံတကာက ငွေပုံပေးဝယ်ချင်ရလောက်အောင် **"ရောင်းတမ်းဝင် တန်ဖိုးမြင့်ထုတ်ကုန်"** အဖြစ် ပြောင်းလဲပေးရမယ့် တာဝန်ကတော့ လယ်ယာစီးပွားလုပ်ငန်းရှင်တွေရဲ့ ပခုံးပေါ်မှာရှိနေပါတယ်။ နိုင်ငံတကာစျေးကွက်ကို ထိုးဖောက်ဖို့ဆိုတာ ကုန်သည်လုပ်ငန်းရှင်တွေရဲ့ ယုံကြည်မှု၊ အမြင်သစ်၊ အတွေးသစ်နဲ့ ရဲရဲဝံ့ဝံ့ ရင်းနှီးမြှုပ်နှံမှုတွေအပေါ်မှာ အများကြီး မူတည်နေပါတယ်။

ကြိတ်ခွဲမှုနည်းပညာနဲ့ ဆန်စက်တွေကို အဆင့်မြှင့်တင်

ပထမဆုံးလုပ်ဆောင်ရမှာက **"ကြိတ်ခွဲမှုနည်းပညာနဲ့ ဆန်စက်တွေကို အဆင့်မြှင့်တင်ခြင်း"** ပဲ ဖြစ်ပါတယ်။ စပါးဘယ်လောက်ကောင်းကောင်း ခေတ်မမီတဲ့ ဆန်စက်တွေနဲ့ ကြိတ်ခွဲမယ်ဆိုရင် ဆန်ကွဲအထွက်များပြီး အရောင်အသွေး မညီမညာ ဖြစ်နေဦးမှာဖြစ်ပါတယ်။ ကမ္ဘာ့စျေးကွက်က တောင်းဆိုချက်မှာ အမှန်အမှားကင်းစင်ပြီး တောက်ပြောင်ညီညာတဲ့ ဆန်မျိုးဖြစ်ပါတယ်။ ဒါကြောင့် လုပ်ငန်းရှင်တွေအနေနဲ့ ရေတိုအမြတ်ထက် ရေရှည်အကျိုးစီးပွားကို မျှော်ကိုးပြီး ခေတ်မီစက်ကိရိယာတွေနဲ့ ကြိတ်ခွဲထုတ်လုပ်မှုပိုင်းကို ကမ္ဘာ့အဆင့်မီအောင် ရဲရဲဝံ့ဝံ့ အဆင့်မြှင့်တင်ကြရပါမယ်။

ဒုတိယအချက်ကတော့ **"တောင်သူတွေနဲ့ လက်တွဲပြီး အကျိုးတူလယ်ယာစနစ် (Contract Farming) ဖော်ဆောင်ခြင်း"** ဖြစ်ပါတယ်။ ကုန်သည်ဆိုတာ စပါးပေါ်ခ်ိုနိမ့် စျေးနှိမ်ဝယ်ယူသူ မဟုတ်ဘဲ တောင်သူတွေရဲ့ ရေရှည်မိတ်ဖက်ဖြစ်ရပါမယ်။ တောင်သူတွေ မျိုးကောင်းမျိုးသန့်နဲ့ သွင်းအားစုတွေ စနစ်တကျသုံးစွဲနိုင်အောင် ကြိုတင်ပံ့ပိုးပေးပြီး ထွက်လာတဲ့ သီးနှံကို အာမခံစျေးနှုန်းနဲ့ ပြန်လည်ဝယ်ယူတဲ့စနစ်မျိုး တည်ဆောက်ရပါမယ်။ ဒါမှသာ လုပ်ငန်းရှင်ဘက်ကလည်း နိုင်ငံတကာကို တင်ပို့ဖို့အတွက် အရည်အသွေး ညီညာတဲ့ ဆန်စပါးပမာဏကို စိတ်ချလက်ချရရှိမှာ ဖြစ်ပါတယ်။

မြန်မာ့ဆန်ကိုယ်ပိုင် Brand တည်ဆောက်

နောက်ဆုံးအနေနဲ့ **"မြန်မာ့ဆန်ကိုယ်ပိုင် Brand တည်ဆောက်ခြင်း"** ဖြစ်ပါတယ်။ ဆန်ကို အိတ်ကြီးတွေနဲ့ ဒီအတိုင်း တင်ပို့တာထက် စနစ်တကျသန့်စင်၊ စံချိန်စံညွှန်းသတ်မှတ်ပြီး ဆွဲဆောင်မှုရှိတဲ့ ထုပ်ပိုးမှုစနစ်တွေနဲ့ ကမ္ဘာ့စျေးကွက်ထဲကို မြန်မာ့ကိုယ်ပိုင် Brand အဖြစ် ထိုးဖောက်ရပါမယ်။ အထူးသဖြင့် မြန်မာ့ပေါ်ဆန်းမွေးလိုမျိုး ကမ္ဘာ့အကောင်းဆုံးဆန်ဆုရဖူးတဲ့ ထူးခြားဆန်မျိုးကို နိုင်ငံတကာက တန်ဖိုးထားစားသုံးရတဲ့ Premium အဆင့်မြင့် Brand ဖြစ်လာအောင် လုပ်ငန်းရှင်တွေဘက်ကလည်း စဉ်းစားတွေးခေါ်မှုအသစ်တွေ၊ စျေးကွက်ဗျူဟာအသစ်တွေနဲ့ နိုင်ငံတကာစားသုံးသူတွေရဲ့ ရင်ထဲအရောက် လှမ်းဝင်ကြဖို့ တိုက်တွန်းနှိုးဆော်ချင်ပါတယ်။

ကျွန်တော်တို့ ရိုးရာစနစ်ကနေ ခေတ်မီစိုက်ပျိုးထုတ်လုပ်မှုစနစ်ကို ပြောင်းလဲဖို့ တိုက်တွန်းတဲ့အခါ တောင်သူဦးကြီးတွေနဲ့ လုပ်ငန်းရှင်တွေ အဓိက ရင်ဆိုင်ရတဲ့ လက်တွေ့ကျတဲ့ အခက်အခဲကတော့ မျိုးကောင်းမျိုးသန့်ဝယ်ဖို့၊ GAP စံနှုန်းမီအောင် ပြင်ဆင်ဖို့နဲ့ ခေတ်မီနည်းပညာတွေ သုံးဖို့ဆိုတာ ငွေကြေးစိုက်ထုတ်မှုတွေ လိုအပ်လှပါတယ်။ ဒီလို အချိန်မှာ လက်တွေ့ကျကျ အားဖြည့်ပေးလာတာကတော့ နိုင်ငံတော်က အကောင်အထည်ဖော်ဆောင်ရွက်ပေးနေတဲ့ **"နိုင်ငံစီးပွားမြှင့်တင်ရေးရန်ပုံငွေ"** ပဲ ဖြစ်ပါတယ်။ *စာမျက်နှာ ၁၇ သို့*

နေသူရဇော်(စိုက်ပျိုးရေး)

> **"ကျွန်တော်တို့ရဲ့ မြေဆီလွှာက ကောင်းမွန်ဆဲဖြစ်သလို တောင်သူတွေရဲ့ ကြိုးစားအားထုတ်မှုကလည်း လျော့မသွားပါဘူး။ လိုအပ်နေတာကတော့ ခေတ်မီတဲ့ မျိုးကောင်းမျိုးသန့်တွေ စိုက်ပျိုးဖို့၊ နိုင်ငံတကာစံနှုန်းမီ စိုက်ပျိုးထုတ်လုပ်မှုစနစ် (GAP)ကို ကူးပြောင်းဖို့နဲ့ ခေတ်မီဆန်စက်ကြီးတွေနဲ့ အရည်အသွေးမြင့် ဆန်ချောတွေ ထုတ်လုပ်နိုင်ဖို့ပဲ ဖြစ်ပါတယ်။ ကိုယ့်အားကိုယ်ကိုးပြီး ကျွန်တော်တို့ဘက်က အဆင့်သင့်ဖြစ်နေအောင် ပြင်ဆင်နိုင်မှသာ ကမ္ဘာ့စျေးကွက်က တောင်းဆိုလာတဲ့ အခွင့်အရေးတွေကို ရဲရဲဝံ့ဝံ့ဆုပ်ကိုင်နိုင်မှာ ဖြစ်ပါတယ် ”**

၂၀၂၆ ခုနှစ် မေလအတွင်း (၁၆-၅-၂၀၂၆ ရက်နေ့မှ ၃၁-၅-၂၀၂၆ ရက်နေ့အထိ) ဝန်းကျင်လေထုအရည်အသွေးလေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

မြန်မာနိုင်ငံတစ်ဝန်းရှိ ဝန်းကျင်လေထုအရည်အသွေးအခြေအနေအား လေ့လာဆန်းစစ်နိုင်ရန်အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ပြည်ထောင်စုနယ်မြေ/တိုင်းဒေသကြီး/ပြည်နယ်များရှိ သတ်မှတ် Sampling Point နေရာများတွင် ဝန်းကျင်လေထုအရည်အသွေးကို Environmental Perimeter Air Station(EPAS)-Haz-Scanner၊ Air Quality Monitoring Station(AQM-65)၊ Scentroid(SL-50 Scential)၊ Aeroqual(Series - 500 Portable Air Quality Monitor)၊ AQMesh (Dust Analyzer - 1941150)၊ (Gas Analyzer - 1940150)၊ Portable Beta Attenuation Mass Monitor (BAM 1022)၊ Air Quality Monitoring Station (AQMS) နှင့် Continuous Particulate Monitor များအသုံးပြု၍ Particulate Matter 2.5 ($PM_{2.5}$)၊ Particulate Matter 10 (PM_{10})၊ Sulphur Dioxide (SO_2)၊ Nitrogen Dioxide (NO_2)၊ Ozone (O_3)နှင့် Carbon Monoxide (CO) စသည့် အဓိက Parameter များကို ပုံမှန်တိုင်းတာပြီး လေ့လာဆန်းစစ်လျက်ရှိပါသည်။

စဉ်	ပြည်ထောင်စုနယ်မြေ/တိုင်းဒေသကြီး/ပြည်နယ်များတွင် တိုင်းတာသည့်နေရာ	တိုင်းတာသည့် Parameter များ					
		၂.၅ မိုက်ခရွန်အရွယ်ရှိသော အမှုန်အမွှားများ	၁၀ မိုက်ခရွန်အရွယ်ရှိသော အမှုန်အမွှားများ	ဆာလဖာဒိုင်အောက်ဆိုဒ်	နိုက်ထရိုဂျင်ဒိုင်အောက်ဆိုဒ်	အိုဇုန်း	ကာဗွန်မိုနောက်ဆိုဒ်
၁	နေပြည်တော်						
	၁ ဥတ္တရသီရိမြို့နယ်၊နေပြည်တော်	လက်ခံနိုင်သော	ကောင်းမွန်	–	ကောင်းမွန်	–	ကောင်းမွန်
	၂ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်	ကောင်းမွန်					
၂	ရန်ကုန်တိုင်းဒေသကြီး						
	၁ ဒိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့	ကောင်းမွန်					
	၂ အပြည်ပြည်ဆိုင်ရာစီးပွားရေးလုပ်ငန်းဇုတ်ဒ္ဓာန၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့	ကောင်းမွန်					
	၃ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့	ကောင်းမွန်					
	၄ တောင်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့	ကောင်းမွန်					
၃	မန္တလေးတိုင်းဒေသကြီး						
	၁ အမရပူရမြို့နယ်၊ မန္တလေးမြို့	ကောင်းမွန်					
	၂ ပုသိမ်ကြီးမြို့နယ်၊ မန္တလေးမြို့	လက်ခံနိုင်သော	ကောင်းမွန်				
	၃ ညောင်ဦးမြို့	လက်ခံနိုင်သော	ကောင်းမွန်				
	၄ ကျောက်ဆည်မြို့	လက်ခံနိုင်သော	ကောင်းမွန်				
	၅ ပြင်ဦးလွင်မြို့	လက်ခံနိုင်သော	ကောင်းမွန်				
	၆ မိတ္ထီလာမြို့	ကောင်းမွန်					
၄	စစ်ကိုင်းတိုင်းဒေသကြီး						
	၁ မုံရွာမြို့	လက်ခံနိုင်သော	ကောင်းမွန်				
	၂ စစ်ကိုင်းမြို့	လက်ခံနိုင်သော	ကောင်းမွန်				
၅	တနင်္သာရီတိုင်းဒေသကြီး						
	၁ ထားဝယ်မြို့	–	–	ကောင်းမွန်	–		
	၂ ကော့သောင်းမြို့	လက်ခံနိုင်သော	ကောင်းမွန်				
၆	ပဲခူးတိုင်းဒေသကြီး						
	၁ ပဲခူးမြို့	ကောင်းမွန်					
၇	မကွေးတိုင်းဒေသကြီး						
	၁ မကွေးမြို့	ကောင်းမွန်					
၈	ဧရာဝတီတိုင်းဒေသကြီး						
	၁ ပုသိမ်မြို့	–	–	ကောင်းမွန်			
	၂ ဖျာပုံမြို့	ကောင်းမွန်					
၉	ကရင်ပြည်နယ်						
	၁ ဘားအံမြို့	လက်ခံနိုင်သော	ကောင်းမွန်				
၁၀	မွန်ပြည်နယ်						
	၁ မော်လမြိုင်မြို့	ကောင်းမွန်					
	၂ သထုံမြို့	လက်ခံနိုင်သော	ကောင်းမွန်				
	၃ မုဒုံမြို့	လက်ခံနိုင်သော	ကောင်းမွန်				
၁၁	ရှမ်းပြည်နယ်						
	၁ တောင်ကြီးမြို့	လက်ခံနိုင်သော	ကောင်းမွန်				
	၂ ကျိုင်းတုံမြို့	လက်ခံနိုင်သော	–	–	–	–	–
	၃ တာချီလိတ်မြို့	လက်ခံနိုင်သော	–	–	–	–	–
	၄ မိုင်းဆတ်မြို့	–	ကောင်းမွန်	–	ကောင်းမွန်	–	ကောင်းမွန်

လေထုအရည်အသွေးညွှန်းကိန်း (Air Quality Index - AQI)

0-50	လေထုအရည်အသွေးကောင်းမွန်သောအဆင့်
51-100	လက်ခံနိုင်သော လေထုအရည်အသွေးရှိသည့်အဆင့်
101-150	ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့်
151-200	ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့်
201-300	ကျန်းမာရေးကို အလွန်ထိခိုက်စေနိုင်သောအဆင့်
301-500	ကျန်းမာရေးအတွက် ဘေးအန္တရာယ်ရှိသောအဆင့်

လေထုအပူချိန်၊ လေတိုက်နှုန်း၊ လေတိုက်ခတ်ရာလမ်းကြောင်း၊ စိုထိုင်းမှု၊ မိုးရွာသွန်းမှုအခြေအနေ၊ မော်တော်ယာဉ်အသုံးပြုမှုအခြေအနေ၊ ပူပြင်းခြောက်သွေ့မှုကြောင့် ဖုန်မှုန့်ပျံ့လွင့်မှု၊ စက်ရုံများမှ ထုတ်လွှတ်အိုးအငွေ့များ ထုတ်လွှတ်မှုအခြေအနေနှင့် ဝန်းကျင်လေထုအရည်အသွေးတိုင်းတာသည့်နေရာ အနီးဝန်းကျင် အခြေအနေတို့အပေါ်မူတည်၍ တိုင်းတာရရှိသည့် ဝန်းကျင်လေထုအရည်အသွေးရလဒ်များသည် ပြောင်းလဲမှုရှိနိုင်ပါကြောင်း သုံးသပ်ရရှိပါသည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန

စာမျက်နှာ ၁၆ မှ

ဒီရန်ပုံငွေဟာ သမားရိုးကျ ချေးငွေတွေလို မဟုတ်ဘဲ လယ်ယာကဏ္ဍနဲ့ မိမိတို့ရဲ့ ဆန်စပါး ထုတ်လုပ်မှုကွင်းဆက် (Supply Chain) တစ်ခုလုံး အမှန်တကယ် တိုးတက်လာစေဖို့ ရည်ရွယ်ပြီး မတည်ထုတ်ချေးငေးထားတဲ့ ရန်ပုံငွေဖြစ်ပါတယ်။ တောင်သူဦးကြီးတွေအနေနဲ့ ဒီရန်ပုံငွေကို အကျိုးရှိရှိ အသုံးချပြီး မိမိတို့ရဲ့ လယ်ယာမြေမှာ မျိုးကောင်းမျိုးသန့်တွေ ပြောင်းလဲစိုက်ပျိုးဖို့နဲ့ နည်းပညာမြှင့်တင်ဖို့အတွက် အဖိအရ ဆုပ်ကိုင်ကြရပါမယ်။

ထို့အတူ လယ်ယာစီးပွားလုပ်ငန်းရှင်တွေ၊ ဆန်စက်ပိုင်ရှင်တွေအနေနဲ့လည်း ဒီရန်ပုံငွေ အရင်းအနှီးတွေကို အခြေခံပြီး တောင်သူတွေနဲ့ အကျိုးတူ လယ်ယာစနစ် ဖော်ဆောင်ရာမှာ လည်းကောင်း၊ အရည်အသွေးမြင့် ကြိတ်ခွဲစက်တွေအဖြစ် အဆင့်မြှင့်တင်ရာမှာလည်းကောင်း ထိရောက်စွာ အသုံးချကြရမှာ ဖြစ်ပါတယ်။

နိုင်ငံတော်က ပံ့ပိုးပေးထားတဲ့ ဒီလိုငွေကြေး အရင်းအနှီးအခွင့်အလမ်းတွေကို အလေအလွင့် မရှိဘဲ ထိထိရောက်ရောက် အသုံးချပြီး မိမိတို့ဘက်က အရည်အသွေးမြင့် ဆန်စပါးတွေကို အရှိန်အဟုန်နဲ့ ထုတ်လုပ်ကြခြင်းဖြင့် မြန်မာ့ဆန်စပါး ရွှေခေတ်ကို ပြန်လည်ပင့်တင်ရာမှာ အဓိက အထောက်အပံ့ကြီးတစ်ခုဖြစ်လာစေမှာ အသေအချာပဲ ဖြစ်ပါတယ်။

စီးပွားရေးလောကမှာ အခွင့်အလမ်းဆိုတာ လေ့ကြုံလိုက်သလိုမျိုး အမြဲတမ်းပေါ်မနေတတ်ပါဘူး။ လက်ရှိ ကမ္ဘာ့ဆန်ဈေးကွက်မှာ ဝယ်လိုအားတွေ ပြောင်းလဲနေပြီး မြန်မာ့ဆန်စပါးကို နိုင်ငံတကာက စိတ်ဝင်တစား စောင့်ကြည့်နေတဲ့အချိန်ဟာ မိမိတို့အတွက် တစ်ကျော့ပြန်ရွှေခေတ်ကို လှမ်းတက်ဖို့ အကောင်းဆုံး အချိန်အခါဖြစ်ပါတယ်။ ဒါပေမယ့် ဒီအခွင့်အရေးကြီးကို ရှေ့တန်းက တောင်သူတွေနဲ့ လုပ်ငန်းရှင်တွေဘက်က အမိအရ မဆုပ်ကိုင်နိုင်ဘူးဆိုရင် ကျွန်တော်တို့ ရေရှည်မှာ ကြီးမားတဲ့ ဆုံးရှုံးမှုတွေနဲ့ ရင်ဆိုင်ရမှာ သေချာပါတယ်။

ဒါကြောင့် အခုအချိန်မှာ အရည်အသွေးမြှင့်တင်ဖို့ ပျက်ကွက်ခြင်းဟာ ရိုးရိုးလေး နောက်ကျကျန်ခဲ့တာမျိုးမဟုတ်တဲ့ မိမိတို့ရဲ့ အနာဂတ် ရွှေရောင်အခွင့်အလမ်းကို ကိုယ့်လက်နဲ့ကိုယ် ဖျက်ဆီးလိုက်သလို ဖြစ်သွားနိုင်တယ်ဆိုတာကို အလေးအနက် သတိပြုကြရမှာ ဖြစ်ပါတယ်။

အချုပ်အားဖြင့်ဆိုရသော် မြန်မာ့ဆန်စပါးရဲ့ ရွှေခေတ်ကို ပြန်လည်ထူထောင်ရေးဆိုတာ စက္ကူပေါ်က အိပ်မက်တစ်ခုမဟုတ်သလို တစ်ဦးတစ်ယောက်တည်းရဲ့ ကြိုးပမ်းမှုနဲ့လည်း မအောင်မြင်နိုင်ပါ။ လယ်ကွင်းထဲက တောင်သူဦးကြီးတွေရဲ့ သွေးချွေး၊ စေတနာတွေနဲ့ လယ်ယာစီးပွားလုပ်ငန်းရှင်တွေရဲ့ နည်းပညာ၊ ရင်းနှီးမြှုပ်နှံမှုအမြင်သစ်တွေ ဟန်ချက်ညီညီ ပေါင်းစပ်မိမှသာ သမိုင်းဝင်ဂုဏ်ဒြပ်ကို ပြန်လည်ဆုပ်ကိုင်နိုင်မှာ ဖြစ်ပါတယ်။

ကျွန်တော်တို့မှာ ကောင်းမွန်တဲ့ မြေဆီလွှာနဲ့ ကြိုးစားချင်စိတ်ရှိတဲ့ တောင်သူတွေရှိနေပြီးသား ဖြစ်ပါတယ်။ လိုအပ်နေတာက နိုင်ငံတကာဈေးကွက်က တောင်းဆိုနေတဲ့ **"အရည်အသွေး"** စံနှုန်းအတိုင်း ပြုပြင်ပြောင်းလဲဖို့ ရဲဝံ့တဲ့ ခြေလှမ်းတွေသာ ဖြစ်ပါတယ်။ တောင်သူက GAP အတိုင်း စနစ်တကျစိုက်ပျိုးပြီး လုပ်ငန်းရှင်က ခေတ်မီနည်းပညာနဲ့ တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ် ပြောင်းလဲပေးနိုင်ရင် မြန်မာ့ဆန်ဟာ ကမ္ဘာ့ထမင်းပိုင်းတွေထက်မှာ ပြန်လည်နေရာ ရလာမှာ မလွဲကောန် ဖြစ်ပါတယ်။

ကမ္ဘာ့ဈေးကွက်ဟာ ကျွန်တော်တို့ဘက်က အသင့်ဖြစ်၊ မဖြစ်ကို စောင့်ကြည့်နေပါတယ်။ အတိတ်က ဂုဏ်ယူစရာ သမိုင်းကြောင်းကို ပုံပြင်တစ်ပုဒ်လို ထိုင်ပြောမနေဘဲ လက်ရှိပစ္စုပ္ပန်မှာ လက်တွေ့ကျကျ စတင်ပြောင်းလဲကြဖို့ အချိန်တန်ပြီဖြစ်လို့ မိမိတို့ကဏ္ဍအလိုက် အရည်အသွေးမြှင့်တင်ရေးကို အခုပဲ ညီညီညွတ်ညွတ်နဲ့ လက်တွဲလုပ်ဆောင်ရင်း **"မြန်မာ့ဆန်စပါးရဲ့ ရွှေခေတ်ကို ပြန်လည်ထူထောင်ကြပါစို့"** ဟု တိုက်တွန်းရေးသားလိုက်ရပါတယ်ခင်ဗျာ။ ။

အုတ်တွင်းမြို့နယ်၌ စပါးခွံမီးသွေးဖြင့် သဘာဝမြေဩဇာထုတ်လုပ်၍ စပါးခွံပေါင်းခံရည်ထုတ်လုပ်မှုသရုပ်ပြ

အုတ်တွင်း ဇွန် ၆



အုတ်တွင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ စိုက်ပျိုးရေးလုပ်ငန်းတွင် စွယ်စုံသုံးနိုင်သည့် စပါးခွံမီးခိုးပေါင်းခံရည်နှင့် စပါးခွံမီးသွေးမှ ရရှိလာမည့် သဘာဝကိုအခြေခံသည့် ပိုးမွှားရောဂါကာကွယ်ဆေးများကို ထုတ်လုပ်တတ်စေရန် ရည်ရွယ်၍ ပေါက်တောကျေးရွာမှ တောင်သူများအား စပါးခွံမီးသွေး၊ သဘာဝမြေဩ ထုတ်လုပ်၍ စပါးခွံပေါင်းခံရည် ထုတ်လုပ်မှု သရုပ်ပြပွဲကို ဇွန် ၄ ရက်က အဆိုပါ ကျေးရွာ၌ ပြုလုပ်သည်။

ဦးစွာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးအရာရှိဦးအောင်ဆန်းဦးက စပါးခွံမီးသွေး၊ သဘာဝမြေဩဇာထုတ်လုပ်၍ စပါးခွံပေါင်းခံရည်ထုတ်လုပ်မှု၊ ဘက်စုံပိုးမွှားရောဂါကာကွယ်ရေးအတွက် အသုံးပြုပုံနှင့် ထုတ်လုပ်နည်းများကို ရှင်းလင်းပြောကြားပြီး တောင်သူများက သိရှိလိုသည်များ မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့သည်။

ခင်ခင်မာ(ပြန်/ဆက်)



ပန်းတောင်းမြို့နယ်၌ စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေး ဆွေးနွေး

ပန်းတောင်း ဇွန် ၆

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ်၌ စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးဆွေးနွေးပွဲကို ဇွန်၄ရက်က မြို့နယ်ကျောက်ဖူးကြားစခန်းသိုလှောင်ရုံ၌ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်သူရက အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိက သဘာဝမြေဩ ပြုလုပ်နည်းအဆင့်ဆင့်နှင့် သဘာဝမြေဩအသုံးပြုခြင်းဖြင့် ရရှိလာမည့် အကျိုးကျေးဇူးများကို အသိပညာပေး ရှင်းလင်းပြောကြားပြီး လက်တွေ့သရုပ်ပြသခဲ့ကြောင်း သိရသည်။

လပြည့်လင်း(ပြန်/ဆက်)

ကျေးရွာမြေငှားဂရန် ထုတ်ပေးနိုင်ရေး အင်းမကျေးရွာရှိ ပြည်သူများနှင့် တွေ့ဆုံဆွေးနွေး

ပန်းတနော် ဇွန် ၆

ပန်းတနော်မြို့နယ်၌ ကျေးရွာမြေငှားဂရန်များ ထုတ်ပေးနိုင်ရေးအတွက်



မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မြို့နယ်မြေစာရင်းဦးစီးဌာနတို့ ပူးပေါင်း၍ ကျေးရွာနေပြည်သူများနှင့် တွေ့ဆုံဆွေးနွေးပွဲကို ဇွန် ၄ ရက်က အင်းမကျေးရွာ ကံကော်ကျောင်းတိုက်၌ ကျင်းပရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနိုင်ဝင်းက အမှာစကားပြောကြားသည်။

ဆက်လက်၍ မြို့နယ်မြေစာရင်းဦးစီးဌာနမှူးက ကျေးရွာမြေငှားဂရန် ထုတ်ပေးခြင်းနှင့် ပတ်သက်သည့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားပြီး အင်းမကျေးရွာနေပြည်သူများက မိမိတို့သိရှိလိုသည်များကို မေးမြန်းဆွေးနွေးရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

မြို့နယ်(ပြန်/ဆက်)

ဒိုက်ဦးမြို့၌ နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ဆောင်ရွက်ပေး

ဒိုက်ဦး ဇွန် ၆

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် အထက(၁) အောင်ရတနာခန်းမ၌ အသက် ၁၀ နှစ်နှင့်အထက် နိုင်ငံသားစိစစ်ရေးကတ်နှင့် UIDကတ်များကို လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများက ဇွန် ၃ ရက်တွင် ကွင်းဆင်းကာ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုကို ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအတွင်းရေးမှူး ဒုတိယရဲမှူးကြီး ကျော်သူဝင်းနှင့် အဖွဲ့ဝင်များ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ကြည့်ရှုပြီး နိုင်ငံသားစိစစ်ရေးကတ်များကို ကျောင်းသား ကျောင်းသူများထံ လက်ဝယ်အရောက် ပေးအပ်ခဲ့သည်။

စိုးထက်ကျော်(ပြန်/ဆက်)





ကျိုက်ထိုမြို့နယ်၌ မျိုးသန့် မျိုးဟုး မျိုးစေ့များ ပေးအပ်

ကျိုက်ထို ဇွန် ၆

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်၌ စိုက်ပျိုးရေးဦးစီးဌာနမှ မျိုးစေ့ထုတ် ၈က ၅၀ စိုက်ပျိုးမည့် မျိုးစေ့ထုတ်တောင်သူများအား ပေါ်ဆန်းရင်၊ ဆင်းသုခ၊ ဘေးကြားတောင်ပျံ မျိုးသန့်၊ မျိုးပွား၊ မျိုးစေ့(RS)များ ပေးအပ်ခြင်းကို ဇွန် ၃ ရက်က ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကံစောလှိုင်က အမှာစကားပြောကြားသည်။

ထို့နောက် ကျိုက်ထိုခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့်တာဝန်ရှိသူများက တောင်သူများအား ပေါ်ဆန်းရင်၊ ဆင်းသုခ၊ ဘေးကြားတောင်ပျံ မျိုးသန့်၊ မျိုးပွား၊ မျိုးစေ့ (RS)များ ပေးအပ်ခဲ့ကြောင်း သိရသည်။

ပြည့်ဖြိုး(ပြန်/ဆက်)

ဇမ္ဗူသီရိမြို့နယ်၌ တိရစ္ဆာန်ရောဂါ ကာကွယ်ဆေးထိုးနှံပေး

နေပြည်တော် ဇွန် ၆

နေပြည်တော် ဇမ္ဗူသီရိမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ကျွဲ၊ နွား ရောဂါ ကာကွယ်ဆေးများထိုးနှံခြင်းနှင့် နို့စားနွား မေထုန်မဲ့သားစပ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိရာ ဇွန် ၃ ရက်နှင့် ၄ ရက်တို့တွင် အလျင်လိုကျေးရွာအုပ်စုနှင့် တဲကြီးကုန်းကျေးရွာအုပ်စုရှိကျွဲ၊ နွား ကောင်ရေ ၂၈၀ ကို ပေါင်ပုပ်လက်ပုပ်ရောဂါ ကာကွယ်ဆေးထိုးနှံခြင်း၊ နို့စားနွား မေထုန်မဲ့သားစပ်ခြင်းတို့ကို ဌာန၏ ကြီးကြပ်မှုနှင့် တိရစ္ဆာန်ကျန်းမာရေးအဖွဲ့တို့ ပူးပေါင်း၍ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

တင့်ဖူးခိုင်(ပြန်/ဆက်)





လွိုင်လင်မြို့၌ သီးသန့်မီးသတ်တပ်ဖွဲ့ဝင်များ အကြိုအခြေခံမီးသတ်ပညာသင်တန်းဆင်းပွဲ ကျင်းပ

လွိုင်လင် ဇွန် ၆

သီးသန့်မီးသတ်တပ်ဖွဲ့ဝင်များ မီးငြိမ်းသတ်ရေး အကြိုအခြေခံပညာသင်တန်းအမှတ်စဉ်(၁/၂၀၂၆)သင်တန်းဆင်းပွဲကို ယမန်နေ့နံနက်ပိုင်းက လွိုင်လင်မြို့နယ် မီးသတ်ဦးစီးဌာနခန်းမ၌ ကျင်းပသည်။

အဆိုပါ သင်တန်းဆင်းပွဲတွင် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်မိုးက အမှာစကားပြောကြားပြီး ခရိုင်မီးသတ်ဦးစီးမှူးက သင်တန်းဆင်းလက်မှတ်ပေးအပ်ရာ သင်တန်းသားတစ်ဦးက လက်ခံရယူသည်။

လွိုင်လင်မိုး

PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရ အရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်ပုံစိတ် တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG, CRPH လက်အောက်ခံ အကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များတိထွင်ဖန်တီးအသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

နိုင်ငံတစ်ဝန်း စိမ်းလန်းဖို့ သစ်ပင်စိုက်ပျိုး ထိန်းသိမ်းစို့။

အများသိစေရန်အသိပေးကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ အကွက်အမှတ် (လ-၉)၊ ဦးပိုင်အမှတ်-(၆၀)၊ ဧရိယာ(၀.၀၅၅၁)ဧက မြေကွက်သည် ဒေါ်နုနုစံ(၎င်း၏အထူးကိုယ်စားလှယ်စာရသူ ဦးကျော်မင်းထွေးထံမှ အဆိုပါဂရန်မြေကွက်အား ကျွန်ုပ် မိတ်ဆွေ ဒေါ်အေးအေးမြိုင်က အရောင်းအဝယ်အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူချုပ်ဆိုကာ လက်ရှိနေထိုင်လျက်ရှိပြီး အဆိုပါ မြေကွက်နှင့်ပတ်သက်၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ဆိုပါက အချိန်မရွေးလိုက်ပါ ချုပ်ဆိုပေးမည်ဟု ဝန်ခံကတိပြုခဲ့ကြောင်း၊ ထို့ကြောင့် ဤကြေညာသည့်ရက်မှ (၇)ရက်အတွင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ဝတ္ထု လက်မှတ်ရေးထိုးပေးပါရန် ဆက်သွယ်အကြောင်းကြားအပ်ပါသည်။ လာရောက်ဆက်သွယ်ခြင်းမရှိပါက မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အား ဥပဒေနှင့်အညီ ဆောင်ရွက်တော့မည်ဖြစ်ပါကြောင်း အများသိရှိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးချစ်စန်းဝေါ (LL.B) (စဉ်-၁၂၀၁၁)
တရားလွှတ်တော်ရှေ့နေ
ဖုန်း-၀၉-၂၅၁၁၅၅၆၀

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္ထူးလျှောက်ထားခြင်း

ယာဉ်အမှတ် 74W/76899, Honda Click-125 ယာဉ်လက်ဝယ်ရှိသူ ဒေါ်သူဇာတို့ ၉/မနတ(နိုင်) ၀၉၉၄၁၀၉ က (ကမ-၃)ပျောက်ဆုံး၍ မိတ္ထူးထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ဦးငုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကည်နု၊ ခရိုင်ရုံး
(မန္တလေးမြောက်ပိုင်း) မန္တလေးမြို့

ဆောက်လုပ်ရေးဝန်ကြီးဌာန
လမ်းဦးစီးဌာန၊ လှည်းကူးခရိုင်
(၁/၂၀၂၆-၂၀၂၇) အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ လှည်းကူးခရိုင်မှ (၂၀၂၆-၂၀၂၇) ဘဏ္ဍာရေးနှစ် ပြည်ထောင်စု/တိုင်းဒေသကြီး/ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လမ်း/တံတားလုပ်ငန်းများအတွက် လိုအပ်သောလုပ်ငန်းသုံးပစ္စည်းများအား အိတ်ဖွင့်တင်ဒါခေါ်ယူမည်ဖြစ်ပါသည်။

၂။	တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့် ရက်/အချိန်	- (၈ - ၆ - ၂၀၂၆) ရက် (တနလ်ာနေ့) (ရုံးချိန်အတွင်း)
၃။	တင်ဒါလျှောက်လွှာ အရောင်းပိတ်မည့် ရက်/အချိန်	- (၂၃ - ၆ - ၂၀၂၆) ရက် (အင်္ဂါနေ့) (ရုံးချိန်အတွင်း)
၄။	တင်ဒါဖွင့်လှစ်မည့် ရက်/အချိန်	- (၂၅-၆-၂၀၂၆)ရက် (ကြာသပတေးနေ့) နံနက်(၁၀:၀၀)နာရီ
၅။	တင်ဒါတင်သွင်းစိစစ်ဖွင့်လှစ်ရွေးချယ်မည့်နေရာ	- လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြုရုံး) လမ်းဦးစီးဌာန၊ လှည်းကူးခရိုင်၊ လှည်းကူးမြို့

၆။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ဖော်ပြပါလိပ်စာအတိုင်း ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းဝယ်ယူနိုင်ပါသည်။

တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ
လမ်းဦးစီးဌာနလှည်းကူးခရိုင်
ဖုန်း - ၀၁ - ၈၆၂၀၁၄

ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး၊ (၆)၊ ကွင်း/အကွက်အမှတ် (RA – III)/ကွက်ပြင်-၃၊ ဦးပိုင်အမှတ် (၇၄/၂၈၁) မြေဧရိယာ(၀.၁)ဧက အကျယ်အခန်းရှိမြေကွက်သည် ပြင်ဦးလွင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဂရန်အမှတ်အမှတ်(၄၆၁/၁၉၉၇-၁၉၉၈)အရ ဒေါ်ခွေအမည်ဖြင့် မြေပုံးဂရန်ရရှိထားသောမြေကွက်နှင့် ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး(၆)၊ ကွင်း/အကွက်အမှတ်(RA-III/ကွက်ပြင်-၃)၊ ဦးပိုင်အမှတ် (၇၄/၃)၊ မြေဧရိယာ(၀.၅၀)ဧကေ အကျယ်အခန်းရှိမြေကွက်သည် ပြင်ဦးလွင်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဂရန်အမှတ်တွဲအမှတ်(၉၄၆/၂၀၁၆-၂၀၁၇)အရ ဒေါ်ခွဲတူအမည်ဖြင့် မြေပုံးဂရန်ရရှိထားသော မြေကွက်တို့အနက်မှ မြေဧရိယာ(၀.၀၂)နှင့် မြေဧရိယာ(၀.၀၂၉)ဧက အကျယ်အခန်းရှိမြေ(၂)ကွက် စုစုပေါင်းမြေဧရိယာ(၀.၀၄၁)ဧကအား ဦးအေးချမ်းသာထံမှ ဦးဟန်ဇော်လင်းသည် အရပ်ကထိစာချုပ်ဖြင့် ဝယ်ယူ ပိုင်ဆိုင်ခဲ့ပါသည်။

အဆိုပါ ဦးဟန်ဇော်လင်းဝယ်ယူပိုင်ဆိုင်ခဲ့သော မြေဧရိယာ(၀.၀၂)နှင့် မြေဧရိယာ(၀.၀၂၉)ဧက အကျယ်အခန်းရှိမြေ(၂)ကွက် စုစုပေါင်းမြေဧရိယာ(၀.၀၅၁) ဧက အကျယ်အခန်းရှိမြေကွက်နှင့် အကျိုးခံစားခွင့်များကို ဦးဟန်ဇော်လင်းထံမှ ကျွန်ုပ်၏မိတ်ဆွေကဝယ်ယူရန်အတွက် စရန်ငွေတချို့ကတစ်ဝက်ပေးချောထားပြီး ဖြစ်ပါသည်။ အထက်အဆိုပါ မြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူရှိပါက ဤသတင်းစာကြေညာပါသည့်ရက်မှစ၍ (၇) ရက်အတွင်းဦးစီးဌာန ကန့်ကွက်လိုသူရှိပါက စာရွက်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံတွင်ဖြစ်စေ၊ ကျွန်ုပ်၏ မိတ်ဆွေထံတွင်ဖြစ်စေ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်များအတွင်း ကန့်ကွက်လိုသူမရှိပါက ကျွန်ုပ်၏ မိတ်ဆွေသည် ဥပဒေနှင့်အညီ အရောင်းအဝယ်ပြီးစီးအောင်မြင်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ညွှန်ကြားချက်အရ သိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ
ဒေါ်သက်မွန်လတ် (၁၁) ဦးဖွားညှိ
၉/ပဒူလ(နိုင်)၀၀၃၇၂၁
ရပ်ကွက်ကြီး(၆)၊ ပြင်ဦးလွင်မြို့

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်ခင်ခင်နိုင်(LL.B)စဉ်-၁၂၉၈၇
တရားလွှတ်တော်ရှေ့နေ
ကားကြီးကွင်းတိုက်တာန်းအမှတ် (A10-ခက)ရပ်ကွက်ကြီး(၁၀)၊ ပြင်ဦးလွင်မြို့၊
ဖုန်း-၀၉-၇၉၉၁၀၁၃၀၆၊ ၀၉-၆၈၄၀၀၆၁၁

ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4S/3967 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကည်နု၊ (ရွာသာကြီး)

ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 47W/58753 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကည်နု၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)

အမည်ပြောင်း

ဦးစိုးဝင်း ၉/ညဥ္စန(နိုင်)၀၈၉၁၂၂ ၏သား။ မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြေ သာစည်မြို့နယ်၊ အထက(၂၈) အောင်ပင်လယ် Grade-8 (A)မှ မောင်စိုင်စိုးဦး အား မောင်ဂျွန်နှိုးဖြူး ဟု ပြောင်းလဲခေါ်ဆိုပါရန်။

မောင်ဂျွန်နှိုးဖြူး

ဖခင်အမည်မှန်

လားရှိုးမြို့၊ အ.ထ.က(၇)၊ Grade(12) တွင် ပညာသင်ကြားနေသူ မောင်စိုးပိုင်းဃံ (က၀/မဂဝ၄၅) ၏ ဖခင်အမည်မှန်မှာ ဦးမြတ်ကျော်စိုး (၅/ဝလက(နိုင်) ၁၁၂၅၁) ဖြစ်ပါသည်။

ဦးမြတ်ကျော်စိုး

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် ပျောက်မိတ္ထူလျှောက်ထားခြင်း

ယာဉ်အမှတ် 26W/57769, Jialing -90 ယာဉ်အမည်ပေါက်သူ ဒေါ်စောစော အောင် ၁၃/လရန(နိုင်) ၀၉၄၅၃၄၅ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္ထူးထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

က.ည.နှ၊ တွဲဖော်ပြည်နယ်ရုံး
(လားရှိုး)

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္ထူလျှောက်ထားခြင်း

ယာဉ်အမှတ် 25W/32069, KENBO DREAM-110 ယာဉ်လက်ဝယ်ရှိသူ ဦးထိပ်တင်ညွှန်ဘော် ၉/ပမန(နိုင်) ၁၃၄၇၇၄ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္ထူးထုတ် ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်(၃၀)အတွင်း အောက် ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

က.ည.နှ
အောင်ပန်း

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃)၊ (၁၄)လမ်း၊ မြေကွက်အမှတ် (၄၀၈)၊ အကျယ်အဝန်း (၂၄၃၀)စတုရန်းပေရှိ ဒေါ်မေမိုးကြည် (၁/ဗတထ (နိုင်) ၀၁၆၅၀၁) အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို အရောင်းအဝယ်မှတ်ပုံတင်စာချုပ်အမှတ် (၅၄၀၁/၂၀၂၆)ဖြင့် ဝယ်ယူထားသူများ ဖြစ်သော ဦးအောင်ရဲနိုး (၁/ဗဟန (နိုင်) ၀၈၅၄၄၁) နှင့် ဒေါ်ခင်ခင်ချို (၁/ကမရ (နိုင်) ၀၅၀၀၄၁)တို့ ထံမှ ကျွန်ုပ မေါ်အုန်းစင် (၁၃/ပလတ (နိုင်) ၀၁၂၃၅၄)က ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ စာရွက်စာတမ်း အထောက်အထား မူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်စာချုပ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်အုန်းစင် (၁၃/ပလတ (နိုင်) ၀၁၂၃၅၄)
၀၉- ၉၆၃ ၉၂၂ ၈၈၈

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄၂)၊ ဦးဝိဓာရလမ်း၊ မြေကွက်အမှတ် (၁၂၄၄)၊ အကျယ်အဝန်း (၄၀၀၀ × ၆၀၀)ရှိ ဦးအေး (AB-၀၃၈၀၀၂) အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို အမည်ပေါက်ပိုင်ရှင် ခင်ပွန် ဦးအေး ကွယ်လွန်၍ အမမွေဆက်ခံခွင့်ရှိသူ ဒေါ်အေးရွှေ (၁/ လမန (နိုင်) ၀၉၀၃၈၃) ထံမှ ကျွန်တော် ဦးဇော်မိုးနိုင် (၁၀/မဒန (နိုင်) ၀၀၁၅၁၉)က ဝယ်ယူရန် အတွက်စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်တော်ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်စာချုပ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် သိစေအပ်ပါသည်။

ဦးဇော်မိုးနိုင် (၁၀/မဒန (နိုင်) ၀၀၁၅၁၉)
၀၉- ၈၈၂ ၂၃၄ ၅၃၄

မြေဌားဂရန် လျှောက်ထားချက်အပေါ် ကန့်ကွက်နိုင်ပါကြောင်း

စဉ်	လျှောက်ထားသူအမည်	လျှောက်ထားသည့်မြေ၏ ကွင်းအမှတ်/အမှတ်	ဦးပိုင်	ဧရိယာ (ဧက)	မှတ်ချက်
၁	ဦးအောင်မျိုးအေး၊ ဧရာရွှေဝါကုမ္ပဏီလိမိတက်	(၃၁၈-က) မုဆိုးမကွင်း	(၆/၁၊ ၆/၂၉)	၂.၃၅	စက်မှု/ဧီးပွား
၂	ဦးအောင်မျိုးအေး၊ ဧရာရွှေဝါကုမ္ပဏီလိမိတတ်	(၃၁၈-ခ) မုဆိုးမကွင်း	(၁/၁)	၁.၇၆	စက်မှု/ဧီးပွား
၃	ဦးအောင်မျိုးအေး၊ ဧရာရွှေဝါကုမ္ပဏီလိမိတက်	အကွက်အမှတ်(၂)၊ မီးရထားမြို့ကွက်	(၂-က)	၂.၀၂၉	စက်မှု/ဧီးပွား
၄	ဦးထွန်းမိုင်ဝင်း	(၁၆၈) အပင်နှစ်ဆယ်ကွင်း	(က/၅၉၊ က/၆၀)	၁.၂၄	စက်မှု/ဧီးပွား

ကန့်ကွက်လိုသူများရှိပါက သတင်းစာတွင် ကြော်ငြာသည့် ရက်မှစ၍ (၁၅) ရက်အတွင်း အထောက်အထား ပြည့်စုံစွာဖြင့် ဤရုံးသို့ ကာယကံရှင်ကိုယ်တိုင် လာရောက် ဆက်သွယ်ကန့်ကွက်နိုင်ပါသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကန်ကြီးထောင့်မြို့နယ်

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄၁)၊ မင်းရဲကျော်စွာလမ်း၊ မြေကွက်အမှတ် (၈၈/၂၀၁)၊ အကျယ်အဝန်း (၄၀၀၀ × ၁၀၀၀)ရှိ ဒေါ်နုင်းနုင်းအောင် (၁/ပဘတ (နိုင်) ၀၀၀၈၈၇) အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ အမည်ပေါက်ပိုင်ရှင် ဒေါ်နုင်းနုင်းအောင် ထံမှ ကျွန်ုပ် ဒေါ်သီတာမေအောင် (၉/မဟမ (နိုင်) ၀၄၄၅၄၆)က ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်စာချုပ်အား ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်သီတာမေအောင် (၉/မဟမ (နိုင်) ၀၄၄၅၄၆)
၀၉- ၇၈၂ ၀၀၉ ၉၇၈

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅၁) မြေကွက်အမှတ်(၁၈၅၅)၊ အကျယ်အဝန်း(၄၀×၆၀)ရှိဦးစိန်ရွှေ(S/ OKA-048156) အမည်ပေါက်ပါမဖစ်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကိုအရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီးရောင်းရှင်ပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဒေါ်ခင်စန္ဒာ(၁၄/ပသန(စည်)၀၀၁၀၄၀)ထံမှကျွန်ုပ်၏မိတ်ဆွေကဝယ်ယူရန်အတွက်စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အားကန့်ကွက်လိုပါကကျွန်ုပ်ထံသို့တရားဝင် ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့်ယနေ့မှစ၍(၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ထိုရက်ကျော်လွန်ပါကအရောင်းအဝယ်ကိစ္စကိုဥပဒေနှင့်အညီဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ

ဦးအောင်ကျော်လှိုင် (LL.B)
အထက်တန်းရှေ့နေ (စဉ်-၄၃၆၀၆)
Ph-09421746974

ဇီဝမျိုးစုံမျိုးကွဲတွေ ကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းဖို့

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်အတွင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးလုပ်ငန်း၊ ပြည်ဖြိုးမြဲမြံအင်နှင့်ရေအား စက်ရုံများဌာန လက်အောက်ရှိ ရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံများတွင် အသုံးပြုရန် စက်ဆီ/ရောနစ်ဝယ်ယူခြင်းနှင့် စက်အရံပစ္စည်း(၆၅)မျိုး ဝယ်ယူခြင်း တို့အတွက် (မြန်မာကျပ်ငွေ)ဖြင့် အိတ်ဖွင့်တင်ဒါခေါ်ယူလိုပါသည် -

စဉ်	တင်ဒါအမှတ်	အမျိုးအမည်
(က)	Tender No.01(T)/EPGE (REHP)/ 2026-2027	ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများအတွက် စက်ဆီ/ရောဆီများ ဝယ်ယူခြင်း။
(ခ)	Tender No.02(T)/EPGE (REHP)/ 2026-2027	အထက်ပေါင်းလောင်းစက်ရုံအတွက် စက်မှုပိုင်းဆိုင်ရာ စက်အရံပစ္စည်း (၅) မျိုး ဝယ်ယူခြင်း။
(ဂ)	Tender No.03(T)/EPGE (REHP)/ 2026-2027	ကျိုင်းတောင်းစက်ရုံအတွက် စက်မှုပိုင်းဆိုင်ရာ စက်အရံပစ္စည်း (၈) မျိုး ဝယ်ယူခြင်း။
(ဃ)	Tender No.04(T)/EPGE (REHP)/ 2026-2027	ဖြူးချောင်းစက်ရုံအတွက် စက်မှုပိုင်းဆိုင်ရာ စက်အရံပစ္စည်း (၉) မျိုး ဝယ်ယူခြင်း။
(င)	Tender No.05(T)/EPGE (REHP)/ 2026-2027	ဓောင်းတူ၊ ရဲနွယ်၊ ရွှေကျင်၊ ကွန်းချောင်း စက်ရုံတို့အတွက် စက်မှုပိုင်းဆိုင်ရာ စက်အရံပစ္စည်း (၁၂)မျိုး ဝယ်ယူခြင်း။
(စ)	Tender No.06(T)/EPGE (REHP)/ 2026-2027	မုန်းချောင်း၊ ကြီးအုံကြီး၀ စက်ရုံတို့အတွက် စက်မှုပိုင်းဆိုင်ရာ စက်အရံပစ္စည်း(၁၀)မျိုး ဝယ်ယူခြင်း။
(ဆ)	Tender No.07(T)/EPGE (REHP)/ 2026-2027	ကင်းတား၊ သဖန်းဆိပ်၊ မြို့ကြီးစက်ရုံတို့အတွက် စက်မှုပိုင်းဆိုင်ရာ စက်အရံပစ္စည်း(၁၁)မျိုး ဝယ်ယူခြင်း။
(ဇ)	Tender No.08(T)/EPGE (REHP)/ 2026-2027	ရုံးချုပ် ခေါင်း၊ နန့်ချိုစက်ရုံတို့အတွက် စက်မှုပိုင်းဆိုင်ရာ စက်အရံပစ္စည်း(၁၀) မျိုး ဝယ်ယူခြင်း။

၂။ ဝယ်ယူမည့်ပစ္စည်းများ၏ နည်းပညာစံချိန်စံညွှန်း အဆိုပြုလွှာ (Technical Proposal) စာအိတ်(က)နှင့် ဈေးနှုန်းအဆိုပြုလွှာ (Financial Proposal) စာအိတ်(ခ)တို့အား သီးခြားစီချိပ်ဝိတ်၍ တင်ဒါပိတ်ရက်၏ (၁၃:၀၀)နာရီ နောက်ဆုံးထားရှိ **(လူကိုယ်တိုင်)** လာရောက်တင်သွင်းရမည်။

၃။	တင်ဒါစာတင်ရောင်းချမည့်ရက်	- (၈ -၆-၂၀၂၆) ရက်မှ (၂၂ -၆-၂၀၂၆) ရက်အထိ
၄။	တင်ဒါရောင်းချမည့်အချိန်	- (၁၀:၀၀)နာရီမှ (၁၆:၃၀)နာရီအထိ
၅။	တင်ဒါပိတ်ရက်နှင့် အချိန်	- (၂၃ -၆-၂၀၂၆) ရက်နေ့၊ (၁၃:၀၀)နာရီ
၆။	တင်ဒါရောင်းချမည့်နေရာ	- လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း၊ ပစ္စည်းဖြည့်တင်းရေးဌာန၊ ရုံးအမှတ် (၂၇)၊ နေပြည်တော်
၇။	တင်ဒါလက်ခံမည့်နေရာ	- လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ ရုံးအမှတ် (၂၇)၊ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးလုပ်ငန်း၊ နေပြည်တော်

၈။ တင်ဒါပုံစံများအား ၀၆ရိုက်းဌာန Web-Portal (www.moep.gov.mm) တွင်လည်း ကြော်ငြာထားမည်ဖြစ်ပါသည်။

တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ (ဖုန်း -၀၆၇-၄၄၈၅၃၀၉၄)

မြေပေးမိန့်၊ လျှောက်ထားမှုအတွက်
ကန့်ကွက်လွှာခေါ်ယူသည့် ကြော်ငြာစာ
မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊မြန်အောင်မြို့

မြန်အောင်မြို့၊ အမှတ်(၄)ရပ်ကွက်၊ ကြာနီကန်းပင်နေ ဦးဌေးလွင် ၁၄/မအန(နိုင်)၀၁၃၅၈၆ ကမြန်အောင်မြို့နယ်၊ ညောင်မြစ်ဆွဲအုပ်စု၊ ကွင်းအမှတ်(၂၂၉)၊ ဦးပိုင်အမှတ်(၇၃၉) ဧရိယာ(၀.၃၃)ကေဆား အောက်ပါ နယ်နိမိတ်အတိုင်း မြေပေးမိန့် လျှောက်ထားလာပါသည် -

မြောက်လားသော်-ဦးစောထူးအရှေ့လားသော်-မြန်အောင်-ဟသံတလမ်း၊ တောင်လားသော်-ဦးလေဘဟာ၊ အနောက် လားသော်-ဦးဌေးလွင်

။။ ယခုမြေကွက်ကို မည်သည့်အတွက်မြေပေးမိန့်မပေးသင့်ကြောင်း အကြောင်းပြနိုင်သူ မည်သူမဆို သိစေလိုက်သည်မှာ မြေပေးမိန့်ပေးခြင်းနှင့်စပ်လျဉ်း၍ ကန့်ကွက်လွှာများကိုဤရုံးသို့ ကြော်ငြာသည့်ရက်မှ(၁၅)ရက်အတွင်း ပေးပို့ရမည်။ ကန့်ကွက်လွှာအားလုံးကိုစဉ်းစားသောအခြေခံအရ ဆုံးဖြတ်ပေးသည့်ရက်၏ နောက်ပိုင်းတွင် ပေးပို့မည်ဟုကန့်ကွက်လွှာ များကို လက်ခံလိမ့်မည်မဟုတ်ပါ။ ၃။ အကယ်၍ သတ်မှတ်ရက်အတွင်း သို့မဟုတ် ထိုရက်မတိုင်မီ ကန့်ကွက်လွှာများကို လက်ခံရရှိခြင်း မရှိပါက ထိုမြေကို အဆိုပါမြေပေးမိန့် လျှောက်ထားသူသို့ ထုတ်ပေးမည်ဖြစ်ပါသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊
မြန်အောင်မြို့

ဦးစိုးဝေဖြိုး(၁၁)ဦးကျော်စိုးလွင်၊ (၁၄/ဖပန(နိုင်)၁၃၈၁၁၁) နှင့် အများသိစေရန်ကြေညာခြင်း

လယ်ဝေးမြို့နယ်လယ်သစ်လမ်းနေ ဒေါ်မေစိုးစိုး ၈/မန(နိုင်)၁၄၅၅၆၉၂၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။ ၂၀၁၃ခုနှစ်တွင် ဒေါ်မေစိုးစိုးသည် ဦးစိုးဝေဖြိုးနှင့်မြန်မာ့မဝေလုထုံးတမ်း ဥပဒေနှင့်အညီ လက်ထပ်ပေါင်းသင်းခဲ့ပါသည်။ ၂၀၂၃ခုနှစ်ဖေဖော်ဝါရီတာဝန်ကျလွှတ် လယ်ဝေးမြို့ရှိမိဘများ အိမ်ရှိ အတူပေါင်းသင်းနေရာမှ တာဝန်အရ ပြောင်းရွှေ့ရှိ၍ဟုဆိုကာထွက်သွားခဲ့ပြီး (၁၀-၄-၂၀၂၄)ရက်တွင် မဟုတ်မမှန်သည့် အကြောင်းကြားစာတစ်စောင် ပေးပို့ခြင်းမှလွဲ၍ ယနေ့(၃)နှစ်ကျော်ကာလအထိ ဒေါ်မေစိုးစိုးအား ဆက်သွယ်ခြင်း၊ ထောက်ပံ့ခြင်းမရှိတော့ပဲ စွန့်ပစ်ခဲ့ပါသည်။ ထို့ကြောင့် ဒေါ်မေစိုးစိုးအနေဖြင့် ဦးစိုးဝေဖြိုးအား ခင်ပွန်းအဖြစ် ဆက်လက်ပေါင်းသင်းရန်ဆန္ဒမရှိတော့ပါ၍ (၆-၆-၂၀၂၆) ရက်မှစပြီး လင်ခန်းမယားခန်း ပြတ်စဲကြောင်း ကြေညာအပ်ပါသည်။ ဒေါ်မေစိုးစိုးအနေဖြင့် မြန်မာ့မဝေလုထုံးတမ်းနှင့်အညီ ဆန္ဒမပြေတော့ပါ၍ နောက်နောင်တွင် ဦးစိုးဝေဖြိုးနှင့် သက်ဆိုင်ခြင်းမရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ဒေါ်မေစိုးစိုး၏ လွှဲအပ်ညွှန်ကြားချက်အရ**

ဒေါ်စုကြည်၊ (LLB)တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၃၉၈)
နေသူရိန်လမ်းအမှတ်(၂)ရပ်ကွက်၊ ပခုက္ကူမြို့၊ (ဖုန်း ၊ ၀၉-၂၆၇၄၀၃၀၈၅)

ငြင်းချက်ထုတ်ရန်ဆင့်စာ
(တရားမကျင့်ထုံးဥပဒေ အမိန့် -၅၊ နည်းဥပဒေ -၂၀)
တောင်ကြီးမြို့ နယ်တရားရုံးတော်
၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ် ၈၇

ဒေါ်ရင်မာဦး နှင့် ဦးဖေသိန်း
တရားလို တရားပြိုင်

တောင်ကြီးမြို့၊ မင်္ဂလာဦးရပ်ကွက်၊ ရှမ်းမျှော်ခင်းလမ်း၊ အမှတ်(၂၂၅) နေ ဦးဖေသိန်း (ယခုနေရပ်လိပ်စာမသိ သိစေရမည်။

သင့်အပေါ်၌ တရားလိုဖြစ်သော ဒေါ်ရင်မာဦးက အိမ်မြေကွက်အရောင်းအဝယ်စာချုပ် မှတ်ပုံတင်ချုပ်ဆိုပေးစေလိုမှုစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့် ဖြစ်စေ ၂၀၂၆ ခုနှစ်၊ ဇွန်လ ၁၉ ရက် (၁၃၈၈ ခုနှစ်၊ ဝါဆိုလဆန်း ၅ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင်အထက်ပါ နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဇွန် လ (၅) ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(အောင်နိုင်ဖြိုး)
တွဲဖက်မြို့နယ်တရားသူကြီး(၂)
တောင်ကြီးမြို့နယ်တရားရုံး

ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 52W/23895 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)

ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်မှတ် 7R/1677 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)

ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

ရပ်စောက်မြို့၊ မြောက်ကွက်သစ်ရပ်ကွက်၊ ဦးပိုင်အမှတ်၁၀၂/က၊ ကွင်း/အကွက်အမှတ်၂/မြောက်ကွက်သစ်အရှေ့ ဧရိယာ(၀.၀၃၈)ကေရှိ နှစ် (၃၀) ဂရန် မြေကွက်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ဒေါ်ငယ် ၁၃/ရစန(နိုင်)၀၁၀၀၁၅ ပိုင်ဆိုင်ပြီး ဂရန်အမည်ပေါက်မှာ သားဖြစ်သူ ဦးမြင့်ဦးအမည်ဖြင့် တည်ရှိနေပြီး၊ သားဖြစ်သူမှာလွန်ခဲ့သော (၁၂) နှစ်ကကွယ်လွန်ပြီးဖြစ်ပါသည်။ ထို့ကြောင့်အထက်ပါမြေကွက်အား ပိုင်ဆိုင်သူဒေါ်ငယ်မှ ရောင်းချမည်ဖြစ်သည်။ အရောင်းအဝယ်ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ငယ်၏လွှဲအပ်ချက်အရ-
ဦးကျော်ကျော်ရဲစိုး အထက်တန်းရှေ့နေ စဉ်(၄၁၀၈၅)
ဖုန်း-၀၉၇၅၃၇၅၈၂၂၃

အထွေထွေကိုယ်စားလှယ်လွှဲစာအား ပြန်လည်ရုပ်သိမ်းကြောင်း ကြေညာခြင်း

ကလောခရိုင်၊ ကလောမြို့၊ အမှတ်(၆)ရပ်ကွက်နေ ဦးတင်မိုးထွေး ၁၀/မဒန(နိုင်)၁၂၀၁၂၂ မှ ကလောခရိုင်၊ ကလောမြို့၊ အမှတ်(၆)ရပ်ကွက်နေ ဒေါ်နှင်းသီရိ ၁၃/ညရန(နိုင်)၀၆၁၄၁၆အား ကလောမြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ (၄-၉-၂၀၂၅)ရက်နေ့တွင် လွှဲအပ်ပေးခဲ့သော အထွေထွေကိုယ်စားလှယ်စာအမှတ် (၃၄၃/၂၀၂၃) ပြန်လည်ရုပ်သိမ်းကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်နော်အယ်ဆဲကပေါ်(LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၂၁၈)
အမှတ်(၁၀)ရပ်ကွက်၊ ကလောမြို့၊ ဖုန်း-၀၉-၄၂၈၃၇၀၁၈၀

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၃၊ ဗိုလ်မှူးဗထူးလမ်း၊ မြေကွက်အမှတ် (၄၀၂)၊ အကျယ် (၂၄၀၀- စတုရန်းပေ)၊ ရှိ ဒေါ်နှင်းစမ်း (ဘ) ဦးအိုက်စိုင်း(၁၃/ဟပတ (နိုင်) ၀၁၂၃၈၀) အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းပေါ်ရှိနေအိမ်တို့၏အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ထံမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ကြောင်း အရှုပ်အရှင်းကင်းကြောင်း၊ ဝန်ခံကတိပြု၍ ဦးအောင်ဇင်ဦး (ဘ)ဦးနေဝင်း(၁၂/ဥကမ (နိုင်) ၁၇၉၂၈၇)၊ အမှတ်- ၁၈၀၊ ခွာညို(၂)လမ်း၊ ၄-ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်နေသူမှ ရောင်းချရန်ကမ်းလှမ်း လာသောကြောင့် ကျွန်ုပ်၏ မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတချို့ကို ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြေညာချက်ပါရှိသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသည့် ပိုင်ဆိုင်မှုအထောက်အထား (မူရင်း) များဖြင့် ကျွန်ုပ်ထံသို့လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်မြောက်သည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ် ကိစ္စကိုပြီးမြောက် အောင်မြင်သည်အထိ ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

ဒေါ်ထားနွယ်ခင် (တရားလွှတ်တော်ရှေ့နေ၊ စဉ်- ၈၀၂၁)
LL.B, D.I.R, D.I.L, D.M.L, DL-101 (WIPO)
ဒေါ်ခိုင်ဇင်ဝင်း (LL.B. D.BL) (တရားလွှတ်တော်ရှေ့နေ၊ စဉ်-၁၃၀၈၈)
အမှတ် ၅၈၁၊ ရွှေပြည်သာ(၂)လမ်း၊ ၃၂ ရပ်ကွက်၊
ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဖုန်း-၀၉- ၅၁၉၇၉၃၂

မွေးသက္ကရာဇ်အမှန်

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့၊ အမှတ် ၅ အခြေခံပညာအထက်တန်းကျောင်း G-11 မှ ဦးစိုးမြင့် ၇/တငန(နိုင်)၀၄၇၈၄၉ ၏သား မောင်ဝေယံလင်း၏ မွေးသက္ကရာဇ်အမှန်မှာ ၃၀.၆.၂၀၁၀ ဖြစ်ပါသည်။

တစ်ဦးတည်း ဖြစ်ပါကြောင်း

မကွေးတိုင်းဒေသကြီး၊ အောင်လံမြို့နယ်၊အခြေခံပညာနှင့် စက်မှုစိုက်ပျိုး၊မွေးမြူရေး(ပြလို့)ကျောင်း Grade-12 မှ မသက်ဝေဦး၏ဖခင်မှာ ဦးကိုမျိုး(ခ)ဦးမောင်မျိုး(ခ)မောင်မျိုး ၈/အလန(နိုင်)၁၀၅၇၇၄မှာ အမည်သုံးမျိုးဖြစ်သော်လည်း လူပုဂ္ဂိုလ်တစ်ဦးတည်းဖြစ်ပါကြောင်း။

အမည်မှန်

ချောက်ခရိုင်၊ ချောက်မြို့နယ် အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်း(အေးစေတီ)Grade-4 မှ ဦးအောင်ကိုဦး ၈/ခမန(နိုင်) ၁၂၆၆၀၅ ၏ သမီး မမြတ်ပြည့်ဆက်၏ အမည်မှန်မှာ မမြတ်သောဟန်နီမေ ဖြစ်ပါကြောင်း။

မွေးသက္ကရာဇ်အမှန်

နေပြည်တော်၊ တပ်ကုန်းမြို့ မြဝတီရပ်ကွက်၊ နယ်မြေ(၅)နေ (ဘ)ဦးတက်တိုး ၏သား ဦးစိန်သန်း (၉/တကန(နိုင်)၀၈၁၉၄၅) ၏ မွေးသက္ကရာဇ်အမှန်မှာ (၁၅.၆.၁၉၆၅) ဖြစ်ပါကြောင်း။

၇.၆.၂၀၂၆ ရက်နေ့တွင် ကျရောက်သည့်
မောင်လင်းထက်အေးမောင် ၏ (၃)နှစ်ပြည့် မွေးနေ့မှသည်
နှစ်ပေါင်းများစွာတိုင်အောင် ကျန်းမာ၍အသက်ရှည်ခြင်း၊
ဘုန်းကံကြီးမားခြင်း၊ အဆင်းလှခြင်း၊ အသိဉာဏ်ပညာ
ကြီးမားခြင်း၊ ခွန်အားကြီးခြင်းတို့ဖြင့်ဘဝတစ်လျှောက်လုံး
ပြည့်စုံပြီး ဗုဒ္ဓဘာသာဝင်ကောင်းတစ်ဦးအဖြစ်
အမျိုးဘာသာသာသနာကို ကာကွယ်စောင့်ရှောက်နိုင်သူတစ်ဦး
ဖြစ်ပါစေကြောင်း မွေးနေ့ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဖိုးဖိုး၊ ဖွားဖွား၊ ဖေဖေ၊ မေမေ၊ ဦးဦး၊ အန်တီများ
ပြင်ဦးလွင် အေးရိပ်ငြိမ်

ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ စီမံခန့်ခွဲလျက်ရှိသော လမ်းသစ်ပြည်သူ့ အငှားအိမ်ရာ၊ တိုက်အမှတ်(A)၊ အခန်းအမှတ်(1102)ကို အိမ်ခန်း ငှားရမ်းခွင့်ရရှိသူ ဦးအောင်ခိုင်သန်း(၉/မရတ(နိုင်)၁၁၅၅၄၂)အစား ဒေါ်သိန်းသူဇာ(၁၂/လမတ(နိုင်)၀၀၀၅၁၄) အမည်ဖြင့် ပြန်လည်ငှားရမ်းနေထိုင်ခွင့်ပြုပါရန် အထောက်အထားစာရွက်စာတမ်းများနှင့်တကွ တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားတင်ပြပြီး ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊
ရန်ကုန်တိုင်းဒေသကြီးညွှန်ကြားရေးမှူးရုံး

အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီခရိုင်၊ မှော်ဘီမြို့နယ်၊ ဘိုးဒေါနကုန်းကျေးရွာအုပ်စု၊ သရက်ညို ပင်ရွာ၊ ရေသိုးချောင်းမြောက်၊ ကွင်းအမှတ် - ၅၁၂ B၊ ဦးပိုင်အမှတ် ၁/၂၊ မြေအမျိုးအစား (R3)၊ ဧရိယာ (၄.၂၀) ကေအတွင်းမှ (အလျား ၄၅ ပေ X အနံ ပေ၆၀) အကွက်အမှတ် (D-10)နှင့် အကျိုးခံစားခွင့်အရပ်ရပ်အား တရားဝင်လက်ရောက်ပိုင်ဆိုင်ထားသူ ဦးမင်းကျော်သူ (၇/ဒဥန(နိုင်)၁၄၈၄၆၆ ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သူ ဦးအောင်ဖြိုးထက် (၁၂/ဥကတ(နိုင်)၁၈၉၃၀၅) နှင့် ဒေါ်မြတ်မြတ်နွယ် (၁၂/ဥကတ(နိုင်)၁၉၀၅၂၉)တို့မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်၍ ငွေအကြေပေးချေမှုကို (၅-၁၂-၂၀၂၆)ရက်တွင် ပြုလုပ်မည်ဖြစ်ပြီး တစ်စုံတစ်ရာကန့်ကွက်ရန်ရှိပါက ခိုင်လုံသောအထောက်အထားများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လူကိုယ်တိုင်ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်၏အမှုသည်ထံသို့ဖြစ်စေ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား "ဥပဒေ"အတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
ဦးကျော်နိုင်ဝင်း (LL.B, D.B.L)
အထက်တန်းရှေ့နေ စဉ် - ၄၂၇၅၂ (၃၀-၉-၂၀၁၃)
(၂/၄)၊ ဗိုလ်စိန်မှန်လမ်း၊ ကျိုက္ကဆံရပ်ကွက်၊ ဗဟန်းမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း - ၀၉-၇၈၃၇၆၆၇၃၀

အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏အမှုသည်ဖြစ်သူ မခင်သီတာထွန်း (ခ) စာဥ (ဘ) ဦးကျော်လွင်၊ အမှတ် (၆)ရပ်ကွက် ၊ ရေတာရှည်မြို့တွင်နေထိုင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ကျွန်ုပ်၏အမှုသည် မခင်သီတာထွန်း (ခ) စာဥသည် ကိုအောင်နိုင်စိုး(ခ) ဖိုးသားဆိုသူနှင့် လွန်ခဲ့သည့်(၈)နှစ်ခန့်ကတည်းက မြန်မာ့ဓလေ့ထုံးတမ်းနှင့်အညီ တရားဝင်အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ခဲ့ပြီး သား(၁)ဦးမွေးဖွားခဲ့ကာ လင်မယားနှစ်ဦးဒိုးတူဘောင်ဘက် စီးပွားရှာခဲ့သောကြောင့် နှစ်ဦးပိုင်လက်ထက်ပွားပစ္စည်းများအဖြစ် လယ်မြေ (၂)ကေ ၊ ကုန်းကွက် (ယာခင်းကွက်) (၈၀)ကေခန့်၊ လိုင်စင်ပါလုပ်ငန်းသုံးဖော်ကား (၃)စီး၊ ထွန်စက်အသစ် (၁)စီး ၊ လိုင်စင်ပါ အိမ်စီးကား (WISH) (၁)စီး ၊ ယိုးဒယားနိုင်ငံ ထုတ် (WAVE)အမျိုးအစား အဖြူရောင် ဆိုင်ကယ်(၁)စီး ၊ ယိုးဒယားနိုင်ငံထုတ် (125- DREAM) ဆိုင်ကယ် (၁)စီး၊ တစ်ကျပ်သားခန့်ရွှေဆွဲကြိုး (၁)ကုံး ၊ လေးကျပ်သားခန့်ရှိရွှေလက်ကောက်(၈) ကွင်း ခြောက်ကျပ်သားခန့်ရှိ ရွှေဆွဲကြိုး (၂)ကုံး ၊ အခြားသူများအားချေးပေးထားသည့်ငွေသိန်း (၁၁၅၀)တို့ ဖြစ်ထွန်းခဲ့ကြောင်း သိရှိရပါသည်။ အဆိုပါ လင်မယားနှစ်ဦးပိုင်ပစ္စည်းများနှင့်ပတ်သက်၍ ပိုင်ဆိုင်ခွင့် ၊ အကျိုးခံစားခွင့် တစ်စုံတစ်ရာရှိမည်ဆိုပါက ခိုင်လုံသောစာမှတ်စာတမ်းအထောက်အများနှင့်တကွ ယခုကြော်ငြာထည့်သွင်းသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်ပြောဆိုနိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက ယင်းပစ္စည်းများနှင့်ပတ်သက်၍ လင်မယားနှစ်ဦးပိုင်ပစ္စည်းအဖြစ် တရားရုံးတွင် တရားစွဲဆိုခွဲဝေဆောင်ရွက်ရန်အတွက် ကျွန်ုပ်၏အမှုသည်မှ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

အမှုသည်၏လွှဲအပ်ညွှန်ကြားချက်အရ
ဦးနေလင်းထွန်း(LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၅၇၂(၂၃-၁-၂၀၂၀)
ကျန်စစ်သားလမ်း၊ အမှတ်(၄)ရပ်ကွက်၊ ရေတာရှည်မြို့

ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြော်ငြာခြင်း

ကလောခရိုင်၊ ညောင်ရွှေမြို့၊ ကံသာရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည် (၁/ကံသာ အနောက်)၊ ဦးပိုင်အမှတ်(၇၉/ခ)၊ မြေကွက်အမှတ် (89/125)၊ ဧရိယာ ၀.၀၃၉ ကေရှိ မြေကွက်အား တောင်ကြီးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၏ ၁၃-၁၁-၂၀၁၉ ရက်စွဲပါ အမှုတွဲ အမှတ် (၁၄၀/၂၀၁၉) အရ နှစ်(၃၀)သက်တမ်းရှိ မြေငှားဂရန်အား ဦးထွန်းရ အမည်ဖြင့် ထုတ်ပေးထားရှိပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်အား ဦးထွန်းရထံမှ ဦးစဝ်သက်နန္ဒဦးသည် ညောင်ရွှေမြို့ စာချုပ်စာတမ်းများမှတ်ပုံတင်ရုံး၏ ၇-၃-၂၀၂၅ရက်စွဲပါ စာချုပ်အမှတ် (၁၀/၂၀၂၅)အရ ချုပ်ဆိုဝယ်ယူခဲ့ပြီးဖြစ်၍ ဦးစဝ်သက်နန္ဒဦး (၁၃/တကန(နိုင်)၁၉၅၉၉၃) အမည်ဖြင့် မြေငှားဂရန် (အမည်ပြောင်း) လျှောက်ထားလာမှုအပေါ် မည်သူမဆိုကန့်ကွက်လိုပါက ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅) ရက်ပြည့်မြောက်သည့်ရက်အတွင်း ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကလောခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက လျှောက်ထားလာမှုအား ဥပဒေ၊ လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊
ကလောမြို့

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၁၂)၊ နယ်မြေ(၁၉)၊ အကွက်အမှတ်(၄၇/ခိုလောင်းရပ်)၊ ဦးပိုင်(၁၂၃)၊ ဧရိယာ(၀.၂၇၅)ကေ၊ အမှုတွဲအမှတ်၊ ၃၃၆-၅/၂၀၁၉-၂၀၂၀(အေ)၊ ဦးအိုက်ကျိန်း၊ ၁၃/လရန(နိုင်)၀၃၆၉၀၆ အမည်ပေါက်မြေကွက်အား မူလအမည်ပေါက်သူ ဦးအိုက်ကျိန်း၊ ၁၃/လရန(နိုင်)၀၃၆၉၀၆မှ စာချုပ်အမှတ်(၈၆၊/၂၀၂၆) ဖြင့် ဒေါ်နန်းဆောလှိုင် ၁၃/သနန(နိုင်)၀၀၅၃၈၈၊ ဦးစိုင်းဟောသာ၊ ၁၃/သနန(နိုင်) ၀၆၂၈၉၀၊ ဒေါ်နန်းလွှမ့်ခမ်း ၁၃/သနန(နိုင်)၀၅၁၀၁၄သို့ ရောင်းချပြီးဖြစ်သဖြင့် ဒေါ်နန်းဆောလှိုင်ပါ (၃)ဦးအမည်ဖြင့် ဦးပိုင်ခွဲစိတ်ခွင့်လျှောက်ထားလာရာ ကန့်ကွက်လိုသူများရှိပါက သတင်းစာပါသည့်ရက်မှ(၂၁)ရက်အတွင်း အထောက်အထား ခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်တင်ပြသူမရှိပါက ဒေါ်နန်းဆောလှိုင်ပါ(၃)ဦးအမည်ဖြင့် ဦးပိုင်ခွဲစိတ်ခွင့် လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပါသည်။ **ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့**

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၁၂)၊ နယ်မြေ(၁၉)၊ အကွက်အမှတ်(မန်ဆူတိုးချဲ့အဆင့်-၆)၊ ဦးပိုင်(၃၅၁)၊ ဧရိယာ(၀.၀၉၆) ကေ၊ အမှုတွဲအမှတ်၊ ၁၀၉-၅/၁၉၉၉-၂၀၀၀(စီ)၊ ဒေါ်ကြူပင်ကြိမ်၊ ၁၃/လရန(နိုင်)၀၅၁၁၅၃ အမည်ပေါက်မြေကွက်အား မူလအမည်ပေါက်သူ ကွယ်လွန်သွားသဖြင့် ၎င်း၏ခင်ပွန်းဖြစ်သူ ဦးအိုက်ဝူး ၁၃/လရန(နိုင်)၀၅၇၉၀၀ မှ ဒေါ်နန်းခင်သူ၊ ၁၃/သနန(နိုင်)၀၄၄၂၂၆ ထံသို့ စာချုပ်အမှတ်(၁၁၉၊/၂၀၂၆)ဖြင့် ရောင်းချပြီးဖြစ်သဖြင့် ဒေါ်နန်းခင်သူ အမည်ဖြင့် အမည်ပြောင်းထပ်မံအသစ် လျှောက်ထားလာရာ ကန့်ကွက်လိုသူများရှိပါက သတင်းစာပါသည့်ရက်မှ (၂၁)ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်တင်ပြသူမရှိပါက ဒေါ်နန်းခင်သူအမည်ဖြင့် အမည်ပြောင်းထပ်မံအသစ်လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပါသည်။ **ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့**

ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

